## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
## (၃၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် )

[ကြာသပတေးနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

### အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

### အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၉.၉၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော် ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များ သက်တမ်းတိုးရာတွင် One Stop Service အဖြစ် လုပ်ကိုင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က ရန်ကုန်မြို့ရှိ မော်တော်ယာဉ်များ သက်တမ်းတိုးရာတွင် One Stop Service အဖြစ် လုပ်ကိုင်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကနေ့ ရန်ကုန်မြို့ရဲ့သင်္ကေတကို ပြောပါဆိုလို့ရှိရင်တော့ မော်တော်ယာဉ်ကြောရှုပ်ထွေးကျပ်တည်းခြင်းကိုပဲ ပြောရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာ တစ်နေရာနဲ့ တစ်နေရာ သွားလာဖို့က အလွန်ခက်ပါတယ်။ ဒီအချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းဖြစ်နေတာပါ။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်ဥပမာတစ်ခုအဖြစ် တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၀) တုန်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ ယာဉ်ကြောရှုပ်ထွေးတဲ့အခါမှာ Texi တစ်စီးကို ငှားစီးပါတယ်။ စီးတဲ့အခါမှာ Texi ကတစ်နေရာနဲ့ တစ်နေရာကို ဘယ်လိုမှမရွေ့ပေမယ့် Texi ထဲမှာရှိတဲ့ မီတာက တရိပ်ရိပ်တက်နေပါတယ်။ အဲဒါနောက်ဆုံးကျတော့ ကျွန်တော် ကားပေါ်ကနေဆင်းပြေးခဲ့ရတဲ့ ဘဝ ရောက်ပါတယ်ပေ့ါနော်။ အဲဒီတော့ တင်ပြချင်တာကတော့ ဒီယာဉ်ကြောပိတ် ရှုပ်ထွေးကြပ်တည်းခြင်းဟာ ငွေကုန်ခြင်းဆိုတာကို ကျွန်တော်တင်ပြလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယာဉ်ကြောတွေ ဘာကြောင့် ရှုပ်ထွေးကြပ်တည်းသလဲ ဆိုလို့ရှိရင်တော့ မော်တော်ယာဉ်များပြားလို့ပါ။ ဒါပေမဲ့ ဒီမော်တော်ယာဉ်တွေ များပြားရတယ်ဆိုတာ မော်တော်ယာဉ်တွေဟာနှစ်စဉ်မှာဆိုလို့ရှိရင် မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးကို သက်ဆိုင်ရာဌာနမှာ

လုပ်ရပါတယ်။ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုလို့ရှိရင် မော်တော်ယာဉ် လိုင်စင်သက်တမ်းတိုး လိုင်စင်တွေကို သက်ဆိုင်ရာခရိုင်တွေမှာ လုပ်ပါတယ်။ မော်တော်ယာဉ်သက်တမ်းတိုး လိုင်စင်လုပ်မယ် ဆိုလို့ရှိရင် (၁) မီးရထားဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ က.ည.နမှာ မော်တော်ယာဉ်စစ်ဆေးခြင်း၊ ယာဉ်မှတ်ပုံတင် စာအုပ်စစ်ဆေးခြင်းတွေကိုလုပ်ရပါတယ်။ ဒုတိယအချက်ကတော့ ဒီမော်တော်ယာဉ် တွေဟာ ပြစ်မှုရှိတယ်ဆိုလို့ရှိရင် ပြည်ထဲရေးဝန်ကြီးဌာန ယာဉ်ထိန်းရုံးမှာ ကျွန်တော်တို့ ယာဉ်အမှု စစ်ရပါတယ်။ ဒီပြစ်မှုနဲ့ ပတ်သက်လို့ ပြစ်မှုရှိတယ်ဆိုလို့ရှိရင် သက်ဆိုင်ရာ တရားရုံးမှာ ဒဏ်ငွေတွေ ဘာတွေ၊ ပြစ်ဒဏ်အတွက် ဒဏ်ငွေတွေ ဆောင်တာလုပ်ရပါတယ်။ (၄) အချက်ကတော့ ဒီမော်တော်ယာဉ်ဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှာ မှတ်ပုံတင် ထားတဲ့အတွက် ဒီရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သတ်မှတ်တဲ့ အခွန်အခတွေ သွင်းရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီယခုတင်ပြပါ လုပ်ငန်းတွေနဲ့ ပတ်သက်လို့ One Stop Service တွေ ကျွန်တော်တို့ရပါတယ်။ လွယ်လွယ်ကူကူလည်း လုပ်ဆောင်ပေးနေကြပါတယ်။ ဒါအတွက်လည်း ကျွန်တော်တို့ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးတစ်ခုဖြစ်တဲ့ မော်တော်ယာဉ်အာမခံတွေနဲ့ ပတ်သက်လို့ကတော့ ဘဏ္ဍာအခွန်ဝန်ကြီးဌာနကကောက်တဲ့ မော်တော်ယာဉ်အာမခံတွေကို ဒီနေရာမှာ မရနိုင်ပါဘူး။ ရန်ကုန်မြို့ လူအစည်ကားဆုံး၊ အရှုပ်ထွေးဆုံးဖြစ်တဲ့ လမ်း ၃၀ လိုနေရာမှာ သွားလုပ်ရ ပါတယ်။ သွားလုပ်တဲ့အခါမှာ သာမန်မော်တော်ယာဉ်အတွက်ကတော့ ကျွန်တော်တို့ သူတို့အာမခံကြေး ကောက်ခံတဲ့အခါ ငွေ(၂၀၀၀)လောက်ပဲရှိပါတယ်။ ရုံးလုပ်ငန်းကလည်း လွယ်လွယ် ကူကူလေးပဲ၊ ခဏပဲ သိပ်မကြာလှပါဘူး။ ဒါပေမဲ့ ဒီရုံးကို သွားရတာတွေ၊ လာရတာတွေအတွက် ယာဉ်ကြော ရှုပ်ထွေးမှုတွေ အချိန်ကုန်၊ ငွေကုန်တွေ ဖြစ်တာတွေနဲ့ ကာလတန်ဖိုး တွက်ကြည့်မယ် ဆိုလို့ရှိရင် ငွေ (၁၀၀၀၀)ဖိုးလောက်တောင် ကုန်နေတဲ့ သဘောမျိုးဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဒီသာမန်ရုံး လုပ်ငန်းလေးတစ်ခုပါပဲ။ ရုံးလုပ်ငန်းလေးတစ်ခုကို အချိန်ကုန်၊ ငွေကုန် အများကြီး ပေးနေရတဲ့အလုပ်အတွက် ကျွန်တော် တင်ပြတာပါ။ အရင်တုန်းကတော့ ဒီဟာနဲ့ ပတ်သက်လို့ မသိသာပေမယ့် အခုရန်ကုန်မြို့ရဲ့ ယာဉ်ကြောရှုပ်ထွေးကြပ်တည်းမှုတွေကြောင့် ဒီကိစ္စဟာ အလွန် သိသာတဲ့နေရာခွဲပြီး လုပ်ရတဲ့ကိစ္စ၊ အလွန်ပင်ပန်းခက်ခဲတဲ့ ကိစ္စဆိုတာ သိသာနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာမှာ ကျွန်တော်တို့ ရုံးလုပ်ငန်းနဲ့ ပတ်သက်လို့က On Line စနစ်နဲ့ လုပ်နေပါတယ်။ ဥပမာအားဖြင့် တင်ပြရမယ်ဆိုလို့ရှိရင် အမေရိကန်မှာရှိတဲ့ ကုမ္ပဏီတွေက ရုံးလုပ်ငန်းတွေကို အိန္ဒိယက လုပ်တာပါ။ On Line စနစ်နဲ့ လုပ်နေတာပါ။ ဒီကမ္ဘာကိုတောင်မှ ကျော်ပြီး On Line စနစ်နဲ့ လုပ်နေတဲ့အတွက်ကြောင့် ဒီရန်ကုန်မြို့ လမ်း ၃၀ မှာရှိတဲ့ ဒီရုံးလုပ်ငန်း ကိစ္စတွေကို သက်ဆိုင်ရာဒီခရိုင်ရုံးလေးမှာ လုပ်ဖို့ဆိုတာ အလွယ်တကူပါပဲ။ Computer တွေနဲ့ On Line စနစ်တွေက အလွယ်တကူလုပ်နိုင်တဲ့ ကိစ္စတွေပါ။ အလွယ်တကူပဲလုပ်နိုင်တဲ့ ကိစ္စတွေကို သက်ဆိုင်ရာဝန်ကြီးဌာနက လုပ်ပေးမယ်ဆိုလို့ရှိရင် ပြည်သူ့ပြည်သားတွေက One Stop Service တွေရပြီး မော်တော်ယာဉ်သက်တမ်းကို လွယ်လွယ်ကူကူလုပ်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီ One Stop Service အဖြစ် လုပ်ကိုင်နေတဲ့ ကိစ္စအတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးချန်မောင် (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ် ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်ရဲ့ ရန်ကုန်မြို့မှာရှိတဲ့ မော်တော်ယာဉ်များ သက်တမ်းတိုးရာမှာ One Stop Service အဖြစ် လုပ်ကိုင်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး တော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရုံးများမှာ မော်တော်ယာဉ် သက်တမ်းတိုးရာမှာ လာရောက်ကြတဲ့သူများ လွယ်ကူ အဆင်ပြေချောမွေ့စေရေး အတွက် ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဘီးခွန်၊ ရပ်နား ခွန်၊ လမ်းအိပ်ခွန်တွေကို ကောက်ခံဖို့ အတွက်လည်းကောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ ယာဉ်အမှုစစ်အဖွဲ့မှ သက်တမ်းတိုးမယ့် မော်တော်ယာဉ် ရဲ့ပြစ်မှု၊ ပြစ်ဒဏ်များရှိ၊မရှိ စစ်ဆေးပေးခြင်း၊ ပြစ်ဒဏ်ရှိရင် ဒဏ်ကြေးပေးဆောင် စေခြင်းတို့ကို လည်းကောင်း၊ ယာဉ်သက်တမ်းတိုးဆောင်ရွက်စဉ်မှာ တစ်ပါတည်း ဆောင်ရွက်နိုင်ဖို့ အတွက် ကညန ရုံးအတွင်းမှာပဲ ခုနက ကျွန်တော်တင်ပြတဲ့လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ဒါပေမဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မှတ်ပုံတင်ထားတဲ့ မော်တော်ယာဉ်တွေ နှစ်လဲ သက်တမ်းတိုးရာမှာ ပေးသွင်းရမယ့် သူတပါးထိခိုက်မှုအာမခံကြေး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးများမှာ တပါတည်းပေးသွင်းရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကညန အနေနဲ့ ရုံးအဆောက်အဦ ပေးနိုင်မယ့်အကြောင်းနဲ့ အာမခံရုံးခွဲတစ်ခု ကျွန်တော်တို့ရဲ့ရုံးထဲမှာ လာရောက်ပြီးတော့ ဖွင့်လှစ်ဖို့ကိစ္စ မြန်မာ့အာမခံလုပ်ငန်းနဲ့ ကျွန်တော်တို့ ညှိနှိုင်းခဲ့ပါတယ်။

မြန်မာ့အာမခံလုပ်ငန်းကလည်း ရန်ကုန်မြို့မှာရှိတဲ့ မြန်မာ့အာမခံရုံးချုပ်မှာ သူတပါး ထိခိုက်မှု အာမခံကြေး ပရီမီယံကြေးငွေလက်ခံကောင်တာ(၇)ခု ဖွင့်ပြီးတော့ နေ့စဉ် နံနက်(၉)နာရီ ကနေပြီးတော့ ကောင်တာပိတ်ချိန်(၁၅)နာရီအထိ ယာဉ်အစီးရေ တစ်ရက်ကိုပျမ်းမျှ(၂၀၀၀)ကနေ (၂၅၀၀)လောက်ကို ကွန်ပျူတာစစ်စတန်သုံးပြီးတော့ အချိန်နဲ့တစ်ပြေးညီ လက်ခံဆောင်ရွက် ပေးလျက် ရှိကြောင်း ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနရုံးများမှာ One Stop Service နဲ့ ဆောင်ရွက် နိုင်ရေး အတွက် ပရီမီယံကြေးလက်ခံနိုင်ရန် မြန်မာ့အာမခံရုံးချုပ်နဲ့ Net Work ချိတ်ဆက်ခြင်း၊ လုံလောက်တဲ့ ဝန်ထမ်းအင်အား ဖြည့်စွက်ခန့်ထားခြင်းနဲ့ Computer Server နဲ့ ဆက်စပ်ပစ္စည်းများ ရရှိရန် လိုအပ်ခြင်းတို့အတွက် ပြင်ဆင်ရန် ဆောင်ရွက်ရမယ်ဖြစ်တဲ့အကြောင်းနဲ့ အဲဒီလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ရန်ကုန်မြို့ နှစ်လဲသက်တမ်းတိုး ဆောင်ရွက်

ပေးတဲ့ ကျွန်တော်တို့ရဲ့ ကညန ရုံးတွေမှာ မြန်မာ့အာမခံလုပ်ငန်းက One Stop Service အဖြစ် ပါဝင်လုပ်ကိုင် ဆောင်ရွက်ပေးမယ်လို့ ညှိနှိုင်းရခဲ့ပါတယ်။ အဲဒီ အတွက်ကြောင့် ကျွန်တော်တို့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ရန်ကုန်မြို့ မော်တော်ယာဉ်များ သက်တမ်းတိုးရာမှာ ကညန ရုံးမှာပဲ One Stop Service လုပ်ဆောင်ခြင်းကိစ္စများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကစပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံများကို နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံများကို နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးစောတော်ပလဲ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံများကို နိုင်ငံတော်၏ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးဟာ ပြည်သူလူထုနဲ့ အများဆုံးထိတွေ့တဲ့နေရာဖြစ်တယ်။ ထိုနည်းတူ အခြေခံကျတဲ့ ထိရောက်မှုအများဆုံး အုပ်ချုပ်ရေး ကဏ္ဍဖြစ်တယ်ဆိုတာ ကျွန်တော်တို့ အားလုံးသိရှိပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ သံတောင်ကြီးမြို့နယ်မှာ ရပ်ကွက်(၁၉)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၁)စုရှိပြီးတော့ အုပ်ချုပ်ရေးမှူး (၇၀)ဦးကို ခန့်ထားပေးပြီး အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ ဒီကနေ့အထိ တစ်မြို့နယ်လုံးမှာ အုပ်ချုပ်ရေးရုံ(၆)ရုံးသာရှိပါတယ်။ ရုံးအဆောက်အဦမရှိတဲ့ ကျေးရွာရပ်ကွက် တွေမှာ အုပ်ချုပ်ရေးမှူးတွေဟာ သူတို့ မိမိရဲ့ အိမ်ကိုသော်လည်းကောင်း၊ သင့်လျော်တဲ့နေရာမှာ သော်လည်းကောင်း အသုံးချပြီးတော့ ရုံးဖွင့်လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ အဲဒီလို ရုံး အဆောက်အဦ မရှိတဲ့နေရာမှာ ရုံးဖွင့်တဲ့အတွက်ကြောင့် လုပ်ငန်းအဆင်မပြေမှုတွေ၊ အခက်အခဲတွေ မြောက်များစွာ ဖြစ်ပေါ်တတ်ပါတယ်။ ဥပမာအားဖြင့် ရုံးစာရေးတွေဟာ ရုံးမရှိဘူးဆိုတဲ့ အကြောင်း ပြပြီးတော့ တစ်လလုံးမှ တစ်ခါတောင်မှ သူ့ကျေးရွာကို သူပြန်မရောက်တာမျိုးရှိပါတယ်။ ထိုနည်းတူ မိမိရဲ့အိမ်မှာ ရုံးဖွင့်တဲ့အတွက်ကြောင့် အုပ်ချုပ်ရေးမှူးတွေရဲ့ ကတော်တွေ၊ ဇနီးတွေကလည်း တစ်ခါတလေ အုပ်ချုပ်ရေးမှူးဖြစ်သွားတတ်တာတွေလည်း ရှိပါတယ်။

အုပ်ချုပ်ရေးမှူးတွေ ကိုယ်ထူကိုယ်ထ ရုံးဆောက်ဖို့ဟာ ရန်ပုံငွေကောက်ခံခွင့် မရှိဘူးဆိုတာ သိရပါတယ်။ အဲဒီလို အဆင်မပြေမှုတွေ၊ လိုအပ်ချက်တွေ ကျွန်တော့်မြို့နယ်တင်မကဘူး၊ တစ်နိုင်ငံလုံးမှာ ရှိတယ်လို့လည်း ကြားသိရပါတယ်။ အဲဒါကြောင့်မို့လို့ မေးချင်တာက မေးမြန်းလိုသည်မှာ ရပ်ကွက်၊ ကျေးရွာအုပ်စုရဲ့ အုပ်ချုပ်ရေးမှူးရုံး အဆောက်အဦများကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးဖို့ အစီအစဉ်ရှိ၊ မရှိကို သိရှိလိုပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော် ကရင်ပြည်နယ်၊ အမှတ်(၇)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောတော်ပလဲရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် က ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းမှာ ကျွန်တော်တို့ ရပ်ကွက်ပေါင်း(၃၁၄၉)ခု၊ ကျေးရွာအုပ်စုပေါင်း(၁၃၆၁၀)စု စုစုပေါင်း(၁၆၇၅၉) ခုရှိရာမှာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်လိုမယ်ဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ နိုင်ငံပိုင်အခန်း၊ ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်း အစီအစဉ်ကို ရေးဆွဲပြီးတော့ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ သင့်လျော်တဲ့ မြေနေရာအကျယ်အဝန်းကို ရွေးချယ်ပြီးတော့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနပိုင် မြေအဖြစ် အမည်ပေါက်လျှောက်ထားရမှာဖြစ်ပါတယ်။ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ဘဏ္ဍာရန်ပုံငွေကို ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ကစပြီးတော့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများကို ခွဲခြားဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ပြည်ထောင်စုနယ်မြေအတွင်းမှာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးရုံးများကို ဆောက်လုပ်မယ်ဆိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက နိုင်ငံပိုင်အခန်း၊ ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းစာရင်းတွေကို (၅)နှစ်စီမံကိန်း ရေးဆွဲပြီးတော့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်ကို တင်ပြရမှာဖြစ်ပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်မှ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးထံ စိစစ်တင်ပြရမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ စိစစ်ထောက်ခံချက်နဲ့ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ရုံးချုပ်ကို ပေးပို့တင်ပြရပါတယ်။ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီး

ဌာနဟာ နှစ်စဉ် စီမံကိန်းများကို သတ်မှတ်ထားတဲ့ ပုံစံဖြင့်ရေးဆွဲပြီး တင်ပြပါ(၅)နှစ် စီမံကိန်း ရေးဆွဲတဲ့အတိုင်း တင်ပြဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဆိုပါ နှစ်စဉ်စီမံကိန်းများကို စီမံကိန်း ရေးဆွဲရေးဦးစီးဌာန ရုံးချုပ်ရဲ့ စိစစ်ထောက်ခံချက်နဲ့ ရသုံးခန့်မှန်းခြေငွေစာရင်းဦးစီးဌာန ရုံးချုပ်ကို ဆက်လက်တင်ပြပေးပို့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများကို ဆောက်လုပ်လိုပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နိုင်ငံပိုင်အခန်း ရင်းနှီး မြှုပ်နှံမှု ငွေလုံးငွေရင်းအစီအစဉ်ကို (၅)နှစ်စီမံကိန်း ရေးဆွဲပြီးတော့ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှတစ်ဆင့် တိုင်းဒေသကြီး၊ ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနကို ပေးပို့ရပါတယ်။ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ နှစ်ရှည်စီမံကိန်းကို သတ်မှတ်ထားတဲ့ပုံစံနဲ့ ရေးဆွဲပြီး အထက်တင်ပြပါ (၅)နှစ်စီမံကိန်း ရေးဆွဲတဲ့အတိုင်း တင်ပြဆောင်ရွက်ရပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနဲ့ ရသုံးခန့်မှန်းခြေ ငွေစာရင်း ဦးစီးဌာနတို့က တိုင်းဒေသကြီး၊ ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်း သာမန်ငွေလုံးငွေရင်း စာရင်းများကို စုစည်းပေါင်းချုပ်၍ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကို တင်ပြရမှာဖြစ်ပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနမှ ရသုံးခန့်မှန်းခြေ ငွေစာရင်း သာမန်ငွေလုံးငွေရင်းများကို စုစည်းပေါင်းချုပ်၍ ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနရုံးချုပ်ကို ဆက်လက်စိစစ် တင်ပြရမှာ ဖြစ်ပါတယ်။ ရသုံးခန့်မှန်းခြေငွေစာရင်း ဦးစီးဌာန ရုံးချုပ်မှ ပြည်ထောင်စုရသုံး ခန့်မှန်းခြေငွေစာရင်း သာမန်ငွေလုံးငွေ ရင်းစာရင်းနဲ့ တိုင်းဒေသကြီး၊ ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်း သာမန်ငွေ လုံးငွေရင်းစာရင်းများကို စိစစ်ထောက်ခံချက်ဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေမူကြမ်းတင်ပြပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသော ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေနဲ့အညီ ရန်ပုံငွေ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများကို နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေဖြင့် ဆောက်လုပ်လိုပါက ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များအနေဖြင့် (၅)နှစ်စီမံကိန်း ရေးဆွဲရေး အစီအစဉ်တွင် ထည့်သွင်း၍ နှစ်စဉ် နိုင်ငံပိုင်အခန်း၊ ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အစီအစဉ်ရေးဆွဲပြီး နိုင်ငံတော်ရဲ့ ခွင့်ပြုဘဏ္ဍာငွေဖြင့် ဆောင်ရွက်နိုင်ပါကြောင်း ပြန်လည်ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်နှင့် နှစ်(၆၀)မြေငှားဂရမ်ရရှိထားပြီးသော နယ်မြေဧရိယာအား သုဝဏ္ဏသိင်္ဂီဒေါ်စိန်ထွေးမှ အဆင့်မြင့်လုံးချင်း အိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခြင်းတို့အပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ အဆင့်ဆင့်ဆောင်ရွက်ပေးနေမှုအား ပြန်လည် စိစစ်ပေးပါရန် နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီက ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀)မြေငှားဂရမ် ရရှိထားပြီးသော နယ်မြေဧရိယာအား သုဝဏ္ဏသိင်္ဂီ ဒေါ်စိန်ထွေးမှ အဆင့်မြင့်လုံးချင်း အိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခြင်းတို့အပေါ် သက်ဆိုင်ရာ ဌာနအသီးသီးမှ အဆင့်ဆင့်ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးအောင်ငြိမ်း (ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက် နေသူလည်းဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဆောက်လုပ် နေထိုင်ခွင့်လက်မှတ် နှစ်(၆၀)မြေငှားဂရမ် ရရှိထားပြီးသော နယ်မြေဧရိယာအား သုဝဏ္ဏသိင်္ဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့်လုံးချင်း အိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုခြင်းနှင့် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာခြင်း တို့အပေါ် သက်ဆိုင်ရာ ဌာနအသီးသီးမှ အဆင့်ဆင့် ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန် တင်ပြခြင်းကိစ္စမေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒေါက်တာခင်ရွှေ၊ ဥက္ကဋ္ဌ၊ ကယ်ဆယ်ရေးနှင့် ဒုက္ခသည်များ ကူညီ စောင့်ရှောက်ရေးကော်မတီ အမျိုးသားလွှတ်တော်က အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီသို့ ၁၈-၂-၂၀၁၄ ရက်စွဲပါစာဖြင့် ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်နှင့် နှစ်(၆၀)မြေ ငှားဂရမ်ရရှိထားပြီးသော နယ်မြေဧရိယာအား သုဝဏ္ဏသိင်္ဂီ ဒေါ်စိန်ထွေးမှ အဆင့်မြင့် လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုခြင်းနဲ့ လယ်ယာ မြေအား ဥယာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာခြင်းတို့အပေါ် သက်ဆိုင်ရာ ဌာနအသီးသီးမှ အဆင့်ဆင့်ဆောင်ရွက်ပေးနေမှုအား ပြန်လည်စိစစ်ပေးပါရန် တင်ပြ တိုင်ကြားလာခဲ့ ပါတယ်။

တင်ပြတိုင်ကြားစာ အကျဉ်းချုပ်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနဲ့ အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနသည် ၁၉၉၀ ခုနှစ်မှစ၍ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယာဉ်မြို့တော်အား စီမံကိန်းနေရာ

သတ်မှတ်ခဲ့၍ အိမ်ရာနှင့်စက်မှုဇုန်စီမံကိန်းတို့ကို ဖော်ထုတ်ခဲ့ပါကြောင်း၊ ၁၉၉၈ ခုနှစ်တွင် ဇေကမ္ဘာ ကုမ္ပဏီ၏ အဆိုပြုချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် အကျိုးတူပူးပေါင်း၍ မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မင်္ဂလာဒုံ ဥယျာဉ်မြို့တော် စီမံကိန်းမြေနေရာအတွက် လယ်ယာမြေမှအပ အသုံးပြုရန် သတ်မှတ်ထားသည့် နည်းလမ်း အတိုင်း ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၆-၇-၁၉၉၇ ရက်စွဲဖြင့် အသုံးပြုခွင့် အမိန့်စာ အမှုတွဲအမှတ် ၁၄/လန (မင်္ဂလာဒုံ)/ ၉၇ ဖြင့် ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းနှင့် ပါဝင်ခဲ့သော commercial area ထင်ရှူးရိပ်သာ(၂) မြေ ကွက် အမှတ် (၁၄၃)၊ ဧရိယာ (၄၃.၂၄၁) ဧကအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောက်လုပ် နေထိုင်ခွင့်လက်မှတ်နှင့် နှစ်(၆၀) မြေငှားဂရန်တို့ကို ဇေကမ္ဘာ ကုမ္ပဏီသို့ ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဖော်ပြပါမြေဧရိယာအတွက် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ မြေကွက်ဖိုး ပေးသွင်းခြင်း ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်နှင့် နှစ်(၆၀) မြေငှားဂရန် ထုတ်ယူခြင်းတို့ကို ဇေကမ္ဘာကုမ္ပဏီမှ ဆင့်ကဲဆင့်ကဲ ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် ၎င်းမြေနေရာ၌ commercial အဆောက်အဦ ဆောက်လုပ်ရန်အတွက် မြေဖို့ခြင်းနှင့် ခြံစည်းရိုး ကာရံခြင်းတို့ ဆောင်ရွက်နေစဉ် မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး ကျေးရွာမှ ဦးမြင့်သိန်းနှင့် ဦးဇော်လေး တို့က လူစု လူဝေးဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ဟန့်တားနှောင့်ယှက် တားဆီးမှုများ ပြုလုပ်လာသောကြောင့် မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးမှ လူစုလူဝေးများဖြင့် ရုန်းရင်းဆန်ခတ်မှု မဖြစ်ပေါ်စေလိုသည့်အတွက်ကြောင့် ကုမ္ပဏီ၏လုပ်ငန်းကို ရပ်ဆိုင်းရန် ဇေကမ္ဘာကုမ္ပဏီသို့ အကြောင်းကြားစာ ပေးပို့ခဲ့ပါကြောင်း၊ လူစုလူဝေးများဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ရာဇဝတ်မှု ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားအောင် ဦးဆောင်လှုံ့ဆော်ခဲ့သူ ဦးမြင့်သိန်း နှင့် ဦးဇော်လေး တို့အား ဇေကမ္ဘာ ကုမ္ပဏီက မင်္ဂလာမြို့နယ်တရားရုံး၏ ဥပဒေကြောင်းအရ တရားစွဲဆိုထားပါကြောင်း၊ ဇေကမ္ဘာကုမ္ပဏီမှ ဖော်ပြပါနေရာတွင် စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာဌာနများသို့ တင်ပြအကြောင်းကြားစာ အပေါ် မင်္ဂလာဒုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၏ ၃-၁-၂၀၁၄ ရက်စွဲဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထံ တင်ပြရာတွင် အဆိုပါမြေနေရာသည် ခိုင်သစ္စာ ကျောက်မျက် ရတနာရောင်းဝယ်ရေး လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့်လုံးချင်း အိမ်ရာများ တည်ဆောက်လိုသဖြင့် လယ်ယာမြေကို အခြားနည်း အသုံးပြုပေးရန် တင်ပြ လျှောက်ထားမှုအပေါ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံတင်ပြထားကြောင်းလည်း သိရှိရပါကြောင်း၊ ထို့အတူ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး က ၎င်းမြေပေါ်တွင် အဆင့်မြင့်လုံးချင်းအိမ်ရာများ တည်ဆောက်လိုသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုရန် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားပြီး ဖြစ်သည့်အပြင် သက်ဆိုင်ရာ ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင် အဆင့်ဆင့်တို့၏ ထောက်ခံတင်ပြချက်များဖြင့် တင်ပြထား ပြီးဖြစ်ကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကလည်း ကွင်းဆင်းပြီးဆောင်ရွက် နေကြောင်းကို ဖော်ပြ၍ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး၏ ၄-၁-၂၀၁၄ ပါ ရက်စွဲပါကန့်ကွက်ထားမြစ် အကြောင်းကြားစာကို ဇေကမ္ဘာကုမ္ပဏီသို့ပေးပို့လာပါကြောင်း၊ ထို့အတူ မင်္ဂလာဒုံမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးထံမှ အုပ်ချုပ်ရေးမှူးရုံး၏ ၅-၁-၂၀၁၄ ရက်စွဲဖြင့် လုပ်ငန်းရပ်ဆိုင်းထားရန်

အကြောင်းကြားစာနှင့် သယ်န်းကျွန်းကြီးကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ၉-၁-၂၀၁၄ ရက်စွဲ ဖြင့် လုပ်ငန်းရပ်ဆိုင်းထားရန် အကြောင်းကြားစာတို့ကို ဇေကမ္ဘာကုမ္ပဏီသို့ ပေးပို့ခဲ့ပါကြောင်း၊ ဇေကမ္ဘာကုမ္ပဏီကလည်း ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ၁၀-၁-၂၀၁၄ ရက်စွဲဖြင့် ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံ လိပ်မူ၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ထံ မိတ္တူပေးပို့ကာ လိုအပ်သည်များ ညှိနှိုးဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ တင်ပြချက်ကို ပေးပို့ခဲ့ပါကြောင်း၊ ထို့နောက် သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေးသည် ယင်းလယ်မြေဧရိယာ ဧက (၄၀) ကျော်အား စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်ရာတွင် အောင်မြင်မှုမရှိသဖြင့် ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲလိုကြောင်း၊ ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာနသို့ ၂၉-၁-၂၀၁၄ ရက်နေ့တွင် ပြန်လည် လျှောက်ထားခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၈-၁-၂၀၁၄ရက်နေ့ ရက်စွဲပါစာ အမှတ် ၂/ ဥ-၂ (စီးပွား)၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့တော်မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေ နည်းဥပဒေ ပုဒ်မ ၇၃ အရ မြို့နယ်မြေစာရင်းဌာန၏ အစီရင်ခံစာနှင့်အတူ ၃၁-၁-၂၀၁၄ ရက် ရက်စွဲပါစာအမှတ် ၅/မအ-၄/၂၀၁၄ဖြင့် မင်္ဂလာဒုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုပါရန် တင်ပြခဲ့ပါကြောင်း၊ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးရုံးခန်း၌ ၃-၂-၂၀၁၄ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ပြုလုပ်သော ၂၀၁၂ ခုနှစ်လယ်ယာမြေနည်းဥပဒေ ပုဒ်မ ၂၈ (က)အရ လယ်ယာမြေကို စပါးသီးနှံအမျိုးအစား ငှက်ပျော၊ ရှောက်၊ သံပုရာ၊ အစားထိုး ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး ၏ လျှောက်ထားခြင်းနှင့်ပတ်သက်၍ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု၏ အစည်းဝေးမှတ်တမ်းအမှတ်စဉ် ၁/၂၀၁၄ ဆုံးဖြတ်ချက်အရ ဆုံးဖြတ်ချက် အပိုဒ် ၈ (ခ) အရ ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း၊ ၃-၂-၂၀၁၄ ရက်နေ့ ၁၃း၀၀ နာရီအချိန်တွင် မင်္ဂလာဒုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်း၌ပြုလုပ်သည့် ဇေကမ္ဘာကုမ္ပဏီနှင့် သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး တို့၏ လယ်ယာမြေ ပိုင်ဆိုင်ခွင့် မြေကိစ္စ ညှိနှိုင်း အစည်းအဝေးမှတ်တမ်းတို့တွင် ဇေကမ္ဘာကုမ္ပဏီက မြေကွက်ပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ တင်ပြပြီး ဆွေးနွေးခဲ့သော်လည်း သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး ဘက်မှ ၎င်းမြေပေါ်တွင် အဆင့်မြင့် လုံးချင်းအိမ်ရာများ တည်ဆောက်လို၍ လယ်ယာမြေကို အခြားနည်းဖြင့်သုံးစွဲခွင့်ပြုရန် ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားဆဲသာ ဖြစ်ကြောင်းကို ဆွေးနွေးတင်ပြခဲ့ပါကြောင်း၊ ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာန၏ အစီရင်ခံသော လုပ်ငန်းစာတွဲနှင့်အတူ ၄-၂-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁/လယ်/၂၀၁၄/ မင်္ဂလာဒုံဖြင့် အတွင်းရေးမှူး ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ရန်ကုန်မြောက်ပိုင်း ခရိုင်သို့ လယ်ယာမြေအား ဥယျာဉ်မြေ ခြံမြေအဖြစ် ပြောင်းလဲ တင်ပြခွင့်ပြုပါရန် တင်ပြသည့်ကိစ္စကို ပေးပို့ခဲ့တင်ပြခဲ့ပါကြောင်း၊ ခရိုင်မြေစာရင်းဦးစီးဌာန မြောက်ပိုင်းခရိုင် အင်းစိန်၏ အစီရင်ခံစာသော လုပ်ငန်းစာတွဲနှင့်အတူ ၄-၂-၂၀၁၄ ရက်စွဲပါ စာအမှတ် ၁၀၇၆/ဏ-၉ /၂၀၁၄ဖြင့် ဥက္ကဋ္ဌ ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ ရန်ကုန်မြောက်ပိုင်း ခရိုင် အင်းစိန်သို့ ဆက်လက်ပေးပို့တင်ပြခဲ့ပါကြောင်း၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ဖော်ပြပါ မြေကွက်နေရာသို့ ၉-၂-၂၀၁၄ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ပါကြောင်း၊ သို့ပါ၍ ရန်ကုန်တိုင်း ဒေသကြီး မင်္ဂလာဒုံမြို့တော်စီမံကိန်း၌ ပါဝင်ခဲ့သော commercial area ထင်းရှူးရိပ်သာ (၂) ၏ မြေကွက်အမှတ် (၁၄၃) ဧရိယာ (၄၃.၂၄၁) ဧက အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀)မြေငှားဂရန် ရရှိထား

ပြီးသော နယ်မြေဧရိယာအတွင်း၌ သုခမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့် လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုပါသဖြင့် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်ပြုရန် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန အသီးသီး၏ အဆင့်ဆင့်ဆောင်ရွက်ပေးနေမှုများသည် လုပ်ထုံးလုပ်နည်းနဲ့ မညီဘဲ ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပေါ်လျက် ရှိသည့် လယ်ယာမြေများအား အခြားနည်းဖြင့် အသုံးပြုခြင်း ခါတ်ဆီဆိုင်၊ လူနေအိမ်နှင့်စက်ရုံများ တည်ဆောက်နေမှုများကို ဆောင်ရွက်နေသဖြင့်ယခုကိစ္စအပေါ် အခြေခံ၍ ပြန်လည်စိစစ်ပေးပါရန် တင်ပြခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ တင်ပြတိုင်ကြားစာအပေါ် ပြည်သူတို့၏ တိုင်ကြားစာကော်မတီ အနေဖြင့် အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါတယ်။ တင်ပြစာအရ တင်ပြသူ ဒေါက်တာခင်ရွှေ သည် အချင်းဖြစ်ပွားသောမြေနှင့်ပတ်သက်၍ ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် အမှုတွဲအမှတ် ၁၄/ လန မင်္ဂလာဒုံ/ ၉၇ ဖြင့် လယ်ယာမြေကို သတ်မှတ်ထားသည့်နည်းလမ်းအတိုင်း အသုံးပြုခွင့် အမိန့်စာရရှိထားသူဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးထားသော ဆောက်လုပ်နေထိုင်ခွင့်လက်မှတ် ရရှိထားသူ ဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရတဲ့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ထုတ်ပေးထားသော နှစ်(၆၀) မြေငှားဂရန် ရရှိပိုင်ဆိုင်ထားသူဖြစ်ကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ဒေါက်တာခင်ရွှေ တရားဝင်ခွင့်ပြုမိန့် ရရှိထားသောမြေပေါ်တွင် ခိုင်သစ္စာ ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုခမ္မသိင်္ဂီ ဒေါ်စိန်ထွေး က အဆင့်မြင့်လုံးချင်းအိမ်ရာဆောက်လိုသဖြင့် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ပေးပါရန် တင်ပြလျှောက်ထားလာမှုအပေါ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံတင်ပြထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အတူ အချင်းဖြစ်မြေပေါ်တွင် အဆင့်မြင့် လုံးချင်းအိမ်ရာများ တည်ဆောက်သဖြင့် လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုရန် သုခမ္မသိင်္ဂီ ဒေါ်စိန်ထွေး က သက်ဆိုင်ရာ ကျေးရွာအုပ်စု မြို့နယ်၊ ခရိုင်ထောက်ခံချက်များဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြလျှောက်ထားပြီး ဖြစ်သည့်အပြင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှလည်း ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်လျက် ရှိကြောင်းလည်း တွေ့ရှိရပါတယ်။

ထို့နောက် သုခမ္မသိင်္ဂီ ဒေါ်စိန်ထွေးသည် အချင်းချင်း မြေဧက (၄၀)ကျော်အား စပါးသီးနှံ စိုက်ပျိုးထုတ်လုပ်ရာတွင် အောင်မြင်မှု မရှိသဖြင့် ငှက်ပျော၊ ရှောက်၊ သံပုရာ စသည့် သီးနှံများ စိုက်ပျိုးရန် ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲလိုကြောင်း ဦးစီးမှူး ရန်ကုန်မြို့တော် မြေစာရင်း ဦးစီးဌာနသို့ ၂၉-၁-၂၀၁၄ ရက်နေ့တွင် ပြန်လည် လျှောက်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာနမှ လယ်ယာမြေနည်းဥပဒေ ပုဒ်မ ၇၃ အရ မြို့နယ်မြေစာရင်းဦးစီးဌာန၏ အစီရင်ခံစာနှင့်အတူ မင်္ဂလာဒုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲ ဆောင်ရွက်ခွင့်ပြုရန် တင်ပြထားသည်ကို တွေ့ရှိရပါတယ်။

အဆိုပါ တင်ပြချက်ကို မင်္ဂလာဒုံမြို့နယ် ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ပြုလုပ်သော မြို့နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး ၏ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိ သဘောတူကြောင်း ဆုံးဖြတ်ထားသည်ကိုလည်း စိစစ်တွေ့ရှိရပါတယ်။ ဒေါက်တာခင်ရွှေ ၏ တင်ပြချက်အရ အချင်းမဖြစ်ပွားမီ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါက်တာခင်ရွှေ အနေဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြနိုင်သော်လည်း သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး အနေဖြင့် မည်ကဲ့သို့လက်ဝယ်ပိုင်ဆိုင်ထားသည်ကို သိရှိနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်တို့မှ တိကျမှန်ကန်စွာ အထောက်အထားများနှင့်တကွ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်း၌ ပါဝင်ခဲ့သော commercial area ထင်းရှူးရိပ်သာ (၂) ၏ မြေကွက်အမှတ် (၄.၂၄၁) ဧက အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀) မြေငှားဂရန်ရရှိထားပြီးသော ဒေါက်တာခင်ရွှေ လက်ဝယ်ပိုင်ဆိုင်သည့် မြေဧရိယာကို သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့်လုံးချင်း အိမ်ရာများဆောက်လုပ်လိုခြင်း လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ပြုရန် လယ်ယာမြေအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲ သုံးစွဲခွင့်ပြုရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ပေးနေမှုများသည် ဥပဒေလုပ်ထုံး လုပ်နည်းနှင့် ညီ၊ မညီ အလေးအနက်ထားစိစစ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကော်မတီ၏ စိစစ်တွေ့ရှိချက်များအရ တင်ပြသူ ကာယံရှင် နစ်နာမှုမရှိစေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်တို့မှ ကွင်းဆင်းစစ်ဆေး၍ ဥပဒေလုပ်ထုံး လုပ်နည်းနှင့် အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤကော်မတီ၏ ၃၁-၁-၂၀၁၄ ရက်နေ့ပါ စာအမှတ် ၂/အမ(ကော်မတီ-၂)၆/၂၀၁၄ -၁၆၀ ကို ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။

သို့ပါ၍ တင်ပြသူကာယကံရှင် နစ်နာမှုမရှိစေရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှ တစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (၁) အမျိုးသား လွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ ၃၁-၃-၂၀၁၄ ရက်စွဲပါစာအမှတ် ၂ / အမ (ကော်မတီ-၂) ၆/၂၀၁၄-၁၆၀ ဖြင့် တာဝန်ရှိသူအဆင့်ဆင့်တို့မှ ကွင်းဆင်းစစ်ဆေး၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပေးပို့ထားမှုအပေါ် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ထားသည်၊ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး၊ မပြီး။ (၂) ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ၁၉၉၀ ခုနှစ်မှစ၍ မင်္ဂလာဒုံဥယျာဉ်မြို့တော် စီမံကိန်းနေရာ သတ်မှတ်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဇေကမ္ဘာကုမ္ပဏီ၏ အဆိုပြုချက်အရ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းကာ မင်္ဂလာဒုံဥယျာဉ် မြို့တော်အိမ်ရာ စီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း မည်သည့် အတွက်ကြောင့် ဒေါက်တာခင်ရွှေ ၏ လုပ်ငန်းများ ဆောင်ရွက်ခွင့်ကို ပိတ်သိမ်းထားသည်။ မေးခွန်း(၃) ဒေါက်တာခင်ရွှေ အနေဖြင့် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်စွဲပါ အမှုတွဲအမှတ် ၁၄/ လန မင်္ဂလာဒုံ/၉၇ ဖြင့် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးပြုခွင့် အမိန့်စာ ရရှိထားပြီးဖြစ်သည့်အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေး ဦးစီးဌာန မှ ထုတ်ပေးသော နှစ် (၆၀)မြေငှားဂရန် လက်ဝယ်ပိုင်ဆိုင်ထားသူ ဖြစ်ကြောင်းကို စိစစ်တွေ့ရှိရသော်လည်း ဒေါက်တာခင်ရွှေ တရားဝင်ရရှိထားသည့်မြေပေါ်တွင် ခိုင်သစွာ ကျောက်မျက်

ရတနာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး အနေဖြင့် တရားဝင်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့် မြေငှားဂရမ်ပိုင်ဆိုင်ခြင်း ရှိ၊ မရှိနှင့် အခြားပိုင်ဆိုင်ထားသော အထောက်အထားများ ရှိ၊ မရှိ။

မေးခွန်း(၄) ဒေါက်တာခင်ရွှေ တရားဝင် ခွင့်ပြုမိန့်ရရှိထားသော မြေပေါ်တွင် ခိုင်သစ္စာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး အား အဆင့်မြင့်အိမ်ရာနှင့် လုံးချင်းအိမ်ရာများ တည်ဆောက်လိုသဖြင့် တင်ပြလျှောက်ထားလာမှု အပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဖြင့် ဥပဒေ လုပ်ထုံးလုပ်နည်းအရ ခွင့်ပြုပေးနိုင်ခဲ့ခြင်း ရှိ၊ မရှိ။

မေးခွန်း (၅) ဒေါက်တာခင်ရွှေ မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်ထံ လိပ်မူ၍ ၁၀-၁-၂၀၁၄ ရက်စွဲဖြင့် ဆောက်လုပ်နေထိုင် ခွင့်ပါမစ်ရရှိထားသည့် commercial area (၄၃) ဧက၏ လုပ်ငန်းများဆောင်ရွက်နေခြင်း ကိစ္စအပေါ် ကူညီဆောင်ရွက် ညှိနှိုင်း ပေးပါရန် တင်ပြထားမှုကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးထားသည်။

မေးခွန်း (၆) တင်ပြစာအရ အချင်းဖြစ်ပွားမြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါက်တာခင်ရွှေ အနေဖြင့် အထောက်အထားများ ခိုင်လုံစွာတင်ပြနိုင်သော်လည်း သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး အနေဖြင့် မည်ကဲ့သို့ လက်ဝယ်ပိုင်ဆိုင် ထားသည်ကို သိရှိနိုင်ရန် တာဝန်ရှိသူအဆင့်ဆင့်တို့မှ တိကျမှန်ကန်စွာ အထောက်အထားများနှင့်တကွ ကွင်းဆင်းစစ်ဆေးဖြေရှင်းဆောင်ရွက် ပြီး၊ မပြီး။

မေးခွန်း (၇) ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံဥယျာဉ် မြို့တော်အိမ်ရာစီမံကိန်း၌ ပါဝင် ပတ်သက်ခဲ့သော commercial area ထင်းရှူး ရိပ်သာ (၂) ၏ မြေကွက် အမှတ် (၁၄၃) ဧရိယာ (၄၃.၂၄၁) ဧက အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန ၏ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်နှင့် နှစ်(၆၀) မြေငှားဂရန် ရရှိပြီးဖြစ်သော ဒေါက်တာခင်ရွှေ လက်ဝယ်ပိုင်ဆိုင်သည့် မြေဧရိယာကို သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ အဆင့်မြင့် လုံးချင်းအိမ်ရာများ ဆောက်လုပ်လိုပါ၍ လယ်ယာမြေကို အခြားနည်းနှင့် သုံးစွဲခွင့်ပြုရန် လယ်ယာမြေအား ဥယျာဉ်ခြံမြေ အဖြစ်သုံးစွဲခွင့်ပြုရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ အဆင့်ဆင့် ဆောင်ရွက်ပေးနေမှုများသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညီ၊ မညီတို့ကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန

ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ဥက္ကဋ္ဌ ပြည်သူတို့ရဲ့တိုင်ကြားစာဆိုင်ရာကော်မတီရဲ့ မေးခွန်း (၇) ခုနှင့် ပတ်သက်ပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရဖွဲ့ရဲ့ ဖြေကြားချက်များနဲ့ ပေါင်းစပ်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း (၁) မှာ ဤကော်မတီရဲ့ ၃၁-၃-၂၀၁၄ ရက်စွဲပါစာဖြင့် တာဝန်ရှိသူအဆင့်ဆင့်တို့မှ ကွင်းဆင်းစစ်ဆေး၍ ဥပဒေ လုပ်ထုံးလုပ်နည်းနဲ့အညီ စိစစ်ဖြေရှင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကို ပေးပို့ထားမှုအပေါ် မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ထားသည် ကွင်းဆင်းစစ်ဆေးဆောင်ရွက် ပြီး၊ မပြီး။ မေးခွန်းနဲ့ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုလည်းကောင်း ညွှန်ကြားချက် တစ်စုံတစ်ရာ မရရှိပါသဖြင့် သိရှိဆောင်ရွက်ထားခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသာ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း (၂) မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ၁၉၉၀ ခုနှစ် မှစ၍ မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း မြေနေရာသတ်မှတ်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် ဇေကမ္ဘာကုမ္ပဏီရဲ့အဆိုပြုချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူပူးပေါင်းကာ မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်း စတင်အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း မည်သည့်အတွက်ကြောင့် ဒေါက်တာခင်ရွှေ ၏ လုပ်ငန်းများ ဆောင်ရွက်ခွင့်ကို ပိတ်သိမ်းထားသည် မေးခွန်းနဲ့ ပတ်သက်ပြီး တင်ပြရရင် အဆိုပါမြေနေရာဖြစ်တဲ့ ဥယျာဉ်အိမ်ရာ ထင်းရှူးရိပ်သာနှင့် မြေကွက်အမှတ် (၁၄၃) ဧရိယာ (၄၃.၂၄) ဧကဟာ ဇေကမ္ဘာကုမ္ပဏီမှ အုတ်ခြံစည်းရိုး ကာရံသွားမည်ဖြစ်ကြောင်း ၂-၁-၂၀၁၄ ရက်စွဲပါ စာအမှတ်ပါစာဖြင့် မင်္ဂလာဒုံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားလာခြင်းအပေါ် ခိုင်သစ္စာ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ၄-၁-၂၀၁၄ ရက်စွဲပါ စာဖြင့် ခြံစည်းရိုးကာရံခြင်းအား ကန့်ကွက်တားမြစ်လာခြင်း တင်ပြလာသည့်မြေနေရာမှာ ထပ်တူကျနေခြင်း၊ သဃ်န်းကျွန်းကျေးရွာအုပ်စုရှိ လယ်သမားများနှင့် ဇေကမ္ဘာကုမ္ပဏီတို့ အငြင်းပွားလျက်ရှိသော လယ်မြေများပေါ်တွင် နှစ်ဦးနှစ်ဖက် ပြဿနာများ ပိုမိုကြီးထွားလာနိုင်ခြင်းတို့ကြောင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၅-၁-၂၀၁၄ ရက်စွဲပါ စာဖြင့်လည်းကောင်း၊ သဃ်န်းကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူးမှ ၉-၁-၂၀၁၄ ရက်စွဲပါ စာဖြင့်လည်းကောင်း၊ အကြောင်းကြားတားမြစ် ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပြီး စီမံကိန်းလုပ်ငန်းအပေါ် ပိတ်သိမ်းထားခြင်း မရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ မေးခွန်း (၃) မှာ ဒေါက်တာခင်ရွှေ အနေဖြင့် ရန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးဖွဲ့ရဲ့ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်စွဲ အမှုတွဲအမှတ်ဖြင့် သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း အသုံးပြုခွင့်အမိန့်စာရရှိပြီး ဖြစ်တဲ့အပြင် မြို့ရွာနှင့် အိုးအိမ် ဦးစီးဌာနမှ ထုတ်ပေးသော နှစ် (၆၀)မြေငှားဂရန်ကို ရရှိပိုင်ဆိုင်ထားသူဖြစ်ကြောင်း စိစစ်တွေ့ရှိရသော်လည်း ဒေါက်တာခင်ရွှေ တရားဝင်ခွင့်ပြုမိန့်ရရှိသည့် မြေပေါ်တွင် ခိုင်သစ္စာ ကျောက်မျက်ရတနာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မသိဂီ ဒေါ်စိန်ထွေး အနေဖြင့်

တရားဝင်လုပ်ပိုင်ခွင့် ခွင့်ပြုမိန့်နှင့် မြေငှားဂရန်ပိုင်ဆိုင်ထားခြင်း ရှိ၊ မရှိနှင့် အခြား ပိုင်ဆိုင်မှု အထောက်အထားများ ရှိ၊ မရှိ ကို မေးမြန်းထားခြင်းအပေါ် တင်ပြရမည်ဆိုပါက အဆိုပါ မြေနေရာအား သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ လယ်သမားများ၏ လွှဲပြောင်းပေးမှုနှင့် ကျေးရွာ သီးစားမှတ်ပုံတင် စာရင်းနှင့် လယ်မြေများအား ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲသုံးစွဲခွင့်ပြုရန် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့နှင့် မြေစာရင်းဦးစီးဌာနများသို့ တင်ပြလျှောက်ထားခဲ့သော်လည်း ၄င်းမြေနေရာသည် ၁၆-၇-၁၉၉၇ ခုနှစ်တွင် အိမ်ရာစီမံကိန်းမြေအဖြစ် ဆောင်ရွက်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ လန(၃၉) ရရှိထားပြီး ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် နှစ်(၆၀) မြေငှားဂရန်စာချုပ်ကို ၂၃.၁၂.၂၀၁၃ ရက်နေ့မှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေး ထားသည့် မြေနေရာဖြစ်ပါကြောင်းတင်ပြအပ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။မေးခွန်း အမှတ်(၄)မှာ ဒေါက်တာခင်ရွှေ တရားဝင် ခွင့်ပြုမိန့် ရရှိသည့်မြေပေါ်တွင် ခိုင်သစ္စာကျောက်မျက်ရတနာ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေးက အဆင့်မြင့်လုံးခြင်းအိမ်ရာများ တည်ဆောက်လို သဖြင့် တင်ပြလျှောက်ထားလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေလုပ်ထုံးလုပ်နည်း အရ ခွင့်ပြုပေးပိုင်ခွင့် ရှိ၊မရှိ စတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီးတင်ပြရရင် သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေးမှ အဆင့်မြင့်လုံးခြင်းအိမ်ရာ တည်ဆောက်ရန် လျှောက်ထားခြင်းမဟုတ်ဘဲ လယ်ယာမြေသီးနှံပြောင်းလဲ စိုက်ပျိုးရန် လျှောက်ထားခြင်းဖြစ်၍ အဆိုပါမြေနေရာသည် အိမ်ရာစီမံကိန်းဆောင်ရွက်ရန် ၁၉၉၇ ခုနှစ်ကပင် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့် လန(၃၉)ရရှိထားသည့်မြေဖြစ်ပြီး မင်္ဂလာဒုံ ဥယျာဉ်မြို့တော် အိမ်ယာစီမံကိန်းအတွင်း ပါဝင်သည့်မြေဖြစ်သည့်အပြင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ နှစ်(၆၀) မြေငှားစာချုပ်ထုတ်ပေးပြီး မြေဖြစ်ပါသဖြင့် ခွင့်ပြု၍ မရပါကြောင်း တင်ပြအပ် ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း ၅ မှာ ဒေါက်တာခင်ရွှေမှ ၁၀-၁-၂၀၁၄ ရက်စွဲဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံလိပ်မူ၍ ဆောက်လုပ်နေထိုင်ခွင့်ပါမစ် ရရှိပြီး ဖြစ်သည့် Commercial ဧရိယာ (၄၃)ဧကဒြ် လုပ်ငန်းများဆောင်ရွက်နေခြင်းပေါ် ကူညီဆောင်ရွက် ပေးပါရန် တင်ပြထားမှုအပေါ် မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်နှင့် ပတ်သတ်၍ တင်ပြရရင် ဒေါက်တာခင်ရွှေမှ ရန်ကုန်တိုင်းဝန်ကြီးချုပ်ထံ တင်ပြစာမှာ ဆောက်လုပ်နေထိုင်ခွင့် ပါမစ်ရရှိပြီး ဖြစ်သည့် Commercial ဧရိယာ (၄၃)ဧကရဲ့ လုပ်ငန်းများဆောင်ရွက်နေခြင်းကို လာရောက် ဟန့်တား နေကြောင်း ခေါင်းစဉ်ဖြင့် တင်ပြထားခြင်းဖြစ်ပြီး၊ အဆိုပါမြေနေရာကိုပင် ဒေါ်စိန်ထွေးမှ လယ်ယာမြေအား အခြားသီးနှံ စိုက်ပျိုးခွင့်အတွက်လျှောက်ထားခဲ့ရာ တင်ပြမြေနေရာ ထပ်တူကျ နေခြင်း၊ လုပ်ငန်းဆောင်ရွက်မှုတို့အတွက် ကန့်ကွက်မှုရှိနေခြင်း လယ်သမားများ ပဋိပက္ခဖြစ်နေခြင်း တို့ကြောင့် ၃-၂-၂၀၁၄ ရက် နေ့မှာ မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံး၌ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အငြင်းပွားသူ နှစ်ဦးနှစ်ဖက်တွေ့ဆုံညှိနှိုင်း ခဲ့ရာ မြေအသုံးချခွင့်ရရှိရေးကို တာဝန်ရှိသူတို့မှ ခွင့်ပြုမိန့်ရရှိမှသာ ဆောင်ရွက်ရန်နှင့် မြေပိုင်ဆိုင်မှုနှင့် ပတ်သတ်၍ အငြင်းပွားသူ နှစ်ဦးမှ ပိုင်ဆိုင်မှု အထောက်အထားများ တင်ပြကြရန် ညှိနှိုင်းဆုံးဖြတ်ခဲ့သောကြောင့် ရန်ကုန်တိုင်း အစိုးရအဖွဲ့ သို့ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ် ၆ မှာ တင်ပြစာအရ အခြင်းဖြစ်ပွားမြေပိုင်ဆိုင်မှုနှင့် ပတ်သတ်၍ ဒေါက်တာခင်ရွှေအနေဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြနိုင်သော်လည်း ဒေါ်စိန်ထွေး အနေဖြင့် မည်ကဲ့သို့လက်ဝယ်ပိုင်ဆိုင်ထားသည်ကို သိရှိနိုင်ရန်တာဝန်ရှိသူအဆင့်ဆင့်တို့မှ တိကျ မှန်ကန်စွာ အထောက်အထားများနှင့် ကွင်းဆင်းဆောင်ရွက်စစ်ဆေးဖြေရှင်းဆောင်ရွက်ပြီး၊ မပြီး မေးခွန်းနှင့် ပတ်သက်၍ တင်ပြရရင် သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေး မှ လယ်ယာမြေအားအခြားသီးနှံ ပြောင်းလဲစိုက်ပျိုးခွင့် ရရှိရန်အတွက် လျှောက်ထားခဲ့ရာတွင် လျှောက်ထားသူဒေါ်စိန်ထွေးအနေဖြင့် ၂၀၀၆ ခုနှစ်တွင် ဦးချစ်မောင်ပါ လယ်သမားရှစ်ဦးထံမှ လွှဲပြောင်းရယူခဲ့ခြင်း အရပ်ကတိစာချုပ်အရ နှစ်စဥ်စိုက်ပျိုးလုပ်ကိုင်ခဲ့ကြောင်း ယခင်ရပ်ရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သီးစား ချထားဆောင်ရွက်ခဲ့သည့် စိုက်ပျိုးမှုမှတ်တမ်း အထောက်အထားတင်ပြ၍ လျှောက်ထားခဲ့ခြင်း အပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ မြေပြင်တွင် တစ်စုံတစ်ရာ အသုံးပြုထားမှုမရှိဘဲ စိုက်ပျိုးမှုအနေဖြင့်သာ တွေ့ရှိရပြီး ကန့်ကွက်မှု တစ်စုံတစ်ရာ မရှိသဖြင့် အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအမှတ်(၇)မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံ ဥယျာဥ်မြို့တော်အိမ်ရာစီမံကိန်း၌ ပါဝင်ခဲ့တဲ့ Commercial Area ထင်းရှူးရိပ်သာ (၂)နှင့် မြေကွက် အမှတ်(၁၄၃)ဧရိယာ ၄၃.၂၄၁ဧကအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနရဲ့ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်နဲ့ နှစ်(၆၀)ဂရမ် ရရှိပြီးသော ဒေါက်တာခင်ရွှေ လက်ဝယ်ပိုင်ဆိုင်သည့် မြေဧရိယာကို သုဓမ္မသိင်္ဂီ ဒေါ်စိန်ထွေးမှ အဆင့်မြင့်လုံးခြင်းအိမ်ယာများ ဆောက်လုပ်လိုသဖြင့် လယ်ယာမြေကိုအခြားနည်းသုံးစွဲခွင့်ပြုရန် လယ်ယာမြေအား ဥယာဥ်ခြံမြေ အဖြစ် သုံးစွဲခွင့် လျှောက်ထားခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ အဆင့်ဆင့်ဆောင်ရွက် ပေးမှုများသည် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်ညီ၊ မညီမေးမြန်းထားခြင်းနှင့် ပတ်သက်၍ အဆိုပါ မြေနေရာဟာ ၁၉၉၇ခုနှစ်ကပင် အိမ်ယာစီမံကိန်းများအကောင်အထည်ဖော်ရန် လန(၃၉) ခွင့်ပြုမိန့် ကျပြီး မြေဖြစ်ပြီး မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီတို့ သည် ၁၁-၁၀-၁၉၉၉ ရက်နေ့တွင် မင်္ဂလာဒုံဥယာဥ်မြို့တော်အိမ်ရာစီမံကိန်းကောင်အထည်ဖော်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်း အဆိုပါ မြေနေရာသည် Commercial Area ဖြင့်ဆောင်ရွက်ရန် ၂၉-၁၁-၂၀၁၀ ရက်နေ့တွင် ပြုလုပ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ် ၃၄/၂၀၁၀ ဆုံးဖြတ်ချက် အရ၂၉-၃-၂၀၁၁ရက်နေ့တွင်လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်း ၂၃-၁၂-၂၀၁၃ ရက်နေ့တွင် ဇေကမ္ဘာကုမ္ပဏီလီမိတက် အမည်ဖြင့် နှစ်(၆၀)မြေငှားဂရမ်စာချုပ် ထုတ်ပေးခဲ့ ခြင်းတို့ကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ သုဓမ္မသိဂီ ဒေါ်စိန်ထွေး မှ အဆိုပါ မြေနေရာကိုပင် လယ်ယာမြေအား ဥယျာဥ်ခြံမြေအဖြစ် ပြောင်းလဲသုံးစွဲခွင့်ပြုရန် လျှောက်ထားခြင်း ဖြစ်ပါ၍ ယခင် လန-၃၉ ရရှိပြီးဖြစ်တဲ့အတွက်ကြောင့် ၎င်းမြေအားထပ်မံ၍ အသုံးပြုခွင့်ပြုရန် လျှောက်ထားရန် မလိုအပ်တော့ပါကြောင်းလေးစားစွာ တင်ပြအစီရင်ခံ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၄၈**

**ဦးအောင်ငြိမ်း (ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မင်္ဂလာဒုံဥယျာဉ်မြို့တော် ထင်းရှူးရိပ်သာ(၂)မှာရှိတဲ့ မြေကွက်အမှတ် ၁၄၃ (B) ရှိ မြေဧရိယာ (၄၃.၂၄) ဧက ဟာ ရန်ကုန်တိုင်းငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှုအဖွဲ့ ၁၉၉၇ ခု ဇူလိုင်လ ၁၆ ရက် အမှုတွဲအမှတ် ၃၁၃-၁-၂ အမတ ဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ မင်္ဂလာဒုံမြို့နယ်၊ သက်နွှန်းကျွန်းကြီး ကျေးရွာ မြေကွက်အမှတ် ၅၃၄ (B)အား သက်သေခံ မြေပုံအရ ခွင့်ပြုလိုက်ကြောင်း မြို့နယ်ငြိမ်ဝပ်ပိပြားရေးတည်ဆောက်မှုအဖွဲ့နဲ့ မြို့နယ်မြေစာရင်းဦးစီးဌာန မင်္ဂလာဒုံမြို့နယ်သို့လည်းကောင်း၊ သက်နွှန်းကျွန်းကြီး ကျေးရွာရှိ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့သို့လည်းကောင်း မိတ္တူပေးပို့ အကြောင်းကြားထားပြီးဖြစ်ပါတယ်။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှလည်း စာအမှတ် မခ/မရ/ ၇ LA ၉၂/၂၁၉၉ ရက်စွဲ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ (၁၅) ရက် အရ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ် ကြားမြေကွက်များအား အိမ်ရာစီမံကိန်းမြေအဖြစ် သိမ်းယူရေးကိစ္စနှင့်ပတ်သတ်၍ မြို့နယ်အုပ်ချုပ်ရေးမှူး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်္ဂလာဒုံမြို့နယ်သို့ အကြောင်းကြား ထားပြီးလည်း ဖြစ်ပါတယ်။

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်စီမံကိန်းနဲ့ တစ်ဆက်တည်းရှိတဲ့ မြေဧရိယာ (၄၃.၂၄၁) ဧကကို Commercial Area အဖြစ် လုပ်ငန်းဆောင်ရွက်ရန် ၂၉-၁၁-၂၀၁၀ ရက်နေ့မှာ ပြုလုပ်တဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးအစည်းအဝေး၏ အမှတ်စဉ် ၃၄/၂၀၁၀ ၏ ခွင့်ပြုချက်ဖြင့် ရောင်းချ၍ စာချုပ်ချုပ်ဆိုခြင်း မြေချပါမစ်တို့ဖြင့် မြေပိုင်ဆိုင်ခွင့်ပေးခြင်း နှစ် (၆၀) မြေငှားစာချုပ် တို့ဖြင့် အငှားချထားခြင်းများ ဆောင်ရွက်ခဲ့ပြီးလည်းဖြစ်ပါတယ်။ ယင်းမြေနေရာအား ၁-၂-၂၀၁၃ ရက် နေ့မှာ ဇေကမ္ဘာကုမ္ပဏီမှ ကွန်ကရစ်တိုင် သွပ်နန်းကြိုးများဖြင့် ခြံစည်းရိုးကာရံခဲ့ပါတယ်။ ၆-၃-၂၀၁၃ ရက်နေ့မှာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ဆိုင်း ထားရန် အသိပေးတားမြစ်စာအရ ရပ်ထားခဲ့ရပါတယ်။ ယင်းနောက် ၂-၁-၂၀၁၄ ရက်နေ့မှာ စီမံကိန်းဟာ ပြန်လည်စတင်ရန် ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ မြို့နယ်အုပ်ချုပ်ရေးမှူးအား အကူအညီတောင်းခံရာမှ စတင်၍ ပိုင်ဆိုင်မှုပြဿနာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ကုမ္ပဏီရဲ့စာရရှိပြီး ၃-၁-၂၀၁၄ မှာ မြို့နယ်အုပ်ချုပ်ရေးမှူးမှ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူးသို့ ဇေကမ္ဘာကုမ္ပဏီ ၏ ပိုင်ဆိုင်မှု အထောက်အထား တင်ပြစာ မိတ္တူ (၆) ရွက်နဲ့ တကွ တင်ပြခဲ့ကြောင်း သိရပါတယ်။

တင်ပြချက်အရ ဤမြို့နယ်ရုံး၏ ၁၀-၇-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၁၆၂-ဥ/၂၂-၂/ဥ၁ အရ ယင်းကာလကပင် ဒေါ်စိန်ထွေးဟာ ဧရိယာ (၄၀) ကျော်အား အဆင့်မြင့် လုံးချင်းအိမ်ရာများ တည်ဆောက်ရန် လယ်ယာမြေအား အခြားနည်းအဖြစ် အသုံးပြုရန် ထောက်ခံတင်ပြထားကြောင်း တွေ့ရှိရပါတယ်။ ထို့ကြောင့် တင်ပြသူဦးခင်ရွှေ ၏ နှစ် (၆၀) မြေငှားဂရန် ရရှိထားသည့်မြေပေါ်တွင် ခြံစည်းရိုးခတ်ပြီးမှ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းအသီးသီးမှ စတင်၍ ဒေါ်စိန်ထွေးဟာ မြေကွက် ပိုင်ဆိုင်မှု ရရှိရေးအတွက် လှုပ်ရှားခွင့်ပြုခဲ့ကြောင်း ခန့်မှန်းသိသာနိုင်ပါတယ်။ ယင်းဌာနဆိုင်ရာ အသီးသီးမှ ဒေါ်စိန်ထွေးနှင့်အဆက်အသွယ်ရှိပြီး ဖြစ်သည့်အတွက် ဒေါ်စိန်ထွေးဟာ ၄-၇-၂၀၁၄ ရက်နေ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ အဆင့်မြင့်လုံးချင်းအိမ်ရာများ တည်ဆောက်လိုကြောင်း ရန်ကုန်တိုင်းအစိုးရအဖွဲ့သို့ သက်ဆိုင်ရာ ကျေးရွာ၊ အုပ်စု ၊ မြို့နယ်၊ ခရိုင် အဆင့်ဆင့် ထောက်ခံချက်ဖြင့်

ရန်ကုန်တိုင်း ဒေသကြီးသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီသို့လည်းကောင်း ဆောင်ရွက်ထားကြောင်းဖြင့် တရားဝင် ကန့်ကွက်တားမြစ် လာပါတယ်။

ထို့အပြင် ယင်းမြေပေါ်တွင် ယာယီအဆောက်အဦ လာရောက်ကျူးကျော် ဆောက်လုပ်ခဲ့ပါတယ်။ ဒါကြောင့် ၅-၁-၂၀၁၄ ရက်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရန်ကုန်တိုင်း အစိုးရအဖွဲ့မှ စီစဥ်ဆောင်ရွက်ဆဲဖြစ်၍ ဇေကမ္ဘာကုမ္ပဏီက ရပ်ဆိုင်းထားရန် ထပ်မံအကြောင်းကြား လာပါတယ်။ ထို့နောက် ၉-၁-၂၀၁၄ ရက်နေ့မှာ သက်န်းကျွန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးကလည်း လုပ်ငန်း ရပ်ဆိုင်းထားရန် အသိပေးအကြောင်းကြားလာပါတယ်။ ထို့ကြောင့် ၁၀-၁-၂၀၁၄ ရက်နေ့ တွင် ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ နှစ် (၆၀) မြေငှားဂရန် စာချုပ်နှင့်တကွ စာရွက်စာတမ်းများပူးတွဲပြီးတော့ လုပ်ငန်းများဆောင်ရွက်နေခြင်းကို လာရောက်ဟန့်တားနေခြင်း ကိစ္စအား နိုင်ငံတော် အဖွဲ့အစည်းအဆင့်ဆင့်မှ ကူညီ ဆောင်ရွက်ညှိနှိုင်းပေးပါရန် ဇေကမ္ဘာကုမ္ပဏီမှ မေတ္တာရပ်ခံခဲ့ပါတယ်။

ယင်းနောက် ၃၁-၁-၂၀၁၄ ရက်နေ့မှာ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး မြို့နယ်မြေစာရင်း ဦးစီးဌာန အင်းစိန်၏ စာအမှတ် ၅/မအ-၄/၂၀၁၄ အရ ဒေါ်စိန်ထွေး အား ကွင်းအမှတ် ၅၃၄- (B) အား ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် မှတစ်ဆင့်လျှောက်ထားရန် ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ မြေစီမံခန့်ခွဲမှုအဖွဲ့၊ဥက္ကဋ္ဌ မင်္ဂလာဒုံမြို့နယ်အား ပေးပို့ခဲ့ပါတယ်။ ယင်းပေးပို့ခဲ့သော ရည်ညွှန်းချက်များစာအရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၈-၁-၂၀၁၄ ရက်စွဲပါ စာအမှတ်၂/ဥ- ၂ (၂) စီးပွား ဟု ဖော်ပြခဲ့ရာ ယခင်ကာလကတည်းက ဒေါ်စိန်ထွေး အား ခွင့်ပြုခဲ့ပြီးဟု ယူဆရပြီး တင်ပြသူ ဦးခင်ရွှေ ၏ စာရွက်စာတမ်းများ အပြည့်အစုံဖြင့်တင်ပြ၍ အကူအညီ တောင်းခံခဲ့သည့် အပေါ်တွင် အိမ်ယာတည်ဆောက်ရန် ခွင့်ပြုခြင်းချထားသည်မှာ ဥပဒေအရ ဘောင်မဝင်သဖြင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်ဖြစ်သော ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေအရ လန ၃၀ (က) ဖြင့် ဘောင်ဝင်ရန် ပြန်၍ တာဝန်ရှိသူအဆင့်ဆင့်မှ ဆောင်ရွက်ရန် ညွှန်ကြားခဲ့ကြောင်း သုံးသပ်ရရှိ ပါတယ်။

ထို့နောက် ဒေါ်စိန်ထွေး မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၈-၁-၂၀၁၄ ရက်စွဲဖြင့် မြို့နယ် မြေစာရင်းဦးစီးဌာနသို့ ညွှန်ကြားပြီးမှ ၃၁-၁-၂၀၁၄ ရက်စွဲဖြင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ နည်းဥပဒေ အပိုဒ် ၇၀ အရ သီးနှံပြောင်းလဲစိုက်ပျိုးခွင့်ပြုပါရန် လျှောက်ထားခဲ့ကြောင်း သိရပါတယ်။ ၃၁-၁-၂၀၁၄ ရက်နေ့ မြို့နယ်မြေစာရင်းဦးစီးဌာန၏ အစီရင်ခံစာပါ ရပ်ကွက်ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ တစ်ဆင့် လျှောက်ထားရန် ပါရှိသော်လည်း ၁-၁-၂၀၁၄ ရက်နေ့၊ ၂-၁-၂၀၁၄ ရက်နေ့များသည် စနေနေ့နှင့် တနင်္ဂနွေနေ့ ရုံးပိတ်ရက်များ ဖြစ်သောကြောင့် ကြိုတင်၍ ၂၉-၁-၂၀၁၄ ရက်နေ့ ရက်စွဲပါစာအမှတ် ၄ / ၂၂ / ဥ- ၁ အရ မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာနမှ ၃-၂-၂၀၁၄ ရက်နေ့ တနင်္လာနေ့ နေ့လယ် ၂၃း၀၀ နာရီတွင် ဇေကမ္ဘာကုမ္ပဏီနှင့် ဒေါ်စိန်ထွေး တို့အားမြေအသုံးချမှုကိစ္စနှင့် ပတ်သက်၍ ကြိုတင်သိနေသည့်အလား အစည်းအဝေး ခေါ်ထားသည်ကိုလည်း သံသယဖြစ်ဖွယ် တွေ့ရှိရပါသည်။ ထို့နောက် ၃-၂-၂၀၁၄ ရက်နေ့ ၁၀း၀၀ နာရီ မြေအသုံးချရေး မရှင်းလင်းမီ (၃)နာရီ အလိုတွင် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၂၈ (က)အရ လယ်ယာမြေကို စပါးအစား အခြားသီးနှံ

အမျိုးအစား ငှက်ပျော၊ ရှောက်၊ သံပုရာ အစားထိုးပြောင်းလဲစိုက်ပျိုးရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ (၁) အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ၊ (၂) ဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ (၃) ဦးစီးမှူး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ (၄)ဦးစီးမှူးမြို့နယ် မွေးမြူရေးနှင့်ကုသရေးနဲ့ (၅) ဦးစီးဌာနမှူး မြို့နယ်မြေစာရင်းဦးစီးဌာနမှူးတို့နှင့် အစည်းအဝေး ပြုလုပ်၍ အားလုံး၏ သဘောတူညီချက်ကို တစ်ပြိုင်တည်း တစ်ချိန်တည်း လန-၃၀(က) ပြန်လည် ရရှိရေးအတွက် ကန့်ကွက်ရန်မရှိကြောင်း ဆုံးဖြတ်ခဲ့ကြပါတယ်။ ယင်းအစည်းအဝေးသို့ အသိဆုံး ဖြစ်သော မြို့နယ်မှူး၊ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအား အသိပေးခြင်း၊ အစည်းအဝေးခေါ်ယူခဲ့ခြင်းများ မပြုခဲ့ကြောင်း အံ့သြဖွယ် စဥ်းစားစရာတွေ့ရှိရပါတယ်။ ၃-၂-၂၀၁၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် မြို့နယ်အဆင့်ဆင့်မှ ဒေါ်စိန်ထွေး အား လန-၃၀(က) အဖြစ် ပိုင်ဆိုင်ခွင့်ပေးပြီး နောက် ၃-၂-၂၀၁၄ ရက်နေ့ နေ့လယ် ၁၃း၀၀ နာရီတွင် ဇေကမ္ဘာကုမ္ပဏီနှင့် ဒေါ်စိန်ထွေး တို့၏ လယ်ယာမြေ ပိုင်ဆိုင်ခွင့်ကိစ္စ ညှိနှိုင်းအစည်းအဝေး ခေါ်ယူခဲ့ပါတယ်။ ယင်းအစည်းအဝေးတွင် ဦးတင်ကို (ဒုတိယဦးစီးမှူး) မြေယာရုံးခွဲ(၅) အိုးအိမ်ဦးစီးဌာနတို့မှ မြေကွက်အမှတ် (၁၄၃) နေရာသည် လန-၃၉ ကျပြီး ဖြစ်ကြောင်း ၊ မြေပိုင်ဆိုင်ခွင့် လိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း တင်ပြပါတယ်။

ဒေါ်စိန်ထွေး ၏ ကိုယ်စားလှယ်မှ လန-၃၉ ကို နှစ်ခါ မချပေးကြောင်း၊ စာရွက်စာတမ်း ဝယ်စာရင်းများ ရှိကြောင်းဖြင့် ညွှန်းပြ ပြောကြားပြီး ဇေကမ္ဘာကုမ္ပဏီမှလည်း မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ သဘောတူ ခွင့်ပြုချက်ပေးခဲ့ကာ အခြားအထောက်အထားများလည်း ရှိခဲ့ကြောင်း တင်ပြခဲ့ပါတယ်။ ထိုကဲ့သို့ စာရွက်စာတမ်းများ ကြိုတင် ပေးပို့ကန့်ကွက်နေသည့်ကြားက ၄-၂-၂၀၁၄ ရက်နေ့မှာပင် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး မှ အစည်းအဝေး ဆုံးဖြတ်ချက်အရဟု ဆိုကာ စာအမှတ်၊ ၁/လယ်-ဆည်/၂၀၁၄/ မင်္ဂလာဒုံဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ ရန်ကုန်မြို့တော် မြေစာရင်းဦးစီးဌာန အင်းစိန်သို့လည်း လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်ပုံစံ (၇) မရသေးကြောင်း ထောက်ခံချက်ကိုသော်လည်းကောင်း၊ ၄-၂-၂၀၁၄ ရက်နေ့တွင် ထုတ်ပေးခဲ့ပါတယ်။

ထို့နောက် ၄-၂-၂၀၁၄ ရက်နေ့ စာအမှတ်၊ ၁၀၇၆/ ယ-၉/၂၀၁၄ အရ ခရိုင်မြေစာရင်းဦးစီးဌာ၊ ရန်ကုန် မြောက်ပိုင်းခရိုင်အင်းစိန်မှလည်း ဒေါ်စိန်ထွေး လျှောက်ထားသော လယ်ယာမြေအား ဥယျာဥ် ခြံမြေအဖြစ်အသုံးပြုရန် လျှောက်ထားမှုနှင့်ပတ်သက်၍ အတွင်းရေးမှူး၊ ခရိုင်လယ်ယာမြေ၊ မြေယာစီမံခန့်ခွဲမှုအဖွဲ့အား ကွင်းဆင်းစစ်ဆေးသည့် လုပ်ငန်းစာတွဲအား ဆက်လက်ပေးပို့ရန် ညွှန်ကြားစာ ထုတ်ကြောင်း သိရပါတယ်။ ထိုကဲ့သို့ မသမာမှုများ ဆောင်ရွက်နေမှုဟန့်တားသွားစေရန် ၂၂-၂-၂၀၁၄ ရက်နေ့တွင် ဒေါက်တာခင်ရွှေ ကိုယ်တိုင် မြို့နယ်အုပ်ချုပ်ရေမှူး ဦးညွှန့်ဟန် အား ကုမ္ပဏီရုံးခန်း သို့ ဖိတ်ခေါ်၍ ပိုင်ဆိုင်သည့် စာရွက်စာတမ်းများ ပြသပြီး ဒေါ်စိန်ထွေး အတွက် တရားမဝင ဆောင်ရွက် နေမှုများအား ဆက်လက်ဆောင်ရွက်ခြင်းမပြုရန်နှင့် ဆက်လက်ဆောင်ရွက်ပါက ပြည်ထဲရေးဝန်ကြီး အား တိုင်ကြားမည်ဖြစ်ကြောင်း တိုင်ကြားစာအား ပြသညှိနှိုင်းသော်လည်း ဦးညွှန့်ဟန် မှ မိမိတို့ အထက်မှခိုင်း၍ လုပ်ရကြောင်း၊ ဥပဒေနှင့်ညီကြောင်း နောက်မဆုတ်နိုင်ကြောင်း ပြောဆိုသွားပါတယ်။ ထို့ကြောင့် တင်ပြသူ ဦးခင်ရွှေ အနေဖြင့် ပြည်ထဲရေးဝန်ကြီးအား ကိုယ်တိုင်သွားရောက် ရှင်းပြပြီး စာရွက်စာတမ်း အပြည့်အစုံဖြင့် တင်ပြ၍ စုံစမ်းစစ်ဆေးပြီး အရေးယူပေးပါရန် မြို့နယ်အုပ်ချုပ်ရေးမှူး အား တိုင်ကြားခဲ့သော်လည် တစ်လကြာသည်အထိ မည်သည့်အရေးယူမှုမှ မရှိကြောင်းတွေ့ရပါသည်။

ထို့ကြောင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ပိုမိုဆိုးရွားလာပြီး မင်္ဂလာဒုံ စက်မှုဇုန် အပိုင်း (၁) (၂) (၃)အား လုပ်ငန်းရပ်ထားရန်လည်းကောင်း သယ်ံန်းကျွန်းကြီးကျေးရွာမှ လူများအား မြှောက်ပေးသည့်အတွက် ၄-၅-၂၀၁၄ ရက်နေ့က အခြားတစ်နေရာတွင် ခြံစည်းရိုးကာရံနေစဉ် ဇေကမ္ဘာကုမ္ပဏီ၏ လုံခြုံရေးဝန်ထမ်းများအား ဝိုင်းဝန်းရိုက်နှက်ခဲ့ကြရာ လုံခြုံရေးဝန်ထမ်း(၅)ဦးမှာ ပြည်သူ့ဆေးရုံသို့ တက်ရောက် ကုသခဲ့ရပြီး တစ်ဦးမှာ ယနေ့အထိ ဦးနှောက်နှင့် အာရုံကြောတွင် ပြသနေရပါတယ်။ ထို့ကြောင့် မင်္ဂလာဒုံမြို့နယ် မြို့မရဲစခန်းတွင် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပြစ်မှုဆိုင်ရာပုဒ်မ ၃၂၅ /၃၂၆ ဖြင့် တရားစွဲဆိုခဲ့ပါတယ်။ တင်ပြသူ ဦးခင်ရွှေ အနေဖြင့်လည်း ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့လည်းကောင်း ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာနသို့ လည်းကောင်း တိုင်ကြားခဲ့သော်လည်း မည်သည့်အရေးယူမှုနှင့် ပြန်လည်ဖြေကြားခြင်း မပြုသဖြင့် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီသို့ ၁၈-၂-၂၀၁၄ ရက်စွဲဖြင့် ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်မှတစ်ဆင့် တိုင်ကြားအသနားခံလာခဲ့ပါတယ်။ ယင်းတိုင်ကြားချက်အရ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီမှ စာအမှတ် ၂/အခ ကော်မတီ/ ၆/၂၀၁၄-၁၆၀ ဖြင့် ရက်စွဲ ၂၀၁၄ မတ်လ ၃၁ ရက် နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည်စိစစ်ပေးပါရန် တင်ပြခြင်းကိစ္စအား ယနေ့အထိ မည်သည့် အရေးယူပြန်ကြား မေးမြန်း စုံစမ်းခြင်းမရှိဘဲ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ထံ လိပ်မူ၍ ပြန်ကြားရန် အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားဆိုင်ရာစာကော်မတီမှ မေတ္တာရပ်ခံခဲ့သော်လည်း အစိုးရအဖွဲ့မှ မည်သို့မျှပြန်ကြားမှု မရှိကြောင်း တွေ့ရှိရပါတယ်။

ထို့ပြင် ၆-၅-၂၀၁၄ ရက်နေ့ကလည်း ရန်ကုန်တိုင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင်လည်း ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမင်း မှ ဦးဆောင်၍ ၎င်းကုမ္ပဏီမှ စာရွက်စာတမ်းများကို အကြိမ်ကြိမ် တားမြစ်ခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဇေကမ္ဘာကုမ္ပဏီအား နှစ်(၆၀)ပြည့် မြေငှားရန်ထုတ်ပေးပြီးကြောင်း နှုတ်အားဖြင့် တင်ပြခြင်း၊ စာရွက်စာတမ်းများဖြင့် တရားဝင် တားမြစ်သော်လည်း ဒေါ်စိန်ထွေး၏ လျှောက်ထားချက်အား ဒုတိယအကြိမ် တရားဝင် ရရှိရေးအတွက် မျက်စိမှိတ် နားပိတ်၍ မြေယာကော်မတီသို့ ဒေါ်စိန်ထွေး အား လန ၃၀ (က) ရရှိရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်နေမှုများသည် ရန်ကုန်တိုင်းဒေသကြီး တိုင်း/ခရိုင်/မြို့နယ် ရပ်ကွက်ရှိ တာဝန်ရှိသူအသီးသီးသည် အဂတိလိုက်စားမှုတွင် သံသယဖြစ်ဖွယ် ပါဝင် ဆောင်ရွက် နေကြသည်ဟု သုံးသပ်ရရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ယနေ့ ဖြေကြားချက်များအပေါ်မှာ ခြုံငုံသုံးသပ် တင်ပြရပါက သက်ဆိုင်ရာအဆင့်ဆင့်သော တာဝန်ရှိသူတို့အနေနှင့် ဖြေရှင်းဆောင်ရွက်နေမှုများသည် ရိုးသားမှု၊ ပွင့်လင်းမြင်သာမှု အားနည်းချက်များရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်တို့အနေနဲ့ ဖြေရှင်းဆောင်ရွက်ရာမှာ ကာယကံရှင်များနစ်နာမှု မရှိစေရေး အတွက် တိတိကျကျ မှန်မှန်ကန်ကန် ဘက်လိုက်မှုကင်းစွာနဲ့ အမြန်ဆုံးဖြေရှင်းသွားပေးနိုင်ခြင်း ရှိ၊ မရှိ နောက် တင်ပြတိုင်ကြားသူများအနေနဲ့ ဥပဒေနဲ့အညီ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောက်လုပ်နေထိုင်ခွင့် တည်ဆဲ နှစ် (၆၀) မြေငှားဂရန် ရရှိပိုင်ဆိုင်ထားသည်ကို စိစစ်တွေ့ရှိရတဲ့အတွက် ပွင့်လင်းမြင်သာစွာနဲ့ ဘက်လိုက်မှုမရှိဘဲ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ အမျိုးသားလွှတ်တော်အနေနဲ့လည်း ဥပဒေ လုပ်ထုံးလုပ်နည်း

များနဲ့အညီ တိုင်ကြားသူ ကာယကံရှင် နစ်နာမှုမရှိစေရေး။ အောက်ခြေတွင် ဖြစ်ပျက်လုပ်ကိုင်နေမှုများကို မှန်မှန်ကန်ကန်စိစစ် ဖြေရှင်းဆောင်ရွက် ပေးနိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးစုံစမ်းဖော်ထုတ်အရေးယူဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။တင်ပြချက်နဲ့ ပတ်သက်ပြီးတော့ အဂတိလိုက်စားမှု ရှိတယ်လို့ ယူဆတယ်ဆိုတာမျိုးတော့ မသုံးပါနဲ့။ အဂတိလိုက်စားမှု ရှိတယ်လို့ သက်သေရှိလို့ရှိရင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌဆီကို တာဝန်ပေးပြီးတော့ စစ်ဆေးခိုင်းလို့ရပါတယ်။ အဲဒီလို သက်သေအထောက်အထားတင်ပြတယ်ဆိုရင် လုပ်ပေးမယ်။ သို့သော် အဲဒီလို သက်သေအထောက် အထားမပါဘဲနဲ့ ယူဆရတယ်ဆိုတဲ့ အသုံးအနှုန်းကတော့ ကောက်နုတ်ပယ်ဖျက်တယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ တရားဥပဒေစိုးမိုးမှုက အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ အစိုးရအဆက်ဆက် လက်ထက်ကချပေးတဲ့ ဂရန်နဲ့နေနေတဲ့ ရန်ကုန်မြို့မှာရှိတဲ့ လူတွေလည်း မိမိအိမ်ကို မိမိပြန်စစ်ဆေးဦးပေါ့။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ**။ ။ အခုအစည်းအဝေးကို (၁၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီတွင် ရပ်နားပြီး (၁၁း၂၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပညာရေးဌာန၏ အဆင့်တိုးမူဝါဒများနှင့် ကိုက်ညီသော်လည်း ကျောင်းအဆင့်တိုးမြှင့် မပေးခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် က ပညာရေးဌာန၏ အဆင့်တိုး မူဝါဒများနှင့် ကိုက်ညီသော်လည်း ကျောင်းအဆင့်တိုးမြှင့် မပေးခြင်း ကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ပညာရေးဌာနက အဆင့်တိုးမူဝါဒများနဲ့ ကိုက်ညီသော်လည်း ကျောင်းအဆင့် တိုးမြှင့် မပေးခြင်းကိစ္စ နဲ့ ပတ်သက်ပြီး ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော်ဟာ ကလေးမြို့နယ်၊ ဆည်တော်ဦးကျေးရွာ အလက(ခွဲ)ကို အလယ်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့် ပေးရန် အစီအစဉ်ရှိ၊ မရှိမေးမြန်းခဲ့တာနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပညာရေးဌာနက လာရောက်ဖြေဆိုတဲ့နေရာမှာ ကျွန်တော်တို့ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ အကောင်းဆုံး ဦးစားပေး ဆောင်ရွက်ပေးပါမယ်လို့ ဒါဖြေကြားသွားခဲ့ပါတယ်။ ကျွန်တော်တို့ ကတိကဝတ်ကော်မတီကလည်း ဒါကို ကျွန်တော်တို့ ကတိဖြစ်တယ်လို့ သတ်မှတ်ခဲ့ပါတယ်။ သို့သော် လည်းပဲ ကျွန်တော်ဒါ ကျောင်းများ အဆင့်တိုးမြှင့်ပေးတဲ့ ဇွန်လဆန်းမှာ ကျောင်းအဆင့် တိုးမြှင့်တဲ့ စာရင်းတွေထွက်လာပါတယ်။ အဲဒီစာရင်းထဲမှာ ကျွန်တော်တင်ပြခဲ့တဲ့ ဆည်တော်ဦးကျေးရွာ အလက (ခွဲ)ဟာ ကျောင်းအဆင့် တိုးမြှင့်တဲ့ အထဲမှာပါမလာခဲ့ပါဘူး။ ဒါကြောင့်မို့ ကတိအတိုင်း ဆောင်ရွက် မပေးသေးတဲ့ကိစ္စကို မေးခွန်း မေးခဲ့ပါတယ်။

ဇွန်လ ၁၄ ရက်နေ့မှာ ဒီမေးခွန်းကိုမေးခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ဇူလိုင်လ ၁၀ ရက်ပတ်ဝန်းကျင်လောက်မှာတော့ ဒီကျောင်းဟာ အဆင့်တိုးမြှင့်တဲ့ စာရင်းထဲမှာ ပါဝင်သွားခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးခွန်းအစား ကျေးဇူးတင်စကားပြောကြားလိုပါတယ်။ အခုလို မေးခွန်းများမေးမြန်းခွင့်ပေးတဲ့ ဥက္ကဋ္ဌကြီးနဲ့တကွ ကျွန်တော်တို့ ကျောင်းအဆင့်တိုးမြှင့်ရေးမှာ ကျောင်း အတွက် ဆောင်ရွက်ပေးခဲ့တဲ့ ပညာရေးဌာနက အဆင့်ဆင့်သောပုဂ္ဂိုလ်များအား ကျေးဇူးတင်ရှိ ပါကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော အခြေခံပညာ အလယ်တန်းကျောင်းသစ် နှစ်ထပ်ဆောင် ပြီးစီးရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း က ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော အခြေခံပညာ အလယ်တန်းကျောင်းသစ် နှစ်ထပ်ဆောင် ပြီးစီးရေးအတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၅။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ရှိ ဝန်ကြီးများနဲ့ ကော်မရှင် အဖွဲ့ဝင်များ၊ တပ်မတော်သားကိုယ်စားလှယ် အရာရှိများနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်ရဲ့ ကျန်းမာခြင်း၊ စိတ်ရဲ့ချမ်းသာခြင်းနဲ့ ပြည့်ဝကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးခွင့်ပြုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။ မေးခွန်းကတော့ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော အခြေခံပညာ အလယ်တန်းကျောင်းသစ် နှစ်ထပ်ကျောင်းဆောင် ပြီးစီးရေး အတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နောင်ချိန်း အလကကျောင်းရဲ့ အနေအထားကို ကျွန်တော်အနည်းငယ် တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ နောင်ချိန်း အခြေခံအလယ်တန်းကျောင်းဟာ ကျွန်တော်တို့ ဒီလွှတ်တော်သက်တမ်းထဲမှာပဲ ၂၀၁၀-၂၀၁၁ခုနှစ်မှာပဲ ဒီကျောင်းဟာ မူလွန်ကျောင်းဖြစ်ပါတယ်။ ဒီကြားထဲမှာပဲ ကျွန်တော်တို့ မူလွန်ကျောင်းကနေပြီးတော့မှ အလယ်တန်းကျောင်းခွဲအဖြစ် ကျွန်တော်တို့ ခွင့်ပြုမိန့်ကျလာတာ တင်ထားတဲ့အတိုင်း၊ ဒီကြားထဲမှာ ကျွန်တော်တို့ စနစ်သစ်ပညာသင်နှစ်မှာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှာလည်း၊ တစ်ဆက်တစ်စပ်တည်းမှာပဲ ကျွန်တော်တို့ ပတ်ကားအလယ်တန်းကျောင်း ခွင့်ပြုတိုးမြှင့်ပေးတဲ့ အနေအထားရှိပါတယ်။ တစ်ဆက်တည်းမှာပဲ သိပ်မကြာသေးပါဘူးခင်ဗျား။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှာလည်း အခုအလယ်တန်းကျောင်းခွဲက နေပြီးတော့ ပတ်ကားအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ပေးတာ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ နောက်ဆုံး ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာလည်းပဲ အခုဆိုလို့ရှိရင် ပြီးခဲ့တဲ့ ၆ လပိုင်း ၁၀ ရက်နေ့မှာ ဆိုလို့ရှိရင် အထက(ခွဲ)အဖြစ် ကျွန်တော်တို့ ခွင့်ပြုပေးတဲ့နေ့စွဲအရ ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့်မို့ အခုအချိန်မှာဆိုလို့ရှိရင် အလယ်တန်းကျောင်း ကနေပြီးတော့ အထက်တန်း ကျောင်း(ခွဲ) အဆင့်တိုးမြှင့်ပေးထားတဲ့ အတွက်ကြောင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးကိုလည်း ပြည်သူများကိုယ်စား အထူးဥပကာရတင်ရှိကြောင်းလည်း လေးစားစွာ တင်ပြလိုပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကျောင်းရဲ့ အနေအထားကို ပြန်ကြည့်မယ်ဆိုရင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းခြေပေါ်မှာပဲ၊ ကမ်းနံဘေးမှာပဲ တည်ဆောက်ထားတဲ့ အနေအထားရှိပါတယ်။ ကျောင်းရဲ့ အနေအထားကို ပြန်ကြည့်မယ်ဆိုရင်လည်း အထကကျောင်းနဲ့ ညီညွတ်တဲ့ ကျွန်တော်တို့ အဆောက်အဦ၊ ကျောင်းသားမိဘကော်မတီများရဲ့ လှုပ်ရှားမှု၊ ကျောင်းအကျိုးတော်ဆောင်များရဲ့ စည်းရုံးသိမ်းသွင်းမှု၊ ကျောင်းရပ်ရွာအုပ်ချုပ်မှုရဲ့ ဦးဆောင်မှုနဲ့ ကျောင်းအထောက်အကူပြုများ၊ ရပ်ရွာလူထုများနဲ့ ကျွန်တော်တို့ ကျောင်းအုပ်ဆရာကြီး မှတစ်ဆင့် မိဘကော်မတီများဟာ တစ်ညီတညွတ်တည်းနဲ့ ကျွန်တော်တို့ဒီကျောင်းရဲ့အပေါ်မှာ ပညာရေးလုပ်သားတွေရဲ့ အရင်းအမြစ်ဖြစ်တဲ့ ကျွန်တော်တို့ ပညာရေးလုပ်ငန်းတွေမှာ တော်တော် လေးကို စိတ်ပါဝင်စားစွာနဲ့ ကျေးရွာအုပ်စု အိမ်ခြေ(၁၀၀၀)ကျော်ရှိတဲ့ ကျေးရွာအုပ်စုဖြစ်သလို ညီညီညွတ်ညွတ်နဲ့ ကျွန်တော်တို့ ပညာရေးကဏ္ဍမှာ ပညာရေးကဏ္ဍအားပေးသလို ကျွန်တော်တို့ မိဘကျေးရွာအနေနဲ့လည်း စိတ်ဝင်စားတဲ့ ကျေးရွာအုပ်စု တစ်ခုဖြစ်တယ်ဆိုတာလည်း ကျွန်တော်တို့ တင်ပြလိုပါတယ်။

အလားတူပဲ ကျောင်းသားမိဘများနဲ့ဦးဆောင်ပြီးတော့မှ ကျွန်တော်တို့ ကျောင်းကိုလည်းပဲ ကျွန်တော်တို့ ဒီကျောင်းကို မူလရှိပြီးသားကျောင်းကို ဆက်လက်ပြီးတော့မှ ကိုယ်ထူကိုယ်ထစနစ်နဲ့ ကျောင်းအဆောင်ကို နှစ်ထပ်ဆောင် ပေ(၁၂၀)၊ အနံ(၃၀)ရှိတဲ့ ကျွန်တော်တို့ နှစ်ထပ်ဆောင်ကို အခုအချိန်မှာဆိုလို့ရှိရင် ရာခိုင်နှုန်းအားဖြင့် ပြောမယ်ဆိုရင် (၅၂.၃၀)လောက် ကျွန်တော်တို့ ပြီးစီးသွား ပြီဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ကျောင်းကိုတည်ဆောက်တဲ့နေရာမှာ အခုအချိန်မှာ (၅၀)ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးသော်လည်းပဲ ကျောင်းအပြီးသတ်ဖို့ရာ အခက်အခဲ တွေ့ကြုံ နေရပါတယ်။ ဒီကျေးရွာမှာ နေထိုင်ကြတဲ့ တောင်သူလယ်သမားဖြစ်တဲ့ အတွက်ကြောင့်မိုလို့ ဆန္ဒ ရှိသော်လည်းပဲ ခွန်အားငွေရေးကြေးရေး အခက်အခဲရှိတဲ့အတွက်ကြောင့် အခုပြည်သူများအနေနဲ့ ကျောင်းအပြီးသတ်ဖို့ရာ သူတို့မှာအခက်အခဲရှိတာ ကျွန်တော်တို့ ကိုယ်စားလှယ်ကို တင်ပြလာတာ ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ကနေပံ့ပိုးဖို့ရာ အင်မတန်မှ ပြည်နယ် အစိုးရ ဒါမှမဟုတ်ရင်လည်းပဲ သက်ဆိုင်ရာ အထက်အဖွဲ့အစည်း ပြည်ထောင်စုအဆင့်ကနေပြီးတော့မှ ကူညီပံ့ပိုးပေးဖို့ အင်မတန်မှ လိုလားတောင်းတနေကြတယ်ဆိုတာလည်းပဲ ကျွန်တော်ကိုယ်တိုင် ကွင်းဆင်း လေ့လာတဲ့အခါမှာ တွေ့ရှိရပါတယ်။ ဒါကြောင့်မိုလို့ ကျွန်တော့်အနေနဲ့ ပြည်သူများ ကိုယ်စား မေးမြန်းလိုတဲ့ မေးခွန်းကတော့ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်းကျေးရွာအုပ်စုရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်လျက်ရှိသော အခြေခံပညာ အထကကျောင်းခွဲသစ်ကို နှစ်ထပ်ဆောင်ကို ပြီးစီးနိုင်ရေး အတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ကျွန်တော်တို့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပေးပါရန် ကျွန်တော်တို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း ဒေသများအတွက် ပညာရေးကောလိပ်တစ်ခုအား တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းဒေသများအတွက် ပညာရေးကောလိပ်တစ်ခုအား တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် အနေနဲ့ မေးမြန်းမှာကတော့ ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသများအတွက် ပညာရေးကောလိပ်တစ်ခုအား တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တီးတိန်မြို့နယ်အပါအဝင် ချင်းပြည်နယ်တစ်ခုလုံး၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရန် အရည်အချင်းပြည့်ဝသော သင်ကြားရေးဆရာများ အထူးလိုအပ်လျက်ရှိပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍကို အထူး အလေးထားပြီး ကျောင်းသားများ၏ ပညာရေးအဆင့်မြင့်မားလာစေရန် ကျောင်းဆရာများ တိုးချဲ့ခန့်ထားသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါတယ်။ သင်ကြားရေးဆရာများ၏ အရည်အချင်း ပိုမိုမြင့်မားလာစေရန် လည်းကောင်း၊ မိမိနေထိုင်ရာဒေသနဲ့ ပြည်နယ်အတွင်း လွယ်ကူစွာ သင်တန်းတက်ရောက်နိုင်ရန်အတွက်သော်လည်းကောင်း၊ ချင်းပြည်နယ်အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူ ကောင်းမွန်ပြီး စရိတ်သက်သာမယ့် နေရာဒေသတွင် ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရန် လိုအပ်လျက်ရှိကြောင်း တင်ပြလိုပါတယ်။

ပညာရေးကောလိပ်အတွက် ကလေးမြို့နယ်နဲ့ တီးတိန်မြို့နယ် ဆက်စပ်လျက်ရှိသော ကလေးတက္ကသိုလ် တည်ရှိရာ တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာတွင် လိုအပ်သောမြေနေရာကို လုံလောက်စွာ ရရှိမှာ ဖြစ်ပါတယ်။ ခိုင်ကမ်းကျေးရွာတွင် ပညာရေးကောလိပ် ဖွင့်လှစ်ပေးနိုင်မည် ဆိုပါက ချင်းပြည်နယ်မြောက်ပိုင်း (၅)မြို့နယ်၊ မြို့နယ်ခွဲ(၂)ခုနဲ့ စစ်ကိုင်းတိုင်း အထက်ချင်းတွင်းဒေသ ရှိ ခန္တီး၊ လဟယ်၊ မော်လိုက်၊ ဟုမ္မလင်း၊ ကလေးဝ၊ တမူး၊ ကလေးမြို့ စသောဒေသများအတွက်လည်း များစွာ အထောက်အကူပြုလာမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ပညာရေးကောလိပ်တစ်ခု ဖွင့်လှစ်ပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ၏ ခရီးစဉ် ၁၇-၁၁-၂၀၁၃ ရက်နေ့တွင် တီးတိန်မြို့ ခရီးစဉ်တွင် တင်ပြခဲ့ပြီး ပြည်နယ်အစိုးရကိုလည်း မြို့နယ်အနေနဲ့ တင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပညာရေးကအစ အဖက်ဖက်၌ နောက်ကျကျန်ရစ်ခဲ့သော ချင်းတိုင်းရင်းသား

များ၏ ပညာရေးနဲ့ ဘက်စုံဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ စစ်ကိုင်းတိုင်းအထက် ချင်းတွင်းဒေသ၏ ပညာရေးအထောက်အကူပြုရန် သော်လည်းကောင်း၊ တီးတိန်မြို့နယ် ခိုင်ကမ်းကျေးရွာ၌ ပညာရေးကောလိပ်တစ်ခု တည်ဆောက်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာတင်ပြရင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထိန်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၄။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထိန်ကန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၄။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ရိုသေလေးစားရ ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ အစိုးရအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ် ထိန်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိန်ကန်ကျေးရွာ အထက်တန်းကျောင်း(ခွဲ)ဟာ ဆိပ်ဖြူရဲ့ အနောက်ဘက် (၉)မိုင်အကွာ ဆိပ်ဖြူ- ဆော ကားလမ်းမကြီးရဲ့ အနောက်ဖက် တစ်မိုင်ခန့် အကွာမှာ တည်ရှိသော ကျောင်းဖြစ်ပါတယ်။ ထိန်ကန် အ.ထ.က(ခွဲ) ကျောင်းကို ထိန်ကန်ကျေးရွာအုပ်စု ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော တမာချောင်၊ ထန်းပင်ကန်၊ ခံတက်ကုန်း၊ မြေကြမ်းတော၊ ဂျုတ်ချောင်ကြီး၊ ဂျုတ်ချောင်လေး၊ စိန်ပန်းကုန်း စတဲ့ ကျေးရွာများမှ အခြေခံမူလတန်း ကျောင်းများနဲ့ မူလတန်းလွန်ကျောင်း(၇)ကျောင်းတို့မှ လည်းကောင်း၊ တဲကြီး၊ ထန်းပင်ကျောင်း အခြေခံမူလွန်ကျောင်း များမှလည်းကောင်း၊ ငွေးပင်အခြေခံပညာအလယ်တန်း ကျောင်းများမှ လည်းကောင်း ကျောင်းသား၊ကျောင်းသူများ လာရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ထိန်ကန်ကျေးရွာ အုပ်စုနဲ့ ပတ်ဝန်းကျင်ကျေးရွာများဟာ အိမ်ခြေနဲ့ လူဦးရေများပြားလာတာနဲ့အညီ ကျောင်းသားဦးရေ မှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ထိန်ကန် အထက်တန်းကျောင်းခွဲနဲ့ ကျောင်းသားဦးရေ စုစုပေါင်းမှာ (၈၅၅)ဦးရှိပြီး၊ အထက်တန်းအဆင့်

ကျောင်းသားဦးရေမှာ(၃၂၈)ဦးရှိပါတယ်။ ထိန်ကန်ကျေးရွာအထက်တန်းကျောင်းခွဲအဖြစ် ၁-၆-၂၀၀၉ ခုနှစ်က စတင်ဖွင့်လှစ်ခွင့်ရခဲ့ရာ (၅)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။

ထိန်ကန်ကျေးရွာအထက်တန်း ကျောင်း(ခွဲ)သို့ ပတ်ဝန်းကျင်ကျေးရွာ(၁၉)ရွာတွင် အခြားဒေသ၊ အခြားမြို့နယ်များမှ လာရောက်ပြီး ညအိပ် ညဥ့်နေတက်ရောက်မှုများရှိပါသဖြင့် တက္ကသိုလ်ဝင်တန်းကျောင်းသား၊ ကျောင်းသူများ နေရေးထိုင်ရေး အဆင်ပြေစေရေးအတွက် တည်းခိုဆောင်ကျား၊ မ (၂)ဆောင် ဆောက်လုပ်ပေးပြီးလည်းဖြစ်ပါတယ်။ ကျောင်းဝင်းဧရိယာမှာ (၁၀.၂၅)ဧကကျယ်ဝန်းပြီး ကျောင်းဆောင်များအနေနဲ့ ပေ(၁၂၀xပေ(၃၀) အုတ်ညှပ်(၂)ဆောင်၊ ပေ(၁၂၀x၂၄)ပေ (၁)ဆောင်၊ (၁၀၀ပေx၃၀ပေ) (၁)ဆောင်၊ (၁၀၀ပေx၂၄ပေ)(၁)ဆောင် စုစုပေါင်း (၅)ဆောင်ရှိပါတယ်။ အဲဒီကျောင်းဆောင် (၅)ဆောင်ထဲမှာ (၃)ဆောင်ကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားရှိပါတယ်။ ကျောင်းရဲ့တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုချက် အောင်ချက်ရာခိုင်နှုန်းများ အနေနဲ့ကတော့ ၂၀၁၂ မှာ (၇၄)ရာခိုင်နှုန်း၊ ၂၀၁၃ မှာ (၄၆.၁၅)ရာခိုင်နှုန်း၊ ၂၀၁၄ မှာ(၂၆.၆) ရာခိုင်နှုန်းရရှိခဲ့ပါတယ်။ ကျောင်း ဆောင်အဆောက်အဦများနဲ့ စာသင်ခုံပရိဘောဂမှာ ပြည့်စုံလုံလောက်မှု ရှိပြီး ထိန်ကန်ကျေးရွာနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများဟာ ပညာရေးကို လိုလားပြီး စိတ်ဝင်စားတက်ကြွစွာနှင့် ကျောင်း၏လိုအပ်ချက်များကို ကူညီပံ့ပိုး ဖြည့်ဆည်းပေးလျက် ရှိကြပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ ခရိုင်၊ ဆိပ်ဖြူမြို့နယ်ရှိ ထိန်ကန်ကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ) အား အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ အစီအစဥ်ရှိပါက မည်သည့် စာသင်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျား။

**မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အလှည့်ကျတာဝန်လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး က မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အလှည့်ကျတာဝန်လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၈။**

**ဗိုလ်မှူးကျော်နိုင်ဌေး (တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ်(ကြည်း)၂၉၂၀၉ ဗိုလ်မှူးကျော်နိုင်ဌေး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြို့ပေါ်နှင့် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများအား အလှည့်ကျတာဝန် လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးသည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်မြင့်မားမှု လူ့အဆင့်အတန်းတိုးတက်ရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှာ ပါဝင်နေတာကို ကမ္ဘာ့နိုင်ငံအသီးသီးက အသိအမှတ်ပြုနေကြပြီးဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးမှုကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပညာတတ်မြောက်ခြင်းသည် အဓိကကဏ္ဍတစ်ခုအဖြစ် ပါဝင်နေလျက်ရှိပြီး ဖွံ့ဖြိုးသောနိုင်ငံများအတွက် နည်းပညာသစ်ကိုသင်ယူရာမှာလည်းကောင်း၊ လူတစ်ဦးချင်းတို့ရဲ့ ကိုယ်ပိုင်အရည်အသွေးတွေကို တိုးမြင့်ရာမှာလည်းကောင်း ပညာရေးသည် အဆုံးအဖြတ်ပေးမည့် သော့ချက်ပင် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးအခန်းကဏ္ဍကို နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်အောင် စီမံဆောင်ရွက်လျက် ရှိနေသည့်အလျှောက် မူလတန်းပညာကို ကလေးတိုင်း သင်ယူနိုင် အောင်လို့ အခမဲ့ပညာရေးစနစ် ကျင့်သုံးလာခဲ့ရာ ၂၀၁၄-၂၀၁၅ ခုနှစ်ပညာသင်နှစ်မှာ အလယ်တန်း အဆင့်ထိ အခမဲ့ပညာရေးစနစ် ကျင့်သုံးဆောင်ရွက်နေပြီဖြစ်ပါ၍ ကျောင်းသားမိဘများအတွက် နိုင်ငံတော်က စီမံဆောင်ရွက်လျှက်ရှိရာ နိုင်ငံသားတိုင်းကလည်း တစ်ပိုင်တစ်နိုင် ဦးထမ်းပဲ့ထမ်း ဝိုင်းဝန်း ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနှင့် မူဝါဒများချမှတ်ပြီး ကျောင်းဆရာ၊ ဆရာမများ၏ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းလျက်ရှိပါသည်။ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်အတိုင်း ပညာရေး ခေတ်မီတိုးတက်ရန် ကျောင်းဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍတွင် လွန်စွာအရေးကြီးပါသောကြောင့် မျိုးဆက်သစ်လူငယ်များ နောင်တစ်ခေတ်တွင် ပညာထူးချွန်ထက်မြက်သည့် သားကောင်းရတနာများဖြစ်အောင် ပညာသင်ကြားပေးနေသော ဆရာ၊ ဆရာမများ၏ကျေးဇူးသည် အင်မတန်ကြီးမားလှပါကြောင်း တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ၌ အဓိကဖြစ်သည့် ဆရာ/ ဆရာမများ အနေနှင့် အရည်အသွေး ပိုင်းပြည့်ဝရန်လိုအပ်သကဲ့သို့ မိသားစုအရေး အပါအဝင် စိတ်ဓာတ်ရေးရာ အပိုင်းပါ ပြည့်ဝနေရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

သို့မှသာ သင်ကြားရေးတာဝန်ကို စိတ်ချမ်းမြေ့စွာဖြင့် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါတယ်။ပညာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းဆရာ၊ ဆရာမများအား တာဝန်ကျရာဒေသများတွင် အနည်းဆုံး သုံးနှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး သုံးနှစ်ပြည့်ပါက မိမိပြောင်းရွှေ့လိုသော နေရာဒေသသို့သက်ဆိုင်ရာ ပညာရေးဌာနတို့မှတစ်ဆင့် ပြောင်းရွှေ့ခွင့် လျှောက်လွှာတင်စေပြီး နေရာလွတ်ရှိပါက စိစစ်၍ အဆင့်ဆင့် ခွင့်ပြုစေခဲ့ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျာ။ ကျေးလက်ဒေသနေ ဆရာ၊ ဆရာမများနှင့် မြို့ပေါ်ဒေသနေ ဆရာ၊ ဆရာမများဟာ မိမိတို့ဒေသနှင့် အနည်းစပ်ဆုံး ကျောင်းများတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် သတ်မှတ်ချက်နှစ်ကာလ အထိစောင့်ဆိုင်းသော်လည်း အောက်ခြေပညာရေးကဏ္ဍများမှ ဆက်လက်တင်ပြမှု အားနည်းကြောင်း သိရှိနေရပါတယ်။ သို့ဖြစ်ပါ၍ တချို့ ဆရာ၊ ဆရာမ များသည် မြို့ပေါ်ကျောင်းများတွင်သာ နှစ်ကာလကြာရှည်စွာ တစ်နေရာတည်း မိသားစုနှင့် အေးချမ်းစွာ အတူတကွနေထိုင်ပြီး တာဝန်ထမ်းဆောင်လျှက်ရှိတာကို တွေ့ရှိရပါသည်။ ယခုကဲ့သို့ မြို့ပေါ် ကျောင်းများမှ ဆရာ၊ဆရာမများ ကျောင်းတစ်ကျောင်းတည်းတွင် နှစ်ကာလကြာရှည်စွာ တာဝန်

ထမ်းဆောင်နေသည့် အတွက် ကျေးလက်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော ဆရာ၊ ဆရာမများမှာ မြို့ပေါ်တွင် မိသားစုနှင့်အတူနေထိုင်ပြီး တာဝန်ထမ်းဆောင်နိုင်ရန် အချိန်ကာလ ကြာရှည်စွာ စောင့်ဆိုင်းနေကြရမည် ဖြစ်ပါသည်။ ဒီလိုစောင့်ဆိုင်းရတဲ့အတွက် လူမှုရေးအခက်အခဲများ ရှိလာနိုင်ပြီး စိတ်ဓာတ်ကျဆင်းခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ပညာရေးဝန်ထမ်းများကြားတွင်လဲ စည်းလုံးညီညွတ်မှု ထိခိုက်လာနိုင်ပါတယ်။

ဒါကြောင့် ကျေးလက်ဒေသများမှ တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများနှင့် မြို့ပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများအလည့်ကျ တာဝန်ထမ်းဆောင် နိုင်ရေး၊ ပညာရေးဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့ စီစဥ်ဆောင်ရွက်ပေးနိုင်မည် အလည့်ကျတာဝန် ထမ်းဆောင်နိုင်ရေးနှင့် ပတ်သက်၍ မူဝါဒများမည်ကဲ့သို့ချမှတ်ထားခြင်း ရှိ၊ မရှိကို သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ရေနံချောင်းမြို့နယ်၊ ဘုရားကုန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပေ (၁၂၀x၃၀x၁၅)ပေရှိ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိတို့နှင့် စပ်လျဥ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့နယ်၊ ဘုရားကုန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ပေ (၁၂၀x၃၀x၁၅)ပေရှိ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိတို့နှင့် စပ်လျဥ်းသည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်း မြို့နယ်၊ ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိနဲ့ ပေ(၁၂၀x၃၀x၁၅)ပေရှိ ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းပါမယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းဟာ ရေနံချောင်းမြို့ရဲ့ မြောက်ဘက် (၅) မိုင်ခန့်အကွာမှာ တည်ရှိပြီးတော့ ဘုရားကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ(၈)ရွာမှ အလယ်တန်းကျောင်းသား၊ ကျောင်းသူ (၃၄၉) ဦး၊ မူလတန်းကျောင်းသား/သူ (၂၈၂) ဦး၊ စုစုပေါင်း (၆၃၁) ဦး လာရောက်

ပညာသင်ကြားလျက်ရှိရာ ပတ်ဝန်းကျင်ကျေးရွာများမှ အလယ်တန်းပညာရေးအတွက် မှီခိုအားထား ရတဲ့ ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။

အဆိုပါကျောင်းမှာ လက်ရှိအခြေအနေအရ ကျောင်းဆောင်(၇)ဆောင်ရှိပါတယ်။ အဲဒီ ကျောင်းဆောင်များကတော့ (၁၉၉၈) ခုနှစ်က ဌာနဆိုင်ရာများ မှ (၁၅) သိန်း၊ မိဘပြည်သူမှ သိန်း (၂၀) စုစုပေါင်း (၃၅) သိန်းဖြင့်ဆောက်လုပ်ထားတဲ့ အလျား(၁၂၀x၃၀x၁၈)ပေရှိပြီး သွပ်မိုးအုပ်ကာ အုပ်ခင်းတစ်ထပ် ကျောင်းဆောင် သပြေဆောင်၊ ၂၀၀၆ခုနှစ်၊ ဌာနမှ (၂၅) သိန်း၊ မိဘပြည်သူမှ (၇) သိန်း စုစုပေါင်း(၃၂)သိန်းအကုန်အကျခံပြီး၊ အလျား (၈၀x၃၀x၁၅) ပေရှိပြီး သွပ်မိုး၊ အုတ်ကာ အုတ်ခင်းတစ်ထပ် ကျောင်းဆောင် ငုဝါဆောင်၊ ၁၉၉၄ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်တဲ့ အလျား (၃၆ x ၁၈x ၁၅)ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်း တစ်ထပ်ကျောင်းဆောင် မြလေးဆောင်၊ ၁၉၉၀ ခုနှစ်က ကိုယ့်အား ကိုယ်ကိုး ဆောက်လုပ်တဲ့ အလျား (၅၀x၂၀x၁၅) ပေရှိ သွပ်မိုးထရံကာ မြေသားခင်း တစ်ထပ် ကျောင်းဆောင် ရွှေတမာဆောင်၊ ၁၉၉၀ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားတဲ့ အလျား (၈၀x၂၄x၁၈) ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ တစ်ထပ်ကျောင်းဆောင် သစ်ဆိမ့်ဆောင်၊ ၂၀၀၆ခုနှစ်က ကိုယ်အားကိုယ်ကိုးဆောက်လုပ်ထားတဲ့ အလျား (၆၀x၃၀x၁၈) ပေရှိ သွပ်မိုးအုတ်ကာ အုတ်ခင်း တစ်ထပ်ကျောင်းဆောင် စံပါယ်ဆောင်၊ ၂၀၀၉ ခုနှစ်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ် ထားတဲ့ အလျား(၈၀x၂၄x၁၈) ပေ သွပ်မိုး၊ အုတ်ကာ မြေခင်းတစ်ထပ်ကျောင်းဆောင် ပိတောက်ဆောင်တို့ ဖြစ်ပါတယ်။

ဘုရားကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဟာ ယခုအခါမှာ အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆင့်တိုးမြင့်ပေးရန်လိုအပ်လျှက်ရှိပြီး အခြေခံပညာ အထက်တန်းကျောင်းခွဲ အဆင့်သို့ တိုးမြှင့်ပေးနိုင်ရေးအတွက် ရေနံချောင်းမြို့နယ်၊မြို့နယ်အုပ်ချုပ်ရေးမှုး၏ ထောက်ခံချက်၊ မြို့နယ်ပညာရေးမှုး၏ထောက်ခံချက်နှင့်အတူ ရေနံချောင်းမြို့နယ်၊ မြို့နယ်ပညာရေးမှုး၏ ၂၈-၁၀-၂၀၁၃ ရက်စွဲပါစာအမှတ် ၁/ဦး-၁/၂၁၂/၂၀၁၃ ဖြင့် ညွှန်ကြားရေးမှုး တိုင်းဒေသကြီး ပညာရေးမှုးရုံး၊ မကွေးတိုင်းဒေသကြီးသို့လည်း ပေးပို့ထားပြီးဖြစ်ပါသည်။ ဒါ့ပြင် အဆိုပါကျောင်းမှာ ကျောင်းဆောင် (၇) ဆောင်ရှိသည့်အနက် ၁၉၉၀ ခုနှစ်က ကိုယ့်အားကိုယ်ကိုးဆောက်လုပ်သည့် အလျား (၈၀x၂၄x၁၈) ပေရှိ သွပ်မိုးထရံကာ ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင် သစ်ဆိမ့်ဆောင်ဟာ ယခုအခါမှာ အမိုး၊ အကာ၊ အခင်းများ ပျက်စီးဆွေးမြေ့နေခြင်း၊ တိုင်များလည်း ခြစားနေခြင်း၊ ဥပဓိရုပ်ကောင်းမွန်ခြင်း မရှိတော့ သည့်အတွက် အလျား (၁၂၀x၃၀x၁၅) ပေရှိ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် လိုအပ်နေကြောင်း တွေ့ရှိရပါတယ်။ ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုး ဆောက်လုပ်ပေးနိုင်ရေး အတွက်လည်း မြို့နယ်ပညာရေးမှုး၏ စိစစ်ထောက်ခံချက်နှင့် အတူရေနံချောင်းမြို့နယ် ပညာရေးမှုး ၂၃-၇-၂၀၁၃ ရက်စွဲပါစာအမှတ် ၈/ထောက်-၁/၇၅၂/၂၀၁၃ဖြင့် ညွှန်ကြားရေးမှုး၊ တိုင်းဒေသကြီး ပညာရေးမှုး၊ ညွှန်ကြားရေးမှုးရုံး၊ မကွေးတိုင်းဒေသကြီးသို့ အမှုတွဲနှင့်တကွ တင်ပြတောင်းခံထားပြီးလည်း ဖြစ်ပါတယ်။

သို့ပါ၍ ဒေသခံပြည်သူများကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် အောက်ပါမေးခွန်းများအား မေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ရေနံချောင်းမြို့နယ်၊ ပင်းဝကျေးရွာ အုပ်စု၊ ဘုရားကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း

အဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ။ မေးခွန်း(၂) ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်မှစ၍ တိုးမြှင့်ဖွင့်လှစ်ပေးမည်။ (၃) အဆိုပါကျောင်းတွင် ပေ (၁၂၀x၃၀x၁၅) ပေရှိ ကျောင်းဆောင်သစ်တစ်ဆောင်အသစ် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ။ (၄) ဆောက်လုပ်ပေးမည် ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ဟု မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနှင့်ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်ကြီးများ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကာယ၊ သုခ၊ စိတ္တသုခ အားလုံးပြည့်စုံနိုင်ကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က ကိုယ်စားလှယ်တော်ကြီးများရဲ့ မေးခွန်းကို ဖြေကြားပါမယ်။ အစတုန်းကတော့ (၆)ဦး ဖြစ်သော်လည်း တစ်ဦးကတော့ ကျေးဇူးတင်ကြောင်းနှင့် ပြန်လည်ပြီး၊ ပြောကြားပြီးဖြစ်၍ ကျွန်တော် ဒီ ဒုတိယမေးခွန်းကနေပြီး စတင်ဖြေကြားခွင့်ပြုပါခင်ဗျား။ မေးခွန်းအနေနဲ့ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဂမ်ဆိုင်း ရဲ့ ဝိုင်းမော်မြို့နယ်၊ နောင်ချိန်း ကျေးရွာအုပ်စု၏ အခြေခံပညာ အလယ်တန်းကြောင်း နောင်ချိန်း ကျောင်းဆောင်သစ် နှစ်ထပ်အတွက် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးနိုင်ရန် အစီအစဥ်ရှိ၊ မရှိနှင့် စပ်လျဥ်းတဲ့ မေးခွန်းကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနှင့် ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ပြုပြင်ထိမ်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်မှု လုပ်ငန်းများနှင့် ပတ်သတ်၍ ဘဏ္ဍာရေးစည်းမျဥ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ် ဦးစားပေး အစီအစဥ် ကျောင်းအလိုက်တန်းစီဇယားမှာ ထည့်သွင်းဖော်ပြခြင်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ယခု ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ ကျောင်းဆောင်သစ် ပြီးမြောက်ရေးအတွက်ဟာ ဘဏ္ဍာရေး စည်းမျဥ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုရှိပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် နောင်ချိန်း အခြေခံပညာ အလယ်တန်းကျောင်းရှိ အလျား ၁၂၀ပေ၊ အနံ ၃၀ပေ နှစ်ထပ်ကျောင်းဆောင် အပြီးသတ် ဆောက်လုပ်နိုင်ရန်အတွက် လိုအပ်တဲ့ရန်ပုံငွေကို ယခုဘဏ္ဍာရေးနှစ် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ၀၄-၀၂ ပြင်ထိန်း ခေါင်းစဥ်ရန်ပုံငွေအောက်မှာ ငွေကျပ်သန်း (၃၀) အား ခွဲဝေပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ ချင်းပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးခမ်ဆွင်းမုန် ရဲ့ ချင်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းဒေသများအတွက် ပညာရေး ကောလိပ်တစ်ခုအား တီးတိန်မြို့နယ်၊ ခိုင်ကမ်းကျေးရွာတွင် ဖွင့်လှစ်ပေးရန် အစီအစဥ် ရှိ၊ မရှိနှင့် စပ်လျဥ်းတဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ အောင်ချက် မြင့်မားရေးအတွက်လည်း ကျွန်တော်တို့ ဒီနေရာမှာ စာသင်ကောင်းတဲ့ ဆရာ၊ ဆရာမများကို ဆင့်ပွား သင်တန်းများပေးဖို့ ဆောင်ရွက်နေလျှက်ရှိသလို ကျွန်တော်တို့ ဒီတိုးတက်တဲ့ သုတနည်းပညာ ICT လို့ ခေါ်တဲ့ ဒီသုတနည်းပညာကိုသုံးပြီတော့လည်း ဆရာအတတ်သင်ပညာ ရေးကိုဖြန့်ဖြူးသွားဖို့လည်း စီမံ ဆောင်ရွက်လျက် ရှိပါကြောင်း ပဏာမဦးစွာအနေနဲ့တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ ပညာရေးကောလိပ်ကျောင်း တစ်ကျောင်းဖွင့်လှစ်ရန်နှင့် စပ်လျဥ်းပြီးရှင်းလင်း ဖြေကြားခွင့်ပြုပါ။ ပညာရေးကောလိပ် ကျောင်း တစ်ကျောင်း ဖွင့်ဖို့အတွက် အနည်းဆုံးကတော့ သင်တန်းသားအင်အား (၂၀၀) ဦး ခန့်ရှိရမှာ ဖြစ်ပါ တယ်။ အဲဒီတော့ ကျောင်းသားအင်အားရပြီဆိုရင် ကျောင်းမြေနေရာအတွက် မြေဧရိယာလိုအပ်ပါတယ်။ မြေဧရိယာအနည်းဆုံး ၄.၃ ဧက က နေပြီးတော့ အများဆုံး ၁၂.၀၅ ဧက အထက် လိုမှာဖြစ်ပါတယ်။ ဝင်ဆံ့အင်အား (၂၀၀)ဦး အနက်မှ သီးခြားဆောက်လုပ်ရန် အတွက်လိုအပ်တဲ့ အမျိုးသားအင်အား (၅၀) နှင့် အထက်အတွက် အိပ်ဆောင်လိုအပ်ပါတယ်။ အမျိုးသမီးအင်အား (၁၀၀)ဦးအတွက် အိပ်ဆောင် တစ်ဆောင်လည်းလိုအပ်ပါတယ်။

ဒါ့အပြင် စာသင်ဆောင်များ၊ သိပ္ပံဆောင်များ၊ လက်တွေ့ဆောင်များ၊ စားရိပ်သာဆောင်များ၊ ဝန်ထမ်းအိမ်ရာ စသည်တို့လည်း ဖြည့်ဆည်းပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ပညာရေးကောလိပ် တစ်ကျောင်းရဲ့ ဝန်ထမ်းအိမ်ရာဖွဲ့စည်းပုံအရ သင်ကြားရေး ဆရာ/ဆရာမ (၇၉) ဦး စီမံရေးရာ ဝန်ထမ်း(၁၀၂)ဦး၊ စုစုပေါင်းဝန်ထမ်း (၁၈၁)ဦးခန့် ခန့်ထားရမှာဖြစ်ပါတယ်။ အဲဒီတော့ ချင်းပြည်နယ် မှာ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာဒီပလိုမာ သင်တန်းတက်ရောက်နေတဲ့ သူတွေဟာ ယခုလက်ရှိမှာတော့ မုံရွာပညာရေးကောလိပ် နဲ့ ပခုက္ကူပညာရေးကောလိပ်များမှာ တက်ရောက် သင်ကြားလျက် ရှိနေပါတယ်။ အဲဒီတော့ တစ်နှစ်ကိုဘယ်လောက် တက်ရောက်လာတယ်လို့ ကျွန်တော်တို့ စိစစ်ကြည့်တဲ့ အခါမှာ (၅၀)ဦး နဲ့ (၁၀၀) ဦးကြား ရှိတာတွေ့ရပါတယ်။

ဒါကြောင့်မို့လို့ ချင်းပြည်နယ်မှာ ပညာရေးကောလိပ်ကျောင်း (၁) ကျောင်းဖွင့်နိုင်ရန် အတွက် မြေနေရာအဆောက်အဦဆောက်လုပ်နိုင်ရန်အတွက် ဘဏ္ဍာငွေရရှိနိုင်မှု ဆရာတွေဖြည့်ဆည်း နိုင်ရေး စတဲ့လိုအပ်ချက်များကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပညာရေးကောလိပ်ကျောင်း (၁) ကျောင်း အသစ်ထပ်မံဖွင့်နိုင်မည့် အခြေအနေဟာ မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ သို့သော်လည်း အစပထမမှာ ကျွန်တော် တင်ပြခဲ့သလိုပဲ ဆရာအတတ်သင်ပညာရေးကို ကျွန်တော်တို့ဟာ ဘက်ပေါင်းစုံကနေပြီးတော့ တိုးချဲ့ပြီးတော့ သင်တန်းပေးသွားဖို့ ဆောင်ရွက်လျက် ရှိရာ ခုနက သုတနည်းပညာကိုသုံးပြီးတော့လည်း ကျွန်တော်တို့ ဆောင်ရွက်သွားရန် အစီအစဥ် ရှိပါကြောင်း ထပ်လောင်းပြီးတော့ တင်ပြလိုပါတယ်ခင်ဗျား။

တတိယမေးခွန်းအနေနဲ့ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသော်ဇင်ဦး ရဲ့ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ထိန်ကန် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဥ် ရှိ၊ မရှိနဲ့ စပ်လျဥ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ၊ ထိန်ကန် အခြေခံပညာ

အထက်တန်းကျောင်းခွဲမှာ ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်မှာ စာသင်ကြားနေတဲ့လူတွေကို စိစစ်ကြည့်တဲ့ အခါမှာ နဝမတန်းမှာ (၈၃) ဦး ဒသမတန်းမှာ (၈၃) ဦး စုစုပေါင်း အထက်တန်းအဆင့်သင် ကျောင်းသားဦးရေ (၁၆၆) ဦးသာ ရှိပါကြောင်းတွေ့ရှိရပါတယ်။

အဲဒီတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်တိုးမြှင့်ပေးရန် သတ်မှတ်ချက် မူတွေရှိတယ်ဆိုတာလည်း ကျွန်တော် တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အများအားဖြင့်တော့ ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ၊ မရှိ ၊ ကျောင်းအဆောက်အဦ ပရိဘောဂ ပြည့်စုံခြင်း ရှိ၊ မရှိ တို့အပေါ် ထည့်သွင်း စဉ်းစားပါတယ်။ အဲဒါအပြင် ကျောင်းအဆောက်အဦ မြေနေရာ ရှိ၊ မရှိ နဲ့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးမှုတိုးတက်ရေး စတဲ့လိုအပ်ချက်များအပေါ်မှာ မူတည်ပြီး တော့လည်း သတ်မှတ်ထားတဲ့ မူဝါဒတွေကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်များကို တိုးမြှင့်ဆောင်ရွက်ပေး လျက်ရှိပါတယ်။

ဒါကြောင့်မို့ လို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုး တိုးတက်ရေး စတဲ့ လိုအပ်ချက်များအပေါ်မူတည်ပြီး ကျောင်းသားဦးရေသတ်မှတ်ချက် အဆင့်ကို ဖြေလျှော့ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအခြေအနေအရ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောထားမှတ်ချက်နဲ့ တင်ပြလာမယ် ဆိုရင် ကျောင်းအဆင့် တိုးတန်းစီဇယားမှာ ထည့်သွင်းလျာထားပေးသွားနိုင်မည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းအနေနဲ့တော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကျော်နိုင်ဌေး ရဲ့ မြို့ပေါ် ဆရာ/ဆရာမများနဲ့ ကျေးရွာတွင် ပညာသင်ကြားပေးနေသော ဆရာ/ဆရာမများအား အလှည့်ကျ တာဝန်လဲလှယ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာရေးပြုပြင် ပြောင်းလဲမှုတွေကို ဆောင်ရွက်ရာမှာ ပညာရေးကဏ္ဍအတွက် အရေးပါတဲ့ ဆရာ/ဆရာမ များရဲ့ လူမှုစီးပွားဘဝ အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအတူ ယမန်နေ့က ပြည်ထောင်စုလွှတ်တော်မှာ ဒီလွှတ်တော် (၂) ရပ်က တင်သွင်းတဲ့ အမျိုးသားပညာရေး ဥပဒေမူကြမ်းမှာလည်း လူမှုစီးပွားဘဝတွေကို ဖွံ့ဖြိုးတိုးတက်အောင် ထောက်ပံ့သွားဖို့အတွက် ညှိနှိုင်း ဆောင်ရွက်ရမယ်ဆိုတဲ့ Statement မျိုးလည်း ကျွန်တော်တို့ ထည့်သွင်းထားတာ ဖြစ်ပါတယ်။ ဒါကတော့ ပဏာမဦးစွာအနေနဲ့ ရှင်းလင်းတင်ပြခြင်းပဲ ဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ အခြေခံပညာဦးစီးဌာနမှာရှိတဲ့ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ/ဆရာမ များ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများအား ရာထူးတိုးပြောင်းရွှေ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာမှာ စနစ်တကျ မူများချမှတ်ပြီး တစ်နှစ်မှာ အနည်းဆုံး (၁) ကြိမ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တာလည်း သင်ကြား သင်ယူမှုတွေကို ထိခိုက်မှုမရှိစေရန်အတွက် ကျွန်တော် တို့ အနည်းဆုံးတစ်ကြိမ်ဆိုတဲ့ စကားလေးကိုတော့ ဒီနေရာမှာ ထပ်မံပြီးတော့ အထူးပြုတင်ပြလိုပါတယ်။ အဲဒီတော့ အနည်းဆုံးတစ်ကြိမ်ဆိုတာ တစ်ကြိမ်မက ဆိုတဲ့ အဓိပ္ပါယ်လည်းပေါက်ကြောင်းဒီနေရာမှာ

ရှင်းလင်းတင်ပြလိုပါတယ်။ အဲဒီတော့ ဒါဟာလည်း အခုနောက်ပိုင်းမှာ ပြုပြင်ပြောင်းလဲလိုက်တဲ့ မူလေးတစ်ခု ဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

အဲဒီလို အပြောင်းအလဲတွေ လုပ်တဲ့အခါမှာလည်း သင်ကြားသင်ယူမှုတွေကို ထိခိုက်မှု မရှိဖို့အတွက်လည်း ဦးစားပေး စဉ်းစားရပါတယ်။ အခြေခံပညာကဏ္ဍမှာ ပညာရေးဝန်ထမ်း ဆရာ/ ဆရာမ အင်အားဘယ်လောက်ရှိတာလည်း တင်ပြခွင့်ပြုရင်း အားလုံးပေါင်း (၃) သိန်းကျော်ရှိပါတယ်။ ဒီလောက် ထုထည်ပမာဏ ကြီးမားလှတဲ့ ဝန်ထမ်း အဖွဲ့အစည်း ဖြစ်ပါတယ်။ ၎င်း ဆရာတွေ၊ ဆရာမတွေက သတ်မှတ်နှစ်ပြည့်ပါက အလှည့်ကျစနစ်နဲ့ မြို့ပေါ်က ဆရာ/ ဆရာမများကို ကျေးလက်ကို၊ ကျေးလက်က ဆရာ/ဆရာမများကို မြို့ပေါ်ကို ပြောင်းရွှေ့ခြင်းတွေကို ဆောင်ရွက်ပေးမယ် ဆိုလို့ရှိရင်တော့ ဆရာ/ဆရာမ အများစုအတွက် အခက်အခဲရှိနိုင်ပါတယ်။ ဒီလောက် ထုထည် ပမာဏ ကြီးမားလှတဲ့ ဝန်ထမ်းကို ပြောင်းရွှေ့တာဝန်ယူရမယ့် နေရာအသီးသီးမှာ ၎င်းတို့နေထိုင်ရေးအတွက် အဆောက်အဦ လုံလောက်စွာ စီစဉ်မပေးနိုင်ခြင်း၊ ပြောင်းရွှေ့ရမယ့် ခရီးအကွာအဝေး အလိုက် ကုန်ကျစရိတ် များပြားနိုင်ခြင်း၊ နေရာသစ်များတွင် အခြေတကျဖြစ်ရန် အချိန်ယူရခြင်း၊ လက်ရှိ လစာဖြင့် လုံလောက်မှုမရှိနိုင်ခြင်း၊ အိမ်ငှားနေရန် အခက်အခဲရှိနိုင်ခြင်း စသည်တို့ကို ကြုံတွေ့ ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ အလှည့်ကျ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်း ကိစ္စကို မဆောင်ရွက်နိုင် ဖြစ်သည့်အတွက် ဆရာ/ဆရာမများ၏ ဘဝအခြေအနေများကို ယခုထက် ပိုမိုပြည့်စုံပြီးတော့ အဆင်ပြေ နိုင်စေရေးအတွက် တစ်နေရာတည်းမှာပဲ အခြေကျတာဝန်ထမ်းဆောင်ရေးနည်းလမ်းဖြစ်တဲ့ ဒေသခံများ ကိုသာ ဦးစားပေးပြီးတော့ ခန့်ထားတဲ့စနစ်ကို ကျင့်သုံးလျက်ရှိပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း ဆရာ/ဆရာမများ၊ ဝန်ထမ်းသစ်များကို ခန့်ထားရာမှာလည်း ဒေသခံများကို ဦးစားပေးခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိတာအပြင် ပညာရေးဝန်ထမ်းရဲ့ ဆန္ဒပြုဒေသ၊ လစ်လပ်မှုအခြေအနေများနှင့်ကိုက်ညီမှုရှိပါက ဦးစားပေးအနေနဲ့ အခြေခံပညာအဆင့် ပညာရေးဝန်ထမ်းများ၏ အပြောင်းအရွှေ့လျှောက်ထားခွင့်ကို လက်ရှိရာထူး ကျောင်းတစ်ကျောင်းမှာ တဆက်တစ်စပ်တည်းလုပ်တဲ့ နှစ်နှစ်တာဝန်ထမ်းဆောင်ပြီးပါက အပြောင်း အရွှေ့ လျှောက်ထားနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒီနေရာမှာထပ်မံ ဖြည့်စွက်ပြီးတင်ပြလိုတာကတော့ ပြောင်းရွှေ့သူဟာ မိသားစုများဖြစ်ခဲ့ရင် အနီးစပ်ဆုံးဖြစ်အောင် ကျွန်တော်တို့ ထည့်သွင်းနေရာချထားပေးလျက်ရှိပါကြောင်း ကျွန်တော်တို့ ရှင်းလင်းတင်ပြလိုပါ တယ်ခင်ဗျား။ ဆက်လက်ပြီးတော့ ပဉ္စမ မေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်းရဲ့ မကွေးတိုင်း ဒေသကြီး ရေနံချောင်းမြို့နယ် ၊ ပင်းဝကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်းအား အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ၊ မရှိ နဲ့ အလျား (၁၂၀) ပေ ၊ အနံ (၃၀) ပေရှိတဲ့ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ နဲ့ စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်ကြီးတင်ပြလာတဲ့ မကွေးတိုင်း ဒေသကြီး ၊ ရေနံချောင်းမြို့နယ် ၊ ဘုရားကုန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား ၅-၆-

၂၀၁၄ ရက်နေ့မှာ သတ်မှတ်ချက်များနဲ့ ကိုက်ညီတဲ့အတွက် အခြေခံပညာအထက်တန်းကျောင်းခွဲ အဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးပြီး ဖြစ်ပါတယ်။ အဲဒီ အဆိုပါကျောင်းမှာလည်း အလျား (၁၂၀) အနံ (၃၀) ပေ ကျောင်းဆောင်သစ် တစ်ဆောင်ဆောက်လုပ်ပေးရန်အတွက် လိုအပ်တဲ့ ရန်ပုံငွေဟာ ငွေလုံးငွေရင်းမှာ လျာထားရမှာဖြစ်တဲ့အတွက် လာမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေး ရန်ပုံငွေခေါင်းစဉ်အောက်မှာ ငွေကျပ် သန်းပေါင်း (၄၃.၂) သန်းအား လျာထား ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေး စဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က အမျိုးသား လွှတ်တော်သို့ တင်သွင်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီး အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ဟာ အမျိုးသားလွှတ်တော်ရဲ့ ရေးရာကော်မတီများနဲ့ လွှတ်တော်အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒညှိနှိုင်းရေးအဖွဲ့ရဲ့ အတွင်းရေးမှူးဖြစ်ပြီးတော့ အခြားရေးရာ ကော်မတီတစ်ခုရဲ့ ဥက္ကဋ္ဌ တာဝန်ပေးခံရသူဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ အညီ လွှတ်တော်ကိုယ်စားလှယ်အနေနှင့် ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းခွင့် တင်ပြထားချက်ကို ယနေ့အစီအစဉ်မှာ ခွင့်ပြုခဲ့တဲ့အတွက် ဥပဒေကြမ်းကို တင်သွင်းသွားမှာဖြစ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယနေ့ တင်ပြမယ့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူပေးပါရန်နှင့် ကျင်းပဆဲ ဒသမအကြိမ် လွှတ်တော်များရဲ့ အစည်းအဝေးဟာ ဩဂုတ်လ ၁ ရက်နေ့မှာ ပြီးစီးမှာဖြစ်တဲ့အတွက်ကြောင့် ရက် ကန့်သတ်ချက် ရှိနေတဲ့အတွက်ကြောင့် လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက တစ်ပါတည်းပင်

ဤဥပဒေကြမ်းအပေါ် အဆုံးအဖြတ်ကိုလည်း ရယူပေးနိုင်ပါရန်နှင့် တစ်ဆက်တည်း လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေနှင့် စပ်လျဉ်းပြီးတော့ လွှတ်တော်နှစ်ရပ်မှာရှိတဲ့ ဆိုင်ရာ ဥပဒေကြမ်းကော်မတီ၊ လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ စတဲ့ကော်မတီများဟာ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေပညာရှင်များ စတဲ့ အဖွဲ့အစည်း ပုဂ္ဂိုလ်များနဲ့ အကြိမ်ကြိမ်ကာလရှည်ကြာစွာ ဆွေးနွေး ညှိနှိုင်းခဲ့တာဖြစ်ပါတယ်။ ပြင်ပမှာလည်း လွှတ်တော်ကိုယ်စားလှယ်များ ပင်ပင်ပန်းပန်းနဲ့ ရုန်းကန်ဆောင်ရွက် နေရတာ၊ စိုက်ထုတ်ကုန်ကျခံပြီး လုပ်ကိုင်နေရတာကို သိတဲ့ပြည်သူများဘက်က ရရှိတဲ့ ချီးမြှင့်ငွေနဲ့ မကာမိဘူးဆိုပြီးတော့ စာနာမှုနဲ့ ပြောဆိုသံကြားရသလို ကိုယ်စားလှယ်များက ကိုယ်ရရှိမယ့် စရိတ်ချီးမြှင့်ငွေကိစ္စကိုပဲ တိုးမြှင့်ရဖို့ အာရုံစိုက် လုပ်နေတယ်လို့လည်း မညှာမတာ ပြောဆိုမှုများ ရှိပါတယ်။ မည်သို့ပင် ပြောဆိုစေကာမူ ကျွန်တော်ယခု တင်သွင်းမယ့် ဥပဒေကြမ်းထဲမှာ တိုးမြှင့်ခံစားခွင့် တစ်စုံတစ်ရာ မပါတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီအပေါ်မှာလည်း ကျွန်တော်အနေနဲ့ အထူး ဝေဖန်စရာ မရှိပါဘူး။ ဒီဥပဒေနဲ့ အကျုံးဝင်တဲ့ ပုဂ္ဂိုလ်အားလုံးအတွက် တင်ပေးသင့်တယ်လို့ ခံယူမိတဲ့အတွက်ကြောင့် ခုလို တာဝန်ယူပြီး တင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်သွင်းမယ့် ဥပဒေကြမ်းကတော့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးများအတွက် ချီးမြှင့်ငွေနဲ့ စရိတ်များ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို တင်သွင်းရခြင်းရဲ့ ရည်ရွယ်ချက်ကိုလည်း တင်ပြပါမယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်အစည်းအဝေးများဟာ အကြမ်းအားဖြင့် တစ်နှစ်ကို (၇)လနဲ့ (၈)လကျော်အထိ ကြာတတ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူ့အတွက် လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းရန်၊ ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်အတွက် ပြည်ထောင်စုအဖွဲ့အစည်းများ ဘက်က လိုအပ်သလို ဥပဒေကြမ်းများ တင်သွင်းတာရှိသလို လွှတ်တော်ဘက်ကလည်း ပြည်သူ့အတွက် လိုအပ်တဲ့ ဥပဒေကြမ်းများ တင်သွင်း ဆွေးနွေးဆုံးဖြတ်ရတာတွေ၊ ပြည်ထောင်စုအစိုးရကသာ တင်သွင်းခွင့်ရှိတဲ့ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ အကောက်ခွန်ဆိုင်ရာ ဥပဒေ စတဲ့ အရေးကြီးတဲ့ ဥပဒေများကိုလည်း ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးရတဲ့ ဥပဒေပြုရေးရာ အရေးကြီးတာဝန်နဲ့ လွှတ်တော်ရေးရာကော်မတီတာဝန်များကိုပါ တစ်နှစ်ပတ်လုံးသဘော တာဝန် ထမ်းဆောင်နေကြရပါတယ်ခင်ဗျ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (က)မှ(ဇ)အထိ မှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်များကို ပြဋ္ဌာန်းထားပါတယ်။

အဲဒီ ပုဒ်မခွဲတွေကိုကြည့်ရင် ပုဒ်မခွဲ (က)မှ (ဃ) အထိကို ပြဋ္ဌာန်းပေးထားတဲ့တာဝန်တွေ ကတော့ လွှတ်တော်ထဲမှာသာ တာဝန်ထမ်းဆောင်ရတယ်လို့ ပြောနိုင်ပေမယ့် ကျန်ပုဒ်မခွဲ (၄)ခုကတော့ လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန် တစ်နည်းအားဖြင့် မဲဆန္ဒနယ်ထဲမှာ ပြည်သူ့အကျိုး၊ ဒေသအကျိုးနှင့် ယှဉ်တဲ့တာဝန်များကို ထမ်းဆောင်ရန် ပြည်သူကရွေးကောက် တင်မြှောက်ထားသည့် ကိုယ်စားလှယ်များဖြစ်သည့်အလျောက် မိမိမဲဆန္ဒနယ်မြေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာကော်မတီ၊ ကော်မရှင်၊ အဖွဲ့အစည်းများ၊ အဖွဲ့အစည်းဝင်များနှင့်ပေါင်းစပ် ညှိနှိုင်းပေးခြင်း၊ မဲဆန္ဒရှင်များအား လွှတ်တော်အတွေ့အကြုံများ

ပြန်လည်ရှင်းလင်းတင်ပြခြင်း၊ မဲဆန္ဒရှင်ပြည်သူများနဲ့ လိုအပ်ချက် တင်ပြချက်များနဲ့ စပ်လျဉ်းပြီးတော့ လွှတ်တော်သို့ တင်ပြခြင်းနဲ့ လွှတ်တော်က ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များဖြစ်ကြပြီးတော့ ဒီတာဝန်တွေကို တစ်နှစ်ပတ်လုံး ထမ်းဆောင်နေရကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ချက်ကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဦးစီးအဖွဲ့ဝင်များရဲ့ ချီးမြှင့်ငွေနဲ့ စရိတ်ဆိုင်ရာဥပဒေမှာ ပုဒ်မ ၆၊ ၇၊ ၈၊ ၉ တို့မှာ အဆိုပါစရိတ်များ ခံစားခွင့်ကို ပြဋ္ဌာန်းထားတဲ့နေရာမှာ ကန့်သတ်ချက်တစ်ခုရှိပါတယ်။ တာဝန်အရ ခရီးသွားလာခြင်းဆိုတဲ့ စကားရပ်နဲ့ အစည်းအဝေးတက်ရောက်ရသောကိစ္စများ ဖြစ်ပါက ဆိုပြီးတော့ လွှတ်တော်အစည်းအဝေး ကျင်းပတဲ့ ကာလအတွင်းသာ ကန့်သတ် သတ်မှတ်ပြဋ္ဌာန်း သလိုဖြစ်တဲ့အတွက်ကြောင့် ဤဥပဒေသည် ပြည့်စုံခြင်းမရှိ။ အမှန်တကယ် တာဝန်ထမ်းဆောင်တဲ့ ကာလများအတွက် လွှမ်းခြုံပြဋ္ဌာန်းနိုင်ခြင်း မရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မိုလို့ လွှတ်တော်အစည်းအဝေးများကျင်းပတဲ့ ကာလအပါအဝင် အမှန်တကယ် တာဝန်ထမ်းချိန် အားလုံးပါ တည်းခိုနေထိုင်စရိတ်၊ အခြားအသုံးစရိတ်နှင့် စားသောက်စရိတ်တို့ကို ခံစားခွင့်ရရှိနိုင်စေရန်အတွက် လိုအပ်ချက်အရ ဤပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ယခုလို ပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ ကျွန်တော် စောစောက တင်ပြခဲ့သလို စရိတ်များနဲ့ ပတ်သက်လို့ ငွေကြေးပမာဏ တိုးမြှင့်ခံစားခွင့် တစ်စုံတစ်ရာမပါဘဲ အမှန်တကယ်တာဝန်ထမ်းဆောင် ရတဲ့ ကာလအားလုံးအတွက် ဥပဒေပါ ခွင့်ပြုစရိတ်များကို ခံစားခွင့်ရရှိနိုင်ရန် တာဝန်ချိန် ကာလ သတ်မှတ်ချက်ကို ပြင်ဆင်ပေးရန် တင်သွင်းပေးတာ ဖြစ်ပါကြောင်း လေးစားစွာ တင်သွင်းအပ် ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ပါ၍ ကျွန်တော်တင်သွင်းတဲ့ ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်မှ လက်ခံဆွေးနွေးပေးနိုင်ပါရန်နှင့် အချိန်ကန့်သတ်ချက်အရ လက်ခံဆွေးနွေးပြီးပါက တစ်ပါတည်း ဆုံးဖြတ်ပေးနိုင်ပါရန်အတွက် လေးစားစွာ ပန်ကြားတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၀၆။**

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)** ။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) ဦးခင်မောင်ရီ တင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအား လွှတ်တော်မှ လက်ခံဆွေးနွေးနိုင်ရန် တင်သွင်းတဲ့အဆိုကို ကျွန်တော် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ

ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူပါမယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးခင်မောင်ရီ တင်သွင်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဆုံးဖြတ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူတဲ့အတွက် တစ်ပါတည်း အဆုံးအဖြတ်ရယူရန် သဘောတူ၊ မတူ လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဥပဒေကြမ်းကို တစ်ပါတည်း အဆုံးအဖြတ် ရယူရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကို တစ်ပါတည်း အဆုံးအဖြတ် ရယူရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တစ်ပါတည်းအဆုံးအဖြတ်ရယူရန် သဘောတူတဲ့အတွက် တစ်ပိုဒ်ချင်းစီ အလိုက် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

အပိုဒ် ၁

ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပထမတစ်ကြိမ် ပြင်ထားသေးလား။ အခွန်ကောက်တဲ့ကိစ္စ။ ဝင်ငွေခွန်။ အဲဒါ ပထမအကြိမ် ပြင်တာပေါ့။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်ဆဲ ဖြစ်ပါတယ်ခင်ဗျ။ အတည်မပြုရသေးပါဘူးခင်ဗျ။ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးဆောင်ရွက်ဆဲ အဆင့်ပဲ ရှိပါသေးတယ်ခင်ဗျ။ ဒီဥပဒေနှစ်ရပ်မှာ အရင်အတည်ပြုတဲ့ ဥပဒေက ပထမအကြိမ် ပြင်ဆင်တာ ဖြစ်သွားပြီးတော့ ဒုတိယအကြိမ်မှ အတည်ပြုတဲ့ဥပဒေက ဒုတိယအကြိမ် ဖြစ်ပါလိမ့်မယ် ခင်ဗျ။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်မှာ အတည်မပြုရသေးတာ သေချာရဲ့လား။

အပိုဒ် ၁

ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အပိုဒ် ၂

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃။)နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄။)တို့ပါ ပုဒ်မ ၉၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲ(ဇ)နှင့် ပုဒ်မခွဲ(ဆ)အတွက် အချက်အလက်ရှာဖွေခြင်း စသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်သည့်အခါ၌လည်း ဤဥပဒေပုဒ်မ ၆ နှင့် ပုဒ်မ ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့် ရှိသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ နှင့် ၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီနေရာမှာ အမည်မှာ ပြည်သူ့လွှတ်တော်ကို သတိပေးလိုက်ဖို့လိုတယ်။ ဒါ ပထမဆုံး အတည်ပြုရင် ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းဆိုပြီးတော့။ ဟုတ်ပြီနော်။ အဲဒီတော့ ဟိုဘက်က

အတည်မဖြစ်သေးဘူးဆိုတော့ ဒီမှာလည်း ထည့်လို့မရတဲ့အတွက် ဒါကို ဟိုဘက်မှာ အတည်ဖြစ်တယ်ဆိုရင် တစ်ခါတည်းအမည်ကိုပြောင်းဖို့အတွက်လွှတ်တော်ကိုယ်စားလှယ်အားလုံး သဘောပေါက်တယ်နော်။

ဒီအဆိုကို သဘောတူရင် တူတယ်လို့ပြောပါ။

သဘောမတူရင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သူက ပထမအကြိမ် ပြင်ဆင်တဲ့ကိစ္စက အမျိုးသားလွှတ်တော်က အတည်ပြုပြီးသားပဲ။

ဒီမှာ အမျိုးသားလွှတ်တော်အနေနဲ့ကလည်း အမျိုးသားလွှတ်တော်က ပြင်တဲ့ဥပဒေပဲ။

ဒုတိယအကြိမ်လို့ တစ်ခါတည်း ထည့်ဖို့ သင့်၊ မသင့်။ အမည်မှာ ဒုတိယအကြိမ်၊ ဥပဒေကြမ်းရဲ့ အမည်ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းဆိုပြီးတော့ ပြောင်းလဲပြင်ဆင်ပါတယ်။

ဒါနဲ့ ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(က) အရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ပြင်ဆင်သည့် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးခင်မောင်ရီ တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ်

ပြင်ဆင်သည့် ဥပဒေကြမ်း တစ်ရပ်လုံးအား လွှတ်တော်မှ အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ဆုံးဖြတ်ပေးပါရန် အဆိုကို ကျွန်တော် ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် မှ ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း

**အချိန်၊ ၁၂း၁၄။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၄။**

**ဦးအောင်ကြည်ညွန့် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများနဲ့ ကော်မရှင်လူကြီးမင်းများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွှန့် ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဝင် ဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းသွားမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၃၂၇
ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က ၂၃-၇-၂၀၁၄ ရက်နေ့တွင် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ စတင်ဆွေးနွေးရန် ပေးပို့လာရာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၇-၂၀၁၄ ရက်နေ့တွင် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်နှင့် စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲရာတွင် မှန်မှန်ကန်ကန် တိတိကျကျဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ မူရင်းဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)တွင် စစ်ဖက်အမှုထမ်းချိန်တွင် နောက်ဆုံးရရှိခဲ့သော စစ်ဘက်အဆင့်အခေါ်အဝေါ်ကို မိမိအမည်၏ ရှေ့၌ထားပြီး အငြိမ်းစားဟူသော စကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲရမည်ဟု ပြဋ္ဌာန်းထားခဲ့သဖြင့် မလွဲမသွေ ဆောင်ရွက်ရမယ့် အဓိပ္ပာယ် သက်ရောက်နေပါသည်။ တပ်မတော် အငြိမ်းစား တစ်ဦးသည် ယင်းပြဋ္ဌာန်းချက်အတိုင်း သုံးစွဲခြင်း မပြုပါက ဥပဒေနှင့်မညီဟု ဆိုရမယ့်

သဘော ဖြစ်နေပါသည်။ ထို့ကြောင့် အငြိမ်းစား ဟူသောစကားရပ်ကို ကွင်းစကွင်းပိတ်ဖြင့် မိမိအမည်၏ နောက်၌ထား၍ ခေါ်ဝေါ်သုံးစွဲနိုင်သည်ဟု အစားထိုးခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပုဒ်မခွဲ (ခ)၌ပါရှိသော တပ်မတော်ဆိုင်ရာ စွမ်းရည်၊ သတ္တိ၊ ဘွဲ့ ဆိုသည့် စကားရပ်၏ ရှေ့တွင် ပုဒ်မခွဲ(က)အရ ခေါ်ဝေါ်သုံးစွဲသည့်အခါ ဆိုသည့် စကားရပ်ကို ပိုမိုပြည့်စုံစေရန် ဖြည့်စွက်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြင်ဆင်သည့်ဥပဒေ၏ အပိုဒ် ၃ ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ (က)နှင့် ညီညွတ်စေရန် အစားထိုးခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊

အားလုံးကို လေးစားပါတယ်။

## ကာကွယ်ရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးက စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးရန် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် လည်းကောင်း၊ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီကလည်း ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုထားတဲ့အတွက် လည်းကောင်း အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေ ခွဲ(က)အရ စစ်ဘက်ရာထူး နှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးဖို့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် က အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၂း၁၇။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၂း၁၈။**

**ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး တင်သွင်းသွားတဲ့ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် ကျွန်တော် ဗိုလ်မှူးနေအောင်ဦး၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ထောက်ခံအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုရန် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ မှ ၃ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

ယခု အဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စစ်ဘက်ရာထူးနှင့် အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၂၃။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ စစ်ဘက်ရာထူးနှင့် အဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် စစ်ဘက်ရာထူးနှင့်အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ချက်မရှိ အတည်ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၄၅)မိနစ် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၂း၂၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၃း၁၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အချိန်၊ ၁၃း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်း ခွင့် (၂၀)ဦး ရှိပါတယ်။ ဦးမြအုန်း၊ ကချင်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကျန်းမာရေး။ ဦးစိုင်းသာစိန်၊ ကယား(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသိန်းလှိုင်၊ စစ်ကိုင်း(၈)၊ မျက်စိနာ။ ဦးခင်မောင်ဌေး၊ မန္တလေး(၁၀)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကျန်းမာရေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မိသားစုကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအေး၊ မန္တလေး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေသောင်း၊ ကချင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးရယ်၊ ကယား(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်း ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံ စာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးတင်ယု (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအချက်အရ ကော်မတီ၏ ကိုယ်စား မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၄ - ၃၃၆
ရက်စွဲ ၊ ၂၀၁၄ ခုနှစ် ၊ ဇူလိုင်လ ၃၀ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ညွှန်ကြားချက်နှင့်အညီ အမျိုးသားလွှတ်တော်၊ သတ္တုနှင့်သယံဇာတရေးရာကော်မတီနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့မှတင်သွင်းခဲ့သည့် ဥပဒေကြမ်းနှစ်ရပ်ကို ပေါင်းစပ်ပြင်ဆင်ထားသည့် မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ၂၅ - ၇- ၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

၂။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၉ - ၇ - ၂၀၁၄ ရက်နေ့၌ ကျင်းပပြုလုပ်သော ပထမအကြိမ်၊ ဒသမပုံမှန် အစည်းအဝေး(၃၆)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသော ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)၊ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးအောင်ချစ်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)နှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒုတိယဗိုလ်မှူးကြီးဇော်မိုး တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့ဆွေးနွေးရာတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၈)ဦးမှ ထောက်ခံဆွေးနွေးခဲ့ပြီးတပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး ၏ အကြံပြုချက်ဆွေးနွေးချက်များအပေါ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ထပ်မံကြားနာလေ့လာစိစစ်ခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်မိုး နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့သည် ၂၉-၇-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ပြီး အောက်ပါ သဘောတူညီမှု ရရှိခဲ့ကြပါသည် -

(က) မူလဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ( င)အဖြစ်ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင်ပါရှိသော စကားရပ်များအစား လက်ဝတ်ရတနာ ဆိုသည်မှာ အဆင်တန်ဆာအဖြစ်အသုံးပြုရန် ကျောက်မျက်ရတနာကို ရွှေ၊ ငွေ၊ ပလက်တီနမ်၊ ပုလဲတို့ဖြင့် တန်ဆာဆင်ထားသော ပစ္စည်းကိုဆိုသည်ဟု အစားထိုးသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၄ တွင် ဖော်ပြထားသည့် ပုဒ်မ၄၊ ပုဒ်မခွဲ(ဃ)ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်-

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့်သို့မဟုတ်လွှဲပြောင်းပိုင်ဆိုင်ခွင့်ရှိသောမြေကိုရတနာနယ်မြေ အဖြစ်သတ်မှတ်လိုပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီဖြစ်သော တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်မရရှိပါက တည်ဆဲမြေသိမ်း အက်ဥပဒေနှင့်အညီ ထိုက်သင့်သော ကာလတန်ဖိုးပေး၍ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ) တို့တွင် ပါရှိသော“နိုင်သည်”ဆိုသည့်စကားရပ်ကို “ရမည်” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၈ တွင် ဖော်ပြထားသည့် ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော လုပ်ငန်းလုပ်ကိုင်ရန်ဆိုသည့် စကားရပ်ကို လုပ်ငန်းကိုဆက်လက်လုပ်ကိုင်ရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး သင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(ဃ) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၅ တွင် ပါရှိသည့် ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၅) တွင် ဖော်ပြထားချက်များအစား ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့က ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင် လည်းကောင်း ရောင်းချခွင့်ရှိသည်ဟု အစားထိုးသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(င) အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၂ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၇ တွင် ပါရှိသော ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်းသည်ဆိုသည့်စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူသည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၉ တွင်ပါရှိသော လက်ဝတ်ရတနာပြုလုပ် ရောင်းချပါက ဆိုသည့်စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင် ရရှိသူသည် လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ပြုလုပ်ရောင်းချပါကဆို

သည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း သဘောတူညီမှု ရရှိခဲ့ပါသည်။

(စ) အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၂ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၈ တွင် ပါရှိသော ကျောက်မျက်ရတနာ အချောထည်ဆိုသည့် စကားရပ်၏ ရှေ့တွင် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည်ဆိုသည့် စကားရပ်ကို ဖြည့်စွက်သင့်ကြောင်း သဘော တူညီမှုရရှိခဲ့ပါသည်။

(ဆ) အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၂၂ တွင် ပါရှိသည့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားချက်များအစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေး ရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်သော လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူသည် ရတနာ ခွန်ပေးဆောင်ခြင်းကို သက်ဆိုင်ရာ ဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ် သို့ တိုက်ရိုက် ပေးသွင်းသည့် စနစ်ဖြင့်ဖြစ်စေ ပေးဆောင်ရမည်ဟု အစားထိုးသင့်ကြောင်း သဘော တူညီမှု ရရှိခဲ့ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၄။ အမျိုးသားလွှတ်တော်၏ ဥပဒေကြမ်းကော်မတီသည် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၏ အကြံပြုဆွေးနွေးချက်များအရ ထပ်မံပြင်ဆင်ခဲ့သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ၁၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ) ပုဒ်မ၁၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၅)၊ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့ကို လည်းကောင်း၊ အမျိုးသား လွှတ်တော်၏ ဥပဒေကြမ်းကော်မတီ၏ မူလပြင်ဆင်ချက်များကိုလည်းကောင်း အတည်ပြု ဆောင်ရွက် နိုင်ပါရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနက လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူလိုကြောင်း တင်ပြထား သည့် ပုဒ်မ ၂(ည) ၊ ပုဒ်မ၂ (ဋ)၊ ပုဒ်မ၂ (ပ)၊ ပုဒ်မ၂ (ဗ)၊ ပုဒ်မ ၁၅ - ဃ၊ ပုဒ်မ ၁၅-င(က)၊ ပုဒ်မ ၁၅-င(ခ)၊ ပုဒ်မ ၁၆(ဂ)၊ ပုဒ်မ၁၇(ဂ)(၃)၊ ပုဒ်မ ၁၇(ဂ)(၅)၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ ၊ ပုဒ်မ ၂၃(က)နှင့် ပုဒ်မ ၃၄(ဇ)အစရှိသည့် ပုဒ်မ၊ ပုဒ်မခွဲပေါင်း (၁၄)ခု၊ အခန်း(၈) အခန်းတစ်ခန်းလုံးနှင့် အခန်း(၉) အခန်း တစ်ခန်းလုံးတို့ကို လွှတ်တော်၏ အဆုံးအဖြတ်ခံယူဆောင်ရွက်မည် ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။ သတ္တုတွင်းဝန်ကြီးဌာနက သဘောထား ကွဲပြားတဲ့ ပုဒ်မ၊ ပုဒ်မခွဲ (၁၄) ခု နှင့် အခန်း (၈)၊ အခန်း (၉) အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ် ကိုပဲ

ရယူမယ်လို့ တင်ပြထားတဲ့အတွက် ဘာမှမေးမြန်းခြင်း မပြုတော့ပါဘူး။ သို့သော် ပြောစရာရှိလို့ရှိရင် ခွင့်တောင်းပြီး ပြောနိုင်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက်-

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို

ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ ရက်

(၂၀၁၄ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁

ဤဥပဒေကို မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ဒုတိယ အကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)(ည)(ဋ)၊ အပိုဒ် ၃(က)(ခ)

၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) ကျောက်မျက်ရတနာဆိုသည်မှာ ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို၊ ပြောင်ခေါင်းစိမ်း၊ သုံးပန်လှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြမျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တစ်ရာ၊ သလင်း တူကျောက်၊ ဥဒေါင်၊ မျော၊ အညှံ့နီလာ၊ နဂါးသွဲ့၊ ကြံ့ဆစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ၊ နက်ဖရိုက်၊ မှော်စစ်စစ်၊ ထုံကုံး၊ ပလွမ်၊ ထပ်ကျောက်၊ ထပ်ကွာစိမ်း၊ မိုးညှင်းနီလာ၊ ရေဂေါ်မိတ်၊ သန္တာ၊ ပိန်းနိုက်၊ သူရောင်၊ ဆာပင်တင်း၊ ငုပဆစ်၊ ဆိုဒါလိုက်၊ အမ်ဖီဗိုးအုပ်စုကို ဆိုသည်။ ယင်းစကားရပ်တွင် ရတနာတန်းဝင် ရောင်စုံကျောက်များနှင့် သလင်းအုပ်စု၌ ပါဝင်သော ရတနာတန်းဝင် ကျောက်များလည်းပါဝင်သည်။ ထို့ပြင် သတ္တုတွင်းဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကျောက်မျက်ရတနာဟု သတ်မှတ်သည့် ပစ္စည်းများလည်း ပါဝင်သည်။

(ခ) ပုဒ်မခွဲ(ခ)၏ အောက်တွင် ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

(ဂ) ကျောက်မျက်ရတနာအရိုင်းဆိုသည်မှာ တူးဖော်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းတုံးများ၊ ခွဲစိတ်ဖြတ်တောက်ထားသော၊ ခွဲစိတ်ပြီး ပွတ်ချောထားသော၊ ထုခွဲထားသော ကျောက်မျက်ရတနာ အရိုင်းတုံးများနှင့် အပိုင်းအစများကိုဆိုသည်။

(ဃ) ကျောက်မျက်ရတနာ အချောထည်ဆိုသည်မှာ ကျောက်မျက်ရတနာ အရိုင်းကိုဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းစသည်ဖြင့် ဆင့်တက်ပြုပြင်ခြင်းတို့ ပြုလုပ်ထားသည့် လက်ဝတ်ရတနာ မပြုလုပ်ရသေးသော ကျောက်မျက်ရတနာကို ဆိုသည်။

(ဂ) ပုဒ်မခွဲ(ဂ)ကို ပုဒ်မခွဲ(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အောက်ပါအတိုင်း အစားထိုးရမည်-

(င) လက်ဝတ်ရတနာဆိုသည်မှာ အဆင်တန်ဆာအဖြစ် အသုံးပြုရန် ကျောက်မျက်ရတနာကို ရွှေ၊ ငွေ၊ ပလက်တီနမ်၊ ပုလဲတို့ဖြင့် တန်ဆာဆင်ထားသော ပစ္စည်းကိုဆိုသည်။

(ဃ) ပုဒ်မခွဲ(င)၏အောက်တွင်ပုဒ်မခွဲ(စ)အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(စ) ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းဆိုသည်မှာ ကျောက်မျက်ရတနာဖြင့် စီခြယ်မွမ်းမံထားသော ပန်းချီကားနှင့် ကျောက်မျက်ရတနာများကို အသုံးပြု၍ ပြုလုပ်ထားသော အချောထည်ပစ္စည်းကိုဆိုသည်။

(စ) ပုဒ်မခွဲ(စ)ကို ပုဒ်မခွဲ(ဈ)အဖြစ် ပြောင်းလဲအမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည် -

(ဈ) လိုင်စင်ဆိုသည်မှာ ကျောက်မျက်ရတနာအရိုင်းကို ဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ဆိုင်ခန်းဖွင့်လှစ်၍ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရန်သော်လည်းကောင်း၊ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ လက်ဝတ်ရတနာ ပြုလုပ်ခြင်းလုပ်ငန်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ခြင်း လုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်နိုင်ရန်သော်လည်းကောင်း ဤဥပဒေ အရ ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဆ) ပုဒ်မခွဲ(ဆ)ကို ပုဒ်မခွဲ(ည)အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည်-

(ည) ရတနာခွန် ဆိုသည်မှာ ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းချသည့်အပေါ်တွင်ဖြစ်စေ၊ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း

ရောင်းချခြင်း အတွက်ဖြစ်စေ ဤဥပဒေအရ ကောက်ခံသည့် အခွန်ကိုဆိုသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၁၂)မဲ၊ ကန့်ကွက်မရှိ၊ ကြားနေ (၅၈) မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ဇ) ပုဒ်မခွဲ(ည)၏အောက်တွင် ပုဒ်မခွဲ(ဋ)အဖြစ် အောက်ပါ အတိုင်းဖြည့်စွက်ရမည် -

(ဋ) ဝန်ဆောင်ခဆိုသည်မှာ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီအသင်း၊ သို့မဟုတ် လိုင်စင်ရရှိသူက မှတ်ပုံတင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်း ကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကို ဖြစ်စေ၊ လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရက ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင် မြန်မာငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် တင်ပြရောင်းချခြင်း၊ သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ပေးသောနေရာများတွင် ရောင်းချခြင်းတို့၌ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက ဆောင်ရွက်ရသည့် လုပ်ငန်းများအတွက် ဤဥပဒေနှင့်အညီ ကောက်ခံသည့် ဝန်ဆောင်ခကို ဆိုသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးနိုင် ကြပါပြီ။

ထောက်ခံ (၁၀၅)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၁) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ည) ပုဒ်မခွဲ(ဋ)ကို ပုဒ်မခွဲ(ဌ)အဖြစ် ပြောင်းလဲ အမှတ်စဉ်၍ အောက်ပါအတိုင်း အစားထိုးရမည် -

(ဏ) တန်ဖိုးဖြတ်အဖွဲ့ဆိုသည်မှာ နိုင်ငံခြားသို့ တင်ပို့ရောင်းချမည့် ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်၊ လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ရတနာခွန် ပေးဆောင်ရန် တန်းဖိုးဖြတ်သည့် အဖွဲ့ကို ဆိုသည်။

(ဋ) ပုဒ်မခွဲ(ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)၊ ပုဒ်မခွဲ (ထ)၊ ပုဒ်မခွဲ(ဒ)၊ ပုဒ်မခွဲ(ဓ)၊ ပုဒ်မခွဲ(န)၊ ပုဒ်မခွဲ(ပ)၊ ပုဒ်မခွဲ(ဖ)၊ ပုဒ်မခွဲ(ဗ)နှင့် ပုဒ်မခွဲ (ဘ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(တ) သတ်မှတ်လုပ်ကွက်ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက အကွက်ရိုက် သတ်မှတ်ထားသော လုပ်ကွက်ကို ဆိုသည်။

(ထ) ဖော်ထုတ်လုပ်ကွက်ဆိုသည်မှာ ကုမ္ပဏီ သို့မဟုတ် အသင်းကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ ကျောက်မျက်ရတနာတူးဖော်ရန် အသစ်ရှာဖွေ ဖော်ထုတ်၍ ခွင့်ပြုမိန့် လျှောက်ထားသည့် လုပ်ကွက်ကို ဆိုသည်။

(ဒ) လစ်လပ်လုပ်ကွက်ဆိုသည်မှာ ကျောက်မျက်ရတနာတူးဖော်ရန် ခွင့်ပြုထားသော ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးပြီး ဆက်လက် လုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားခြင်း မရှိသော လုပ်ကွက်ကို ဆိုသည်။

(ဓ) အကျိုးတူလုပ်ကွက်ဆိုသည်မှာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် နိုင်ငံသားကုမ္ပဏီ၊ အသင်းတို့ အကျိုးတူပူးပေါင်း၍ ကျောက်မျက်ရတနာ တူးဖော်လုပ်ကိုင်သည့် လုပ်ကွက်ကို ဆိုသည်။

(န) မြေအသုံးပြုခွင့်ပြုမိန့်ဆိုသည်မှာ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆိုင်ရာ ယာယီအဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရုံနှင့် တဲ၊ တန်းလျားများ ဆောက်လုပ်ရန် အတွက်လည်းကောင်း၊ ယာဥ်၊ စက်ယန္တရား၊ ထုတ်လုပ်ပြီး ကျောက်ရိုင်းများနှင့်ဖြုန်းများ ထားရှိရန်အတွက်လည်းကောင်း၊ မြေစာဆေးကြောရန်၊ ကျောက်ထုခွဲရန်နှင့် မြေစာပစ်ရန်အတွက် လည်းကောင်း လုပ်ငန်းသုံး နေရာတစ်ခုခုကို အသုံးပြုခွင့်အတွက် ထုတ်ပေးထားသော ခွင့်ပြုချက်ကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

(ပ) ခွင့်ပြုမိန့်ရရှိသူဆိုသည်မှာ ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီ၊ အသင်း၊ ဖော်ထုတ်လုပ်ကွက်ကိုလုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူနှင့် လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူတို့ကို ဆိုသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၅)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၂)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ဖ) အသင်းချုပ် ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၂၆ အရ မှတ်ပုံတင်၍ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်ကို ဆိုသည်။

(ဗ) လက်လုပ်လက်စားတူး ဖော်ထုတ်လုပ်ခြင်းဆိုသည်မှာ သာမန်လက်သုံး ကိရိယာများကိုဖြစ်စေ၊ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများဖြင့် သတ်မှတ်သော မြင်းကောင်ရေအားထက်မပိုသည့် စက်ကိရိယာကိုဖြစ်စေ အသုံးပြု၍ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခြင်းကိုဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှတင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၈)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၂) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ဘ) ညွှန်ကြားရေးမှူးချုပ် ဆိုသည်မှာ သတ္တုတွင်း ဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်ဟု ဖြည့်စွက် ထားပါတယ်။

၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(ခ)တွင် ပါရှိသော ကုမ္ပဏီနှင့် သမဝါယမ အသင်းများ ဆိုသည့်စကားရပ်ကို ခွင့်ပြုမိန့်နှင့် လိုင်စင်ရရှိသူများဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဃ)၏အောက်တွင် ပုဒ်မခွဲ(င)နှင့် (စ)တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(င) စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်နှင့် သုတေသန လုပ်ငန်းများ စီမံဆောင်ရွက်ရန်၊

(စ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုမရှိစေရန်ဟု ပြင်ဆင်ထားပါ တယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ) (ဃ)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊ အပိုဒ် ၃(က)(ခ) ပြင်ဆင် ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)(ဈ)(ည)(ဋ)၊ အပိုဒ် ၃(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၄(က)(ခ)(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၅၊ အပိုဒ် ၆

၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာစီးပွားဖြစ် ထုတ်လုပ်နိုင်ကြောင်း သတင်းရရှိသည့် သို့မဟုတ် ရှာဖွေတွေ့ရှိသည့် နယ်မြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရှိသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် သတ်မှတ်ရန် ရည်ရွယ်ကြောင်း အများပြည်သူ သိရှိရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ရမည်။

(ခ) ရတနာနယ်မြေအဖြစ်သတ်မှတ်ရန် ရည်ရွယ်သည့် သက်ဆိုင်ရာနယ်မြေတွင် ပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်း တစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်နှင့် အခြားအခွင့်အရေးများနှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ရတနာနယ်မြေအဖြစ် သတ်မှတ်ပါက ထိခိုက်နစ်နာဆုံးရှုံးနိုင်ဖွယ်ရာ ရှိ၊ မရှိနှင့် စပ်လျဉ်း၍ဖြစ်စေ စုံစမ်းစစ်ဆေးပြီး သင့်လျော်သောအခွင့်အရေးများ၊ အကျိုးခံစား

ခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ညွန်ကြားရေးမှူးချုပ်ဦးဆောင်၍ ကျွမ်းကျင်သူများ ပါဝင်သည့် ကော်မတီကို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသော မြေကို ရတနာနယ်မြေအဖြစ်သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်းတို့နှင့်ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေကို ရတနာနယ်မြေအဖြစ် သတ်မှတ်လိုပါက သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်ဖြင့် ထိုက်သင့်သော ကာလတန်ဖိုးပေး၍ ဝယ်ယူခြင်း၊ ဥပဒေနှင့်အညီဖြစ်သော တစ်နည်းနည်းဖြင့် လွှဲပြောင်းရယူခြင်း ပြုနိုင်သည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ သဘောတူညီချက်မရှိပါက တည်ဆဲမြေသိမ်း အက်ဥပဒေနှင့်အညီ ထိုက်သင့်သော ကာလတန်ဖိုးပေး၍ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက် ရမည်။

(င) ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)နှင့် (ဃ) တို့အရ ဆောင်ရွက်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရတနာနယ်မြေအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(စ) ပုဒ်မခွဲ(င)အရ ရတနာနယ်မြေအပေါ် ကျူးကျော်၍ ဆောက်လုပ်သည့် အဆောက်အအုံများ၊ ပစ္စည်းများနှင့်စက်ပစ္စည်းကိရိယာများကို သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဖယ်ရှားခြင်းမပြုပါက အဆိုပါ ပစ္စည်းများကို ဖျက်သိမ်းခြင်းနှင့် ဖယ်ရှားခြင်း ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မည်သည့် နစ်နာဆုံးရှုံးမှုအတွက် ကိုမျှ ပေးလျော်ရန် တာဝန်မရှိစေရ။

၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄ ၏ နောက်တွင် ပုဒ်မ ၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၄-က။ ရတနာနယ်မြေအဖြစ် သတ်မှတ်သည့်နယ်မြေတွင် မြို့ သို့မဟုတ် ကျေးရွာ လူနေအိမ်များတိုးချဲ့ခြင်း၊ သာသနာ့နယ်မြေသတ်မှတ်ခြင်း၊ စိုက်ပျိုးမြေတိုးချဲ့ လုပ်ကိုင်ခြင်း၊ သစ်တောစိုက်ခင်းတိုးချဲ့လုပ်ကိုင်ခြင်း၊ ရေတွင်း သို့မဟုတ် ရေကန် တူးဖော်ခြင်း၊ ဆည်မြောင်းတည်ဆောက်ခြင်းနှင့် အခြားစီမံကိန်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရေးဆောင်ရွက်ရန်ရှိပါက သတ္တုတွင်းဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာ အောက်တွင်ဖြစ်စေ၊ မည်သည့် ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေဆိုသည့် စကားရပ်ကို

မြေပေါ်၊ မြေအောက်နှင့် နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက် မြေထုတွင်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြေပေါ်၊ မြေအောက်တွေ ထပ်နေလား။ မြေပေါ်၊ မြေအောက်နှင့် နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင် ရေအောက်မြေထုတွင် ဆိုတာ ဥပဒေကြမ်းကော်မတီ။

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။အပေါ်ယံမြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင်ဆိုရင် ပိုပြီးတော့ သင့်တော်ပါလိမ့်မယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာ အောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက် မြေထုတွင်

**ဥက္ကဋ္ဌ**။ ။ ပြန်ဖတ်ပါ့မယ်။

၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာ အောက်တွင်ဖြစ်စေ၊ မည်သည့် ကမ်းလွန်ရေတိမ်ပိုင်းတွင်ဖြစ်စေ ဆိုသည့် စကားရပ်ကို အပေါ်ယံမြေဆီလွှာတွင် ဖြစ်စေ၊ မြေဆီလွှာ အောက်တွင်ဖြစ်စေ၊ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက် မြေထုတွင်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(ခ)(ဂ) (ဃ)(င)(စ)၊ အပိုဒ် ၅၊ အပိုဒ် ၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄(က) (ခ)(ဂ) (ဃ)(င)(စ)၊ အပိုဒ် ၅၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇(က)(ခ)

၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ(ခ)တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် -

(က) သက်တမ်းကုန်ဆုံးသည့်အခါတိုင်း ကျောက်မျက်ရတနာလုပ်ကွက်တစ်ခုခြင်း အတွက် လုပ်ကိုင်ခွင့် သက်တမ်းနှင့် ကြမ်းခင်းဈေးနှုန်းတို့ကို ပြန်လည်သတ်မှတ်ပြီး ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရန် အဆိုပြုလွှာခေါ်ယူရမည်။

(ခ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည် ဈေးအမြင့်ဆုံး တင်သွင်းနိုင်ခြင်းမရှိသော်လည်း အမြင့်ဆုံး တင်သွင်းထားသည့် ဈေးနှုန်းအတိုင်း ပြင်ဆင် တင်သွင်းခဲ့ပါက ယင်းကို ဦးစားပေး၍ ခွင့်ပြု မိန့်ထုတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-အပိုဒ် ၈(က)(ခ)(ဂ)

၈။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅ တွင် -

(က) ပုဒ်မခွဲ (ခ) တွင်ပါရှိသော ပေးသွင်းလျှင် ဆိုသည့် စကားရပ်၏ရှေ့တွင် သတ်မှတ်ကာလအတွင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဂ) ဖော်ထုတ်လုပ်ကွက်၏ သက်တမ်းကုန်ဆုံးသည့်အခါတွင် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် သင့်လျော်ကြောင်း တွေ့ရှိပါက သတ်မှတ်လုပ်ကွက်အဖြစ် သက်တမ်းသတ်မှတ်၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)၏အောက်တွင် ပုဒ်မခွဲ(ဃ)ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

(ဃ) လက်ရှိလုပ်ငန်းလုပ်ကိုင်နေသူသည်ပုဒ်မခွဲ (ဂ)အရ ဈေးပြိုင်စနစ်တွင် အမြင့်ဆုံးတင်သွင်းထားသည့် ဈေးနှုန်းကို ပြင်ဆင်တင်သွင်းပါက ယင်းကို ဦးစားပေး၍ ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁

၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၅-က တွင် ပါရှိ သော ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်က ဆိုသည့်စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူသည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၁၅-ခ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁၅-ခ။ ကျောက်မျက်ရတနာလုပ်ကွက် လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိသူကို ရတနာနယ်မြေတွင် မြေအသုံးပြု ခွင့်မိန့်ရရှိစေရန် လျှောက်ထားခွင့် ပြုနိုင်သည်။

၁၁။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၅-ဂ၊ ၁၆-ခ၊ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ(က)ပါ ပါမစ် ဆိုသည့် စကားရပ်များကို မြေအသုံးပြုခွင့်ပြုမိန့်ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၂

၁၂။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၁၅-ဂ ၏ အောက်တွင် ပုဒ်မ ၁၅-ဃ နှင့် ပုဒ်မ ၁၅-င တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

၁၅-ဃ။သတ္တုတွင်းဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် - ဥက္ကဋ္ဌ
ပြည်နယ် သတ္တုဆိုင်ရာဝန်ကြီး

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် - အဖွဲ့ဝင်
သစ်တောရေးရာဝန်ကြီးဌာနမှ
ကိုယ်စားလှယ်တစ်ဦး

(၃) အထွေထွေအုပ်ချုပ်ရေး - အဖွဲ့ဝင်
ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(၄) ကြေးတိုင်နှင့် မြေစာရင်း - အဖွဲ့ဝင်
ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(၅) ရေအရင်းအမြစ်နှင့် - အဖွဲ့ဝင်
မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး
ဦးစီးဌာနမှ ကိုယ်စားလှယ်တစ်ဦး

(၆) သတ္တုတွင်းဝန်ကြီးဌာနမှ -အတွင်းရေးမှူး
ကိုယ်စားလှယ်တစ်ဦး

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၉ )မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၁ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

၁၅-င။ (က) လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ်သည် ခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သို့သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၉၈ )မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၄ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေး အဖွဲ့သည် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့် ထုတ်ပေးရန် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး ဤဥပဒေနှင့် ဤဥပဒေ အရထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ လုပ်ငန်းအလိုက် လုံလောက်သော သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လက်လုပ်လက်စား လုပ်ကိုင်လိုသူအား ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၃ )မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၆ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၃၊ အပိုဒ် ၁၄(ခ)

၁၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေတွင် အခန်း(၆) ခေါင်းစဉ်နှင့် ပုဒ်မ ၁၆ ခြေဆင်းတို့တွင် ပါရှိသော ခွင့်ပြုမိန့် ရရှိသော ကုမ္ပဏီ သို့မဟုတ် အသင်း ဆိုသည့် စကားရပ်ကို ခွင့်ပြုမိန့်ရရှိသူ ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုး ရမည်။

၁၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၆ တွင် -

(ခ) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ဂ) ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာအရိုင်းများကို ဤဥပဒေအခန်း(၈)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ရမည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၃ )မဲ၊ ကန့်ကွက် မရှိ ၊ ကြားနေ (၆၇ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၁၅

၁၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၁၇။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီး ဖြစ်လျှင် -

(က) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားသော ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း၊သွေးခြင်း ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို လိုက်နာ၍ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းပြုလုပ်ခြင်းတို့ကို ပြုလုပ်၍ အချောထည် ပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းများ ပြုလုပ်ခွင့် ရှိသည်။

(ခ) ယင်း ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့် အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ပြုလုပ်ပြီးသော ကျောက်မျက်ရတနာ အချောထည်ကို လက်ဝတ်ရတနာနှင့် ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းများ ပြုလုပ်ခွင့် ရှိသည်။

(ဂ) ယင်း ကျောက်မျက်ရတနာအရိုင်းကို လည်းကောင်း၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း၊ အရောင်တင်ခြင်း၊ ပုံဖော်ခြင်းနှင့် ရုပ်တုရုပ်ထွင်းတို့ ပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကိုလည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ လွတ်လပ်စွာ သယ်ယူခွင့် ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ၊ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ဗဟိုကော်မတီက ခွင့်ပြုသည့် နယ်စပ် မြို့များတွင် ကုန်သွယ်ရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့၏ ကြီးကြပ်မှုဖြင့် ကျောက်မျက်ရတနာပြပွဲများ ပြုလုပ်၍ ရောင်းချခွင့် ရှိသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ ( ၉၉)မဲ၊ ကန့်ကွက် (၁ )မဲ၊ ကြားနေ ( ၆၅) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(၄) နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပို့ရောင်းချခွင့်ရှိသည်။

(၅) ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့က ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲများတွင်လည်းကောင်း၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများတွင် လည်းကောင်း၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင် လည်းကောင်း ရောင်းချခွင့်ရှိသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ ( ၁၀၁)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၅) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(၆) နိုင်ငံခြားမှ ရတနာကုန်သည်များကို မိမိအစီအစဥ်ဖြင့် ဖိတ်ခေါ်၍ တည်ဆဲဥပဒေများ နှင့်အညီ ရောင်းချခွင့်ရှိသည်။

(၇) နိုင်ငံခြား ကျောက်မျက်ရတနာပြပွဲများတွင် သွားရောက် ရောင်းချခွင့်ရှိသည်ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၁၆

၁၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၈ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၁၈။ ခွင့်ပြုမိန့်ရရှိသူသည် မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို သယ်ဆောင်ခြင်း သို့မဟုတ် ရောင်းချခြင်းတို့ ပြုလုပ်ရာတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ် မူရင်းကို သက်ဆိုင်ရာက တောင်းခံပါက ပြသရမည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၄ )မဲ၊ ကန့်ကွက်မရှိ ၊ ကြားနေ (၆၇ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၁၇

၁၇။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၁၉ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၉။ ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ သို့မဟုတ် အသင်းသည် ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ကျောက်မျက်ရတနာအချောထည် သို့မဟုတ် လက်ဝတ်ရတနာပြုလုပ်ရောင်းချမည်ဆိုပါက အမှန်တကယ်လိုအပ်သော ပြည်ပမှ ကျောက်မျက်ရတနာများကို သတ်မှတ်သော အခွန်နှုန်းထားဖြင့် လည်းကောင်း၊ ထုတ်လုပ်မှုနှင့်ဆိုင်သော ကုန်ကြမ်း ပစ္စည်းနှင့်စက်ပစ္စည်း ကိရိယာများကို အကောက်ခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ဖြင့် လည်းကောင်း တင်သွင်းခွင့်ပြုရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ လျှောက်ထားခွင့်ရှိသည်။

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၉၇ )မဲ၊ ကန့်ကွက် ( ၂)မဲ၊ ကြားနေ (၆၇ ) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၁၈

၁၈။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၂၀။ ခွင့်ပြုမိန့် ရရှိထားသော ကုမ္ပဏီ၊ အသင်းမှအပ မည်သူမဆို အောက်ပါ လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားရမည်-

(က) ဆိုင်ခန်းဖွင့်လှစ်၍ မြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် လည်းကောင်း၊ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကို ဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုဖြစ်စေ ရောင်းချခြင်းလုပ်ငန်း၊

(ခ) ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာ ပြုလုပ်ခြင်း သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းပြုလုပ်ခြင်း လုပ်ငန်း၊

(ဂ) ရတနာပြပွဲများတွင် ရောင်းချခြင်းလုပ်ငန်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၁၉

၁၉။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၂၂ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၂၂။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

(ခ) သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(ဂ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းတို့မှ ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာကျောက်မျက်ရတနာ ပြပွဲများနှင့် တရားဝင်

ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။

(ဃ) ရရှိထားသော လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၂၀

၂၀။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၂၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၂၃။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့် ရရှိသူက မှတ်ပုံတင်ပြီးသော ကျောက်မျက်ရတနာ အရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက် ရတနာအချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းပြုလုပ်ခွင့်များရှိသည်။

အထက်ပါပုဒ်မခွဲကို လွှတ်တော်၏အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှတင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၉၇)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၇၀) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

(ခ) ပုဒ်မခွဲ(က)အရ ဝယ်ယူထားသည့် ကျောက်မျက်ရတနာ အရိုင်းကို လည်းကောင်း၊ ပြုလုပ်ထားသော ကျောက်မျက်ရတနာအချောထည်ကို လည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုလည်းကောင်း -

(၁) ပြည်တွင်း၌ သတ်မှတ်ချက်များနှင့်အညီ လွတ်လပ်စွာသယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) နိုင်ငံခြားသို့ နိုင်ငံခြားငွေဖြင့် တည်ဆဲ ဥပဒေများနှင့်အညီ တင်ပို့ရောင်းချခွင့် ရှိသည်။

(၄) ဗဟိုကော်မတီ၏ခွင့်ပြုချက်ဖြင့် အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းတို့မှ ကြီးမှူးကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအား လျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်းကျောက်မျက်ရတနာပြပွဲများ၊ ပြည်ပကျောက်မျက်ရတနာပြပွဲများ၊ တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့် လိုင်စင်အရ ခွင့်ပြုသည့် ဆိုင်ခန်းများတွင် ရောင်းချခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၂၁

မြန်မာ့ကျောက်မျက်ရတနာဥပဒေ အခန်း(၈) ခေါင်းစဉ်နှင့် ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

## အခန်း(၈)

## ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ခြင်း

၂၄။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက် ရတနာလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေး ကြန့်ကြာခြင်းမရှိဘဲ သွားရောက်ပြသ၍ ဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ပေးသွင်း၍မှတ်ပုံတင်ရမည်။

၂၅။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းမှာ ပမာဏ များပြားခြင်း သို့မဟုတ် လေးလံ ကြီးမားပြီး အလွယ်တကူ တင်ပြခြင်းမပြုနိုင်ပါက ကျောက်မျက်ရတနာအရိုင်းတုံး တည်ရှိရာနေရာတွင် ကြည့်ရှုစစ်ဆေးပြီး မှတ်ပုံတင်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ အကြောင်းကြားရမည်။

၂၆။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက သတ်မှတ်ထားသော ဌာန သို့မဟုတ် နေရာမှ တာဝန်ရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၄ အရ တင်ပြလာသည့်အခါ ဖြစ်စေ၊ ပုဒ်မ ၂၅ အရ အကြောင်းကြားလာသည့်အခါ ဖြစ်စေ၊ ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို ကြည့်ရှုစစ်ဆေး၍ ကျောက်မျက်ရတနာ အရိုင်းတုံး၏ အမျိုးအစား၊ အဆင့်အတန်း၊ အရေအတွက်အလေးချိန်နှင့် အရွယ်အစားတို့ကိုမှတ်တမ်းပြုစုခြင်း၊ ဓာတ်ပုံရိုက်ခြင်းတို့ပြုပြီး မှတ်ပုံတင်စာအုပ်၌ မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာ အရိုင်းတုံးနှင့် စပ်လျဉ်း၍မှတ်တမ်းမိတ္တူ၊ ကျောက်မျက်ရတနာအရိုင်းတုံး၏ ဓာတ်ပုံ၊ မှတ်ပုံတင်လက်မှတ်တို့နှင့်အတူ မှတ်ပုံတင်ထားသော ကျောက်မျက်ရတနာ အရိုင်းတုံးကို ခွင့်ပြုမိန့်ရရှိသူအား ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုမိန့်ရရှိသူသည် ကျောက်မျက်ရတနာအရိုင်းတုံးမှ ကျောက်မျက် ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်းစဥ် အဆင့်ဆင့်ကို သတ်မှတ်ထားသော စည်းမျဥ်း၊ စည်းကမ်းနှင့် အညီ မှတ်တမ်းထားရှိရမည်။ အဆိုပါ မှတ်တမ်းကို သတ္တုတွင်းဝန်ကြီးဌာနနှင့် ယင်းကတာဝန်ပေးအပ်သောဌာနတို့မှ လိုအပ်ချက်များနှင့်အညီ စစ်ဆေးခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေအခန်း(၈)ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

စက်ခလုတ်အသုံးပြုပြီး ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၁)မဲ၊ ကန့်ကွက်မရှိ၊ ကြားနေ ( ၆၅) မဲဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အချိန်၊ ၁၄း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၄း၁၃)နာရီတွင် ခေတ္တရပ်နားပြီး (၁၄း၃၀)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၃၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-အပိုဒ် ၂၂

အခန်း(၉)

ရတနာခွန်ပေးဆောင်ခြင်း

၂၂။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၂၇၊ ပုဒ်မ ၂၈၊ ပုဒ်မ ၂၉၊ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ တို့ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းက သတ်မှတ်ထားသောဌာန သို့မဟုတ် နေရာတွင် မှတ်ပုံတင်ပြီးနောက် ပုဒ်မ ၁၇ ပါ အခွင့်အရေးများအရ ရောင်းချသည့်အခါတွင် အမှန်တကယ်ရောင်းချရသည့် ငွေအပေါ် ၁၅ ရာခိုင်နှုန်းကို ရောင်းချရငွေ အမျိုးအစားဖြင့် ရတနာ ခွန်ပေးဆောင်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ၁၅ ရာခိုင်နှုန်း ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကိုဝယ်ယူ၍ နိုင်ငံခြားသို့ တစ်ဆင့် ပြန်လည်ရောင်းချသူသည်

အမှန်တကယ်ရောင်းချရသော တန်ဖိုးငွေအပေါ် ၅ ရာခိုင်နှုန်းကို ရောင်းချရငွေ အမျိုးအစားဖြင့် ရတနာခွန် ပေးဆောင်ရမည်။

၂၈။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် ကျောက်မျက်ရတနာအချောထည် ပြုလုပ်ရောင်းချပါက ရောင်းချသူသည် အမှန်တကယ်ရောင်းချသည့် တန်ဖိုးငွေအပေါ် ၃ ရာခိုင်နှုန်းကို ရောင်းချရငွေအမျိုးအစားဖြင့် ရတနာခွန်ပေးဆောင်ရမည်။

၂၉။ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူသည် လက်ဝတ်ရတနာ သို့မဟုတ် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကို ပြုလုပ်ရောင်းချပါက အမှန်တကယ် ရောင်းချရသည့်တန်ဖိုးငွေအပေါ် ၂ ရာခိုင်နှုန်းကို ရောင်းချရငွေ အမျိုးအစားဖြင့် ရတနာခွန် ပေးဆောင်ရမည်။

၃၀။ (က) ရတနာခွန်ပေးဆောင်ခြင်းကို ခွင့်ပြုမိန့် ရရှိသူ၏ ငွေစာရင်းသို့ ရောင်းချရငွေဝင်သည့်အချိန်တွင် ပြည်ပအရောင်းဖြစ်ပါက နိုင်ငံခြားငွေဘဏ်မှ သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များကို တိုက်ရိုက်လွှဲပေးသည့် စနစ်ကိုကျင့်သုံးရမည်။ ပြည်တွင်းအရောင်းဖြစ်ပါကရောင်းချသူက သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်များသို့ဘဏ်မှ ပေးသွင်းသည့် စနစ်ကိုကျင့်သုံးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် လုပ်ငန်းလုပ်ကိုင်သော လက်လုပ်လက်စား လုပ်ကိုင်ခွင့်ရရှိသူသည် ရတနာခွန် ပေးဆောင်ခြင်းကို သက်ဆိုင်ရာဝန်ကြီးဌာန ငွေစာရင်းခေါင်းစဉ်သို့ တိုက်ရိုက်ပေးသွင်းသည့် စနစ်ဖြင့်ဖြစ်စေ ပေးဆောင်ရမည်။

၃၁။ ပုဒ်မ ၂၇၊ ၂၈ နှင့် ၂၉ တို့အရ ရတနာခွန်များကို ပေးဆောင်ပြီးပါက ကျောက်မျက်ရတနာအရိုင်းဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ မြန်မာငွေ သို့မဟုတ် နိုင်ငံခြားငွေဖြင့် ရောင်းချခြင်းတို့အတွက် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ် ခွင့်ရှိစေရမည်။

မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း(၉)ကို လွှတ်တော်၏ အဆုံးအဖြတ် ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁) အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၁၀၀)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၆) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၃

၂၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၂။ သတ္တုတွင်းဝန်ကြီးဌာနသည် -

(က) ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီကို (၂၀)ဦးထက်မပိုသော ကိုယ်စားလှယ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး၊ သတ္တုတွင်း ဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြန်မာ့ကျောက်မျက် ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့၏ ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ | အဖွဲ့ဝင်များ |
| (၅) | ကျောက်မျက်ရတနာ ဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၆) | အသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ ကိုယ်စားလှယ် ၅ ဦး | အဖွဲ့ဝင်များ |
| (၇) | သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |
| (၈) | အသင်းချုပ် အလုပ်အမှုဆောင် အဖွဲ့၏ အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇

၂၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(ဆ)နှင့် ပုဒ်မခွဲ(ဇ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃၄။ (င) ကျောက်မျက်ရတနာ ရောင်းရငွေများအပေါ် ရတနာခွန်အပြည့်အဝ လက်ခံရရှိစေနိုင်ရေး အတွက် လိုအပ်သည့် အကြံပြုချက် တင်ပြခြင်း၊

(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံး လုပ်နည်းများနှင့်မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီး နှိမ်နှင်းရေးအတွက် နည်းလမ်းများ ရှာကြံ၍ သတ္တုတွင်းဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း။

(ဇ) ကျောက်မျက်ရတနာ ဈေးကွက်ကျယ်ပြန့် ဖြစ်ထွန်းစေရန် ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်နှင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းတို့မှ ကြီးမှူးကျင်းပစေခြင်း၊ ပုဂ္ဂလိကကျောက်မျက် ရတနာပြပွဲများကိုကျင်းပခွင့်ပြုခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များမှ နိုင်ငံခြားတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာ ပြပွဲများ ကျင်းပပေးခြင်းကို အားပေးကူညီခြင်း၊

ဤအပိုဒ်ခွဲကို လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း ဝန်ကြီးဌာနမှ တင်ပြထားပါတယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ) နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခုလွှတ်တော်ရဲ့ဆန္ဒ ရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံ (၉၉)မဲ၊ ကန့်ကွက် မရှိ၊ ကြားနေ (၆၄)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

၂၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၃၅ နှင့် ပုဒ်မ ၅၄၊ ပုဒ်မခွဲ(ခ)တို့တွင် ပါရှိသော စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာန ဆိုသည့်စကားရပ်ကို သတ္တုတွင်းဦးစီးဌာန ဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၂၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၆ တွင် ပုဒ်မခွဲ(ဂ) နှင့် (ဃ)တို့ကို ပုဒ်မခွဲ(ဃ)နှင့်(င)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကြောင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်စေခြင်း။

၂၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(က)ပါ စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေး ဦးစီးဌာနမှဆိုသည့် စကားရပ်ကို သတ္တုတွင်းဝန်ကြီး ဌာနလက်အောက်ရှိ အခြားဦးစီးဌာန၊ လုပ်ငန်းတစ်ခုခုမှဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၄၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၂၈

၂၈။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၃၈ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၃၈။ ခွင့်ပြုမိန့်ရရှိသူက ဖြစ်စေ၊ လိုင်စင်ရရှိသူက ဖြစ်စေ၊ မြေအသုံးပြုခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် သော်လည်းကောင်း၊ သတ္တုတွင်း ဝန်ကြီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီ ရပ်ဆိုင်းခြင်း၊

( ခ ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

( ဂ ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေ အသုံးပြု ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့် ရရှိသူအား နာမည်ပျက်စာရင်းတွင် ထည့်သွင်းခြင်းနှင့်ကုမ္ပဏီ သို့မဟုတ် အသင်းကိုနာမည်ပျက်စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့အကြောင်းကြားခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆

၂၉။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၃၉ နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (က)တို့တွင်ပါရှိသော တရားမဝင်ဆိုသည့် စကားရပ်ကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲဆိုသည့် စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃၀။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၉ တွင် ပါရှိသော ထောင်ဒဏ် အနည်းဆုံး ၁၀နှစ်မှ အများဆုံး တစ်သက် တစ်ကျွန်း ဆိုသည့် စကားရပ်ကို ထောင်ဒဏ် အနည်းဆုံး ငါးနှစ်မှ အများဆုံး တစ်ဆယ်နှစ် ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေတွင်ပုဒ်မ ၄၀-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ရမည် -

၄၀-က။ မည်သူမဆို ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၃၂။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ ပုဒ်မ ၄၀ နှင့် ၄၁ တို့ တွင် ပါရှိသည့် ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ် အထိ ဆိုသည့် စကားရပ်ကို ထောင်ဒဏ်အနည်းဆုံးသုံးနှစ်မှ အများဆုံး ခုနှစ်နှစ် အထိ ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၃၃။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၄၂ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ် နိုင်သည် -

(က) ကျောက်မျက်ရတနာအရိုင်းကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် မညီဘဲ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

( ခ ) ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ် ရတနာကိုဖြစ်စေ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကို ဖြစ်စေ -

(၁) လိုင်စင်မရရှိဘဲ ဆိုင်ခန်းဖွင့်လှစ်၍ ရောင်းချခြင်း၊

(၂) ရောင်းချရာ၌ သတ်မှတ်ချက်များနှင့်အညီ ရတနာခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်း။

၃၄။ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၃ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄၃။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ယင်းခွင့်ပြုမိန့် ရရှိသူ၏ ကိုယ်စားစီမံ အုပ်ချုပ်သူကဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် အမိန့်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်လျှင် ထိုသူကိုထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင် ထားပါတယ်။

၃၅။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၃ ၏ အောက် တွင် ပုဒ်မ ၄၃-က ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည် -

၄၃-က။ မည်သူမဆို ခွင့်ပြုမိန့်ရရှိသူ၏ ခွင့်ပြုချက်မရှိဘဲ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိထားသည့် လုပ်ငန်းဧရိယာအတွင်း ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းစဥ်တစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ချမှတ်ရမည့် အပြင် ငွေဒဏ်ထိ ချမှတ်နိုင်သည်ဟု ဖြည့်စွက်ထားပါတယ်။

၃၆။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၅ ပုဒ်မခွဲ(ခ)၌ ပါရှိသော အသုံးပြုသည့်ယာဥ် ဆိုသည့် စကားရပ်၏နောက်တွင် ယန္တရားဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်ဟု ပြင်ဆင်ထားပါ တယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁

၃၇။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၆ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄၆။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်း လုပ်ငန်းစဥ် အဆင့်ဆင့်ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက် ပျက်စီးမှု အနည်းဆုံး ဖြစ်စေရန်နှင့် ဒေသခံ ပြည်သူများ၏ လူမှုစီးပွား ဘဝထိခိုက်မှု မရှိစေရန် အလေးထားဆောင်ရွက်ရမည်။

( ခ ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကို ပိတ်သိမ်းသည့်အခါ ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက် ပေးရမည်။

( ဂ ) လုပ်ငန်းဆောင်ရွက်ရာဒေသ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံမှု၏ ၂ ရာခိုင်နှုန်းထက် မနည်းသော ရန်ပုံငွေတစ်ရပ် ထူထောင်ထားရှိဆောင်ရွက်ရမည်။

(ဃ) အထက်ပုဒ်မပါ ရန်ပုံငွေထူထောင်ထားရှိခြင်းမှအပ အခြားနည်းလမ်းများဖြင့် ရန်ပုံငွေ ကောက်ခံခြင်း၊ ထည့်ဝင်စေခြင်း မပြုစေရ။

၃၈။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၄၇ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄၇။ ဤဥပဒေအရ ရရန်ရှိသောငွေများကို သတ္တုတွင်းဝန်ကြီးဌာနက တာဝန်ပေးအပ်သော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရမည်။

၃၉။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၄၉။ ပုဒ်မ ၉ မှ ပုဒ်မ ၁၃ အထိပါရှိသော ရတနာနယ်မြေတွင် ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက် များသည် ကုမ္ပဏီ သို့မဟုတ် အသင်းနှင့်သာ သက်ဆိုင်စေရမည်။

၄၀။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေပုဒ်မ ၅၁ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၅၁။ သတ္တုတွင်းဝန်ကြီးဌာနသည် ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခြင်းနှင့် လက်ဝတ်ရတနာပြုလုပ်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ရောင်းချခြင်းလုပ်ငန်းကိုလည်းကောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လိုသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုနိုင်သည်။

၄၁။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၅၄ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ဆောင် ရွက်ရာတွင် -

(က) သတ္တုတွင်းဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) သတ္တုတွင်းဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သတ္တုတွင်းဦးစီးဌာနနှင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေး လုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

အပိုဒ် ၁၄ တွင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က) ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

ပယ်ဖျက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ)နှင့် ပုဒ်မခွဲ(င)တို့ကို ပုဒ်မခွဲ (ဆ)နှင့်ပုဒ်မခွဲ(ဇ)အဖြစ်လည်းကောင်း၊ပုဒ်မခွဲ(ဇ) (ဈ) နှင့် (ည)တို့ကို ပုဒ်မခွဲ(ဌ)(ဍ)(ဎ) တို့ အဖြစ်လည်းကောင်း ပြောင်းလဲ အမှတ်စဉ်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြောင်းလဲအမှတ်စဉ် ထားသည့် ပြင်ဆင်ချက် အတည်ဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၄၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(သြဘာသံများ)

## ဦးနေဝင်းထွန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)( ဥက္ကဋ္ဌ၊ သတ္တုနှင့်သယံဇာတ ရေးရာကော်မတီ)က မြန်မာ့ကျောက်မျက် ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာ နည်းဥပဒေ၁၅၈၊ နည်းဥပဒေ ခွဲ(ခ)အရ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း က လိုရင်းကိုအဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၅၂။**

**ဦးနေဝင်းထွန်း ( ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)။** ။ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ကျွန်တော်တင်သွင်းတဲ့ဥပဒေကို အတည်ပြုပေးရန် ဥပဒေကြမ်းကို အတည်ပြုပေးရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၅၃။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ဦးနေဝင်းထွန်း (ဥက္ကဋ္ဌ၊ သတ္တုနှင့် သယံဇာတရေးရာကော်မတီ)မှ တင်သွင်းတဲ့ မြန်မာ့ကျောက်မျက် ရတနာ ပြင်ဆင်တဲ့ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ အတည်ပြု ရန် အတွက် ကျွန်တော် ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၅၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အဆိုမှာ မြန်မာ့ ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက် ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း**

**အချိန်၊ ၁၄း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများ နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) မှ ဦးတင်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၅၅။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အထူးဖိတ်ကြား ထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးသို့မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်း ဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာအပေါ် ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အနေဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများနဲ့ ပြည်ထောင်စုဝန်ကြီးဌာနတွေမှ တာဝန်ရှိသူတွေနဲ့ ညှိနှိုင်း ပေါင်းစပ်ပြီးကတိကဝတ်ဖြစ်ခဲ့တဲ့ အဆိုပေါင်း (၁၀၁)ခု၊ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၇၆၆)ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၆၁၅)ခုတို့ကို အောင်မြင် အောင်ဆောင်ရွက် ပေးနိုင်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ဦးဆောင်မှုဖြင့် အခုလိုရာခိုင်နှုန်းပြည့်နီးပါး

အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တဲ့အတွက် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အထူးပင် ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း ပြောကြား လိုပါတယ်။

လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အဆိုများ၊ ကြယ်ပွင့်ပြမေးခွန်းများနဲ့ ကြယ်ပွင့်မပြမေးခွန်းတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင်များ ပြည်ထောင်စုဝန်ကြီးဌာနမှ တာဝန် ရှိသူတွေနဲ့ (၂)ပတ် (၁)ကြိမ် ခေါ်ယူတွေ့ဆုံပြီး စိစစ်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရှိရတဲ့အတွက်လည်း တာဝန်ရှိအဖွဲ့အစည်းနဲ့ ပုဂ္ဂိုလ်တွေကို အထူးပင်ကျေးဇူးတင် ဂုဏ်ပြုပါကြောင်း ထပ်လောင်းတင်ပြလိုပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အစီရင်ခံစာ၏ စာမျက်နှာ (၆) အပိုဒ် (၆) (ခ)နှင့် (ဂ)တို့တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြင့် မေးခွန်းများအပေါ် ပြည်ထောင်စုဝန်ကြီးဌာနများ၏ ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါက ကော်မတီအနေဖြင့် ကတိ၊ ကဝတ်ပြီးပြတ်သွားသည်ဟု သတ်မှတ်မည်ဖြစ်ကြောင်း သို့သော် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ကတိ၊ ကဝတ်ရှိခဲ့သည့်လုပ်ငန်းများကို သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်နေမှုနဲ့ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လေ့လာစောင့်ကြည့်သွားရန် လိုအပ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မေးမြန်းချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက ကတိကဝတ်အရ သတ်မှတ်ကာလအတွင်း အရည်အသွေး ကိုက်ညီစွာ ပြီးမြောက်မှုမရှိခြင်း ပြီးမြောက်ပါသော်လည်း ပြည့်စုံမှုမဖြစ်ခြင်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်တွင် မေးခွန်းများထပ်မံ မေးမြန်းခြင်းဖြင့်လည်းကောင်း ကော်မတီသို့ အကြံပြုအသိပေးခြင်း ဖြင့်လည်းကောင်း ပူးပေါင်း၍ ဆောင်ရွက်နိုင်ကြပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်ကို လေ့လာဖတ်ရှုရပါတယ်။

အထက်တင်ပြပါ ဖော်ပြချက်များနှင့်အညီ ကျွန်တော့်မဲဆန္ဒနယ်မြေရဲ့မြေပြင်အတွေ့အကြုံများကို ထင်ဟပ်၍ အကြံပြုချက်များကို ဆက်လက်တင်ပြလိုပါတယ်။ ပထမဦးစွာ အတွေ့အကြုံ တစ်ခုကို တင်ပြရမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အောင်လံမြို့နယ်မှာ အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘူလ-ရွှေပန်းတော ကျေးလက်လမ်းမကြီးကို ပြီးခဲ့တဲ့ ၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေ သိန်းပေါင်း(၇၆၀၀)ကျော်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြုပြင်မွမ်းမံပေးခဲ့ပါတယ်။ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိပြီးနောက်ပိုင်းခေတ်အဆက်ဆက် ဘယ်အစိုးရ၊ ဘယ်ဌာနကမှ ပြုပြင်တည်ဆောက်ပေးခြင်း မရှိခဲ့တဲ့ ဒီလမ်းမကြီးကို ကျပ်သိန်းပေါင်း မြောက်မြားစွာ အကုန်ကျခံပြီး အခုလိုပြုပြင်မွမ်းမံပေးခဲ့တဲ့အတွက် ကျေးလက်ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူလျက်ရှိပြီး လွှတ်တော်၊ နိုင်ငံတော်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကို အထူးပင် ကျေးဇူးတင် ဂုဏ်ပြုခဲ့ကြပါတယ်။ အထက်ဖော်ပြပါခွင့်ပြုငွေဖြင့် ကတ္တရာ (၆) မိုင် (၄) ဖာလုံ၊ ကျောက်ချောလမ်း (၆) မိုင် (၄) ဖာလုံ၊ တို့ကို ပြုပြင်မွမ်းမံပေးခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်မှ ငွေကြေး အမြောက်အမြား အကုန်အကျခံ၍ ပြုပြင်မွမ်းမံပေးခဲ့သော်လည်း

တင်ဒါရ ကုမ္ပဏီအနေဖြင့် သတ်မှတ်ထားသည့် လမ်းအရည်အသွေး စံချိန်စံညွှန်းများနဲ့ ကိုက်ညီအောင် ဆောင်ရွက်မပေးခဲ့ပါဘူး။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ အကောင်အထည်ဖော်ခဲ့တဲ့လမ်းဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြန်လည် ပျက်စီးစပြုနေပါပြီ။ ကတ္တရာလမ်းတွေက ချိုင့်ခွက်တွေ ပြန်ဖြစ်နေပြီး ကျောက်ချောလမ်း ကလည်း မြေသားလမ်းနဲ့ သိပ်မကွာလှတော့ပါဘူး။ လွှတ်တော်ကိုယ်စားလှယ်တွေ အကြိမ်ကြိမ် ကွင်းဆင်း၍ လေ့လာခဲ့ကြပါတယ်။ မြို့နယ်ကော်မတီ (၃) ရပ်နဲ့ ညှိနှိုင်းတိုင်ပင်ပြီး ပြန်လည်ပြုပြင်ပေးဖို့ သက်ဆိုင်ရာကုမ္ပဏီကို ဆက်သွယ်ခဲ့ကြပါတယ်။ တော်တော်နဲ့ ဆက်သွယ်လို့ မရပါ။ ပေါ်မလာပါဘူး။ အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့ ကြယ်ပွင့်ပြမေးခွန်းနဲ့ တင်ပြ မေးမြန်းရတဲ့အဆင့်အထိ ရောက်ခဲ့ပါတယ်။ အခုမိုးဦးကျမှ လာပြင်တယ်။ အခု ပြန်လည် ပြုပြင်ရာမှာလည်း ထိရောက်မှု အားနည်းနေတာကိုလ လေ့လာတွေ့ရှိနေရပါတယ်။ ကျောက်ချော လမ်းပိုင်းကိုမူ ယခုအထိ ပြုပြင်မွမ်းမံနိုင်ခြင်း မရှိသေးပါဘူး။ ကတ္တရာလမ်း ပြန်လည်ပြုပြင်ရာမှာ လည်း အရည်အသွေး မမီပါ။ လမ်းပေါ်မှာ ကုမ္ပဏီတာဝန်ခံလည်းမရှိ ကုမ္ပဏီခန့် မြို့ပြအင်ဂျင်နီယာ လည်းမရှိ AE ဆိုတာ ဝေလာဝေး SAE၊ JE တွေမရှိပါ။ ဘာမှတာဝန်ယူနိုင်ခြင်းမရှိတဲ့ အလုပ်သမား ခေါင်းဆောင်အဆင့်တွေကိုပဲ တွေ့ရပါတယ်။ ကုမ္ပဏီအချို့ရဲ့ အားနည်းချက်များကို မီးမောင်းထိုး တင်ပြရခြင်းပဲ ဖြစ်ပါ တယ်။ ဒီလိုအတွေ့အကြုံတွေဟာ မြို့နယ်တိုင်းလိုလို တွေ့ရှိနေရပါတယ်။ သက်ဆိုင်ရာ မြို့နယ် အဆင့် ဦးစီးဌာနကပဲ ကုမ္ပဏီတွေကို ထိထိရောက်ရောက် မကွပ်ကဲနိုင်ပါဘူး။ ကျွန်တော့် မြို့နယ်မှာဆိုရင် ကျေးလက် AD နည်းပညာကို မေးကြည့်တဲ့အခါမှာ သက်ဆိုင်ရာ ကုမ္ပဏီတွေက ဆက်သွယ်တဲ့အခါမှာ တယ်လီဖုန်းတောင်မှ မကိုင်ဘူးလို့ပြောပါတယ်။ အုပ်ချုပ်ရေး ဌာနတွေလည်း ဒီတိုင်းပါပဲ။ ထိထိရောက်ရောက် မကွပ်ကဲနိုင်တာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။ မြို့နယ်စည်ပင်အနေနဲ့လည်း ၎င်းတို့ရဲ့ တိုက်ရိုက်တာဝန် မဟုတ်တော့တဲ့အတွက် အလေးထားမှု အားနည်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၎င်းတို့ရဲ့စီမံခန့်ခွဲမှု လုပ်ငန်းတွေကို ဝင်ရောက်မစွက်ဖက်လိုတာကြောင့် ခုလိုအားနည်းချက်တွေ တွေ့ရှိနေရခြင်းလည်း ဖြစ်နိုင်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အခုလို ချို့ယွင်းချက် တွေကို ကျွန်တော်တို့က အထူးသဖြင့် လမ်းလုပ်ငန်းတွေမှာ တွေ့ကြုံနေရခြင်း ဖြစ်ပါတယ်။ လမ်း လုပ်ငန်းတွေမှာ ခွင့်ပြုငွေပမာဏ များတယ်။ လုပ်ငန်းထုထည်လည်း ကြီးမားတာဖြစ်ပါတယ်။ ပြည်သူ့ ငွေတွေ လမ်းပေါ်ရောက်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ ဒါမှသာလျှင် ပြည်သူတွေခံစားရမှာဖြစ်ပါတယ်။ မြို့နယ်တွေမှာ ဖွဲ့စည်းထားတဲ့ ကော်မတီ(၃)ရပ်နဲ့ တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့်ဆင့်သော အရည်အသွေး စစ်ဆေးရေးအဖွဲ့များတွင်မှာလည်း တာဝန်ရှိပါတယ်။ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အထောက်အကူပြု ကော်မတီမှာလည်း ယာဉ် မရှိ၊ သွားလာစရာ ယာဉ်မရှိစတဲ့ အခြားငွေ မရှိ အခက်အခဲအမျိုးမျိုးကြောင့် ကွင်းမဆင်းနိုင်ပါဘူး။ မြို့နယ်အဆင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက လည်းမနိုင်ပါဘူး။ တိုင်းဒေသကြီးမှာ တင်ဒါရလာတဲ့ ပုဂ္ဂိုလ်တွေဟာ မြို့နယ်အဆင့် ကွပ်ကဲမှု ခံယူမှုအားနည်း နေတာကို လေ့လာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့ဟာ ဘာပဲပြောပြော လမ်းတွေ အရည်အသွေးပြည့်မီဖို့ လိုအပ်ပါတယ်။ ကျောက်ကြီး၊ ကျောက်လတ်၊ ကျောက်သေး၊ မြေသားစသည် တို့ဟာ သတ်မှတ်စံနှုန်းအတိုင်း မခင်းကြပါဘူး။ ချိပင်ကျောက် ကတ္တရာအားနည်း ကြိတ်ချက်ကမနာ လမ်းဘေးရေမြောင်းမရှိ ဘာမှစံမီ တာမရှိပါ။ မယုံရင်လမ်းသားကို ကျွန်တော်တို့ ဖောက်ကြည့်လို့

ရပါတယ်။ တူးကြည့်လို့ရပါတယ်။ ပစ္စည်း တစ်ခုချင်း အရည်အသွေးပြည့်မီရန်လိုသလို ပါဝင်ရမယ့် အရည်အတွက်ကို အပြည့်အဝ အသုံးချဖို့ လိုအပ်မှာဖြစ်ပါတယ်။ အခုဖြစ်နေတာတွေက ကုမ္ပဏီတွေ ကလည်း ရုံးဘယ်မှာထားမှန်းမသိ ဘယ်လို ဆက်သွယ်ရမှန်းမသိ ဖြစ်နေပါတယ်။ မောင်တစ်ရွာ မယ်တစ်မြို့ဆိုသလို ကုမ္ပဏီတာဝန်ရှိ ပုဂ္ဂိုလ်တွေ နေတာကတစ်မြို့ ၎င်းတို့တာဝန်ယူခင်းကျင်း နေတဲ့လမ်းတွေက အခြားမြို့နယ်တစ်ခုရဲ့ကျေးလက် ဒေသ၊ ဒါဟာ တကယ်မြေပြင်မှာ ဒီလိုဖြစ်နေပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကွင်းဆင်းခရီး စဉ်တွေမှာ ဒီလိုတွေ့နေရပါတယ်။

အဲဒီတော့ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီအနေဖြင့် ခွင့်ပြုငွေသိန်းပေါင်းများစွာနဲ့ အကောင်အထည်ဖော်နေတဲ့ လုပ်ငန်းစဉ် တွေကို အခါအားလျော်စွာ ကွင်းဆင်းစိစစ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုဒုတိယဝန်ကြီးတွေ မကြာခဏဖြေတာရှိပါတယ်။ အရည်အသွေး စစ်ဆေးရေးအဖွဲ့တွေက တကယ်တမ်းကျတော့ ဘာမှမထိရောက်ပါဘူး။ ဒီအဖွဲ့တွေကွပ်ကဲနေတာ ဒါလေးတွေ ပိုပြီးတော့ ကွပ်ကဲမှုတွေ ထိရောက်လာအောင်၊ ထိရောက်အောင် ကျွန်တော်တို့ တွန်းအားပေးဖို့လိုအပ်မှာ ဖြစ်ကြောင်းထပ်လောင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့က လမ်းကုမ္ပဏီတွေက ကျောက်ကြီးလည်း မထည့်တော့ဘူး ကျောက်လတ်တွေခင်းတယ်။ ကြိတ်ချက်ကလည်းမနာဘူး။ လမ်းတွေက ခုမိုးတွင်းမှာ ပြန်ပွပြီး အကုန်လုံးပြန်ပျက်တယ်။ အဲဒီလို အခြေအနေရှိပါတယ်။

ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကော်မတီသို့အကြံပြုတင်ပြလိုတာကတော့ အထက်ဖော်ပြပါ အားနည်းချက်တွေကို ကော်မတီ အနေဖြင့် သိရှိထားဖို့ လိုအပ်မယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါမှသာလျှင် တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ လုပ်ငန်းတွေ ညှိနှိုင်းပေါင်းစပ်ရာမှာ ပို၍ပို၍ အောင်မြင်ပါလိမ့်မယ်။ ဒီတင်ဒါစနစ်တွေဟာ လက်ရှိ အစိုးရသက်တမ်းမှ စတင်အကောင်အထည်ဖော်ကြရတာမို့ အတွေ့အကြုံ နုနယ်သေးသလိုလည်း ဖြစ်နိုင်ပါတယ်။ မည်သူ့ကိုမျှ အပြစ်တင်နေခြင်းမဟုတ်ဘဲ အပြုသဘောဖြင့် အကြံပြုတင်ပြရခြင်း ဖြစ်ပါတယ်။ ဆက်လက်ဆောင်ရွက်သွားရမယ့် လမ်းလုပ်ငန်းတွေလည်း တစ်နိုင်ငံလုံးမှာ အများကြီး ရှိနေသေးတဲ့အတွက် အထက်ဖော်ပြပါအားနည်းချက်တွေကို လိုအပ်သလိုကုစားသွားနိုင်ရန် ယခုထက် ပို၍ ကွပ်ကဲပေးနိုင်ရေးအတွက် ကော်မတီက တာဝန်ရှိဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်း ပေါင်းစပ်ပေးနိုင်ပါ ရန် ထပ်လောင်းအကြံပြု တင်ပြအပ်ပါတယ်။ ဤကော်မတီရဲ့လုပ်ငန်း ဆောင်ရွက်ချက်တွေဟာ ရာခိုင်နှုန်းပြည့်အောင်မြင် မှာဖြစ်တဲ့အတွက် ဤအစီရင်ခံစာကို အမျိုးသားလွှတ်တော်မှ အတည်ပြု ပေးသင့်ပါကြောင်း ထောက်ခံ တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၀၈။**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်မှာတင်ပြတဲ့ ကုမ္ပဏီတွေရဲ့ လုပ်ငန်းအားနည်းချက်တွေဟာ မများပါဘူး။ အမျိုးသားလွှတ်တော်မှာ ဒီဘတ်ဂျက်ထဲမှာ ဝန်ထမ်းတွေ အဆောက်အဦ (၁၄) လုံး ဆောက်ခွင့်ရတဲ့အခါမှာ နိုင်ငံတော်သမ္မတကြီးဆီတင်ပြပြီးတော့ ကျွန်တော် ပြည်သူ့ဆောက်လုပ်ရေး ဝန်ကြီးဌာနကိုပဲ အပ်ပါတယ်။ နိုင်ငံတော်မှာ ဒီဝန်ကြီးဌာနကြီးရှိနေတာ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ဖို့ပါ။ ဆောက်လုပ်ရေးလုပ်ငန်း အားလုံးကို လုပ်နိုင်ပါတယ်။ ယုံကြည်စွာအပ်နှံလို့လည်းရပါတယ်။ ကျွန်တော်က ဒုတိယဗိုလ်မှူးကြီး ဘဝမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနဲ့ တွဲခဲ့ဖူးတဲ့အခါမှာ

တော်တော် လေးစားစရာ ကောင်းတာတွေတွေ့တယ်။ တိုင်းအင်ဂျင်နီယာမှူးကြီး ဦးညီညီသန့် ရန်ကုန်တိုင်းမှာ ကွယ်လွန်သွားတဲ့အချိန်မှာ တိုက်ခန်းနဲ့နေနေတာ မိသားစုက ကိုယ်ပိုင်လုံးချင်း အိမ်တောင် မရှိပါဘူး။ ဒီလို တိတိကျကျလုပ်တဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်။ အဲဒီတော့ ကုမ္ပဏီဆိုတာကတော့ ပျောက်သွားနိုင်တယ်။ ဒီလုပ်ငန်းလုပ်ပြီးနောက် ဒီကုမ္ပဏီမရှိတော့ဘူးလို့ပြောရင် ဒီကုမ္ပဏီ ဖျက်ပြီးတော့ ကုမ္ပဏီနာမည်အသစ်နဲ့ ထောင်ပြီးတော့ သူတို့နဲ့ မဆိုင်ဘူးလို့ပြောရင်လည်း ရတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနဆိုတာအမြဲတမ်းရှိနေတာပဲ။ ဆောက်လုပ်တဲ့ကိစ္စတွေမှာ ဆောက်လုပ်ရေး ဝန်ကြီးဌာနက မလုပ်နိုင်ဘူးလို့ Certificate ထုတ်ပေးမှဘဲ ပြင်ပနဲ့ ကန်ထရိုက် စာချုပ်ချုပ်ပြီး လုပ်ဖို့ ကောင်းတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနကလည်း သူ့ဝန်ထမ်းရဲ့ စားရိတ်အတွက် (၁)ရာခိုင်နှုန်းပဲ သူကယူတာ သူ့ဝန်ထမ်း သူရှာပြီးတော့ လုပ်ငန်းသဘောအရ သူက ဒီလိုလုပ်ရတာဖြစ်တယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက လုပ်နိုင်သမျှတော့ ဘယ်လောက် တိုတဲ့လမ်းဖြစ်ဖြစ် ဘယ်လောက် သေးတဲ့ အဆောက်အဦပဲဖြစ်ဖြစ် ကျန်းမာရေးဝန်ကြီးဌာနက ခုနက ဆေးခန်းတွေ၊ (၁၆) ကုတင်ဆံ့ တိုက်နယ်ဆေးရုံတွေ၊ စာသင်ကျောင်း အဆောက်အဦတွေ အကုန်လုံး ဆောက်လုပ်ရေးဝန်ကြီးဌာန အပ်လိုက်လို့ရှိရင်တော့ အရှင်းဆုံးပဲ။ ဝန်ကြီးကိုယ်တိုင် တာဝန်ခံတဲ့ကိစ္စပဲ။ ဆောက်လုပ်ရေး ဝန်ကြီးဌာနက ကိုယ်တိုင် မဆောက်နိုင်ဘူးဆိုရင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကြီးကြပ်မှုနဲ့ပဲ ကျန်တဲ့ ကန်ထရိုက်တွေကို ပေးသွားမယ်ဆိုရင် ခုနက AE မရှိ၊ JE မရှိ ဆိုတဲ့ကိစ္စရပ်တွေဟာ မဖြစ်တော့ဘဲနဲ့ ဝန်ကြီးဌာနကြီးတစ်ခုလုံးက ကြီးကြပ်ပေးတယ်။ မြို့တိုင်း နယ်တိုင်းမှာလည်း ဆောက်လုပ်ရေးကဝန်ထမ်းတွေရှိတယ် ဆိုရင်တော့ အကောင်းဆုံး ဖြစ်မှာပေါ့။ အဲဒီလိုမှမဟုတ်လို့ ရှိရင်တော့ တချို့ စည်ပင်သာယာကလည်း ဆောက်တာပဲ ဖောက်တာပဲ သို့သော်လမ်းဖောက်တယ်။ လမ်းဒီဇိုင်းမရှိဘူး။ လမ်းပုံထုတ်မရှိဘူး။ တံတားဆောက်တယ်။ တံတားပုံထုတ်မရှိဘူး။ ကြားဖူးတာ မြင်ဖူးတာနဲ့လုပ်တဲ့ သဘောတွေဖြစ်နေတယ်။ စနစ်တကျနဲ့ လုပ်နိုင်တာ ဆောက်လုပ်ရေးဝန်ကြီးဌာနပဲ ရှိပါတယ်။ အဲဒီလိုသာ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်ကိုအကုန်အပ်မယ်ဆိုရင်တော့ ဒီပြဿနာ တွေ ကင်းသွားမယ်လို့ထင်တယ်။ အခုတော့ ဒီ ကန်ထရိုက်ပေးတဲ့ ယဉ်ကျေးမှုကြီးက ထွန်းကားလာတဲ့ အခါမှာ ဒီလိုပဲ အမြဲတမ်းတင်ပြရမယ့် အနေအထားရှိတယ်။ ဒါလွှတ်တော်ကိုယ်စားလှယ်တွေ စဥ်းစား ပြီးတော့ ဆောင်ရွက်သင့်တာ ဆောင်ရွက် နိုင်အောင် လို့ရှင်းပြခြင်းဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်စပ်လျဥ်းသည့် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**အချိန်၊ ၁၅း၁၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့် မပြ မေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန်

ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက် ရယူခြင်း တို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**ဦးအောင်ထွန်း (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီရဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၃၁) ရက်မြောက်နေ့ ဖြစ်တဲ့ ၂၁-၇-၂၀၁၄ ရက်နေ့မှာ အစီရင်ခံစာ တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့လည်း ဦးတင်ဝင်းက အကြံပြုထောက်ခံဆွေး နွေးပြီးလည်းဖြစ်ပါတယ်။ သို့ပါ၍ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံနိုင်ပါရန်နှင့် အတည်ပြုပေးနိုင်ပါရန် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၁) မှ ကျွန်တော် ဦးအောင်ထွန်းက အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၁၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုဖို့အတွက် လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါမယ်။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြု ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၅း၁၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၅း၁၅)နာရီတွင် ခေတ္တရပ်နားပြီး (၁၅း၃၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၅:၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၏အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၅:၃၃။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၁၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။ လိုရင်းတိုရှင်းပဲ ဖတ်ကြားတင်ပြပါ။ နောက်ထပ် ရှည်လျားတဲ့ အစီအစဉ်တွေရှိသေးတယ်။

**အချိန်၊ ၁၅:၃၃။**

**ဦးစံပြည့် (အဖွဲ့ဝင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု ကော်မတီရဲ့ တာဝန်ပေးချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီရဲ့ အစီရင်ခံ စာကို ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးစံပြည့် မိုးကောင်းမြို့နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က အစီရင်ခံတင်ပြ ဖတ်ကြားသွားမှာဖြစ်ပါတယ်။ ကွင်းဆင်းလေ့လာမှုမှတ်တမ်းကို လည်း Power Point နဲ့တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုကော်မတီကို အမျိုးသားလွှတ်တော် အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃ အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီက လုပ်ငန်းများနှင့်ပတ်သက်၍ အခြေအနေများကို လေ့လာသုံးသပ်ရာတွင် (က) ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများကို လေ့လာခြင်းနှင့် အောင်မြင်မှုရှိ/မရှိ အခြေအနေများကို သုံးသပ်ခြင်း (ခ) အထူးစီးပွားရေးဇုန် ကင်းလွတ်ဇုန်၊ လုပ်ငန်း မြှင့်တင်ရေးဇုန်၊ စက်မှုဇုန်နဲ့ အခြားဇုန်များ၏အခြေအနေများကို လေ့လာခြင်း၊ (ဂ) ကုန်စည်စစ်ဆေးမှု နှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကို အဓိကထားလေ့လာခြင်းများကို ဆောင်ရွက်ခဲ့ပါသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီသည် ၁၃-၁၁-၂၀၁၃ ရက်နေ့တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့် I-18 အဆောင် တွင် တွေ့ဆုံပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနဲ့ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံ လုပ်ကိုင် နေမှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ယနေ့ မြန်မာနိုင်ငံသို့ နိုင်ငံခြားတိုင်းပြည် စုစုပေါင်း (၃၀)ကျော်မှ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက် ရှိနေကြပြီ ဖြစ်ပါသည်။ အများဆုံး ရင်းနှီးမြှုပ်နှံမှုသည် လျှပ်စစ်ဓာတ်အားကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တုကဏ္ဍတို့တွင်

ဖြစ်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ(၄၆)ဘီလီယံ ကျော်ရှိနေပြီဖြစ်ပါသည်။ အခြားနိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ သီးခြားစီ မရှိ၍ သော်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ ပို၍လာရောက်နိုင်ရန် အတွက်သော် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု ဥပဒေ(၂)ခုကို ပေါင်း၍ ဥပဒေတစ်ခုတည်းဖြစ်အောင် ရေးဆွဲရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရပါသည်။

ဤကော်မတီသည် ၂၅-၂-၂၀၁၄ ရက်နေ့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့် I-18 အဆောင်တွင် တွေ့ဆုံ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် သစ်တောကဏ္ဍနှင့်ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေများ၊ ကျွန်းသစ်နှင့်ပတ်သက်၍ စိုက်ပျိုးမှု၊ အကျိုးခံစားမှုအခြေအနေ နည်းဥပဒေနှင့် ပတ်သက်သည့်အနေအထား၊ သစ်တောကြိုးဝိုင်းအတွင်း မြစ်ချောင်းများရှိ သဲ၊ သဲခြောက်၊ ကျောက် များနှင့်ပတ်သက်သည့် အခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီဥက္ကဋ္ဌ ဦးခက်ထိန်နန် ဦးဆောင်၍ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ၂၀၁၄ ခုနှစ် ဇူလိုင်လ (၁၁) ရက်နေ့ မှ (၁၅) ရက်နေ့အထိ သွားရောက်လေ့လာခဲ့ကြပါသည်။ ဇူလိုင်လ (၁၂) ရက်နေ့မှ (၁၃) ရက်နေ့တွင် မူဆယ် ခရိုင်၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ၊ မြို့မိမြို့ဖများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီအဆင့်ဆင့်မှ ပုဂ္ဂိုလ်များနှင့်လည်းကောင်း ဇူလိုင်လ (၁၅) ရက်နေ့တွင် လားရှိုးမြို့ရှိဌာနဆိုင်ရာများနှင့် မြို့မိ၊ မြို့ဖများနှင့်သော်လည်းကောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေး ဇုန်နဲ့ ရွှေလီအထူးဖွံ့ဖြိုးရေးဒေသ ကုန်စည်စစ်ဆေးမှု၊ (၂)ဖက်နိုင်ငံ၏ ဈေးကွက်အခြေအနေ၊ လားရှိုး မြို့၊ မြို့ရှောင်လမ်း မြို့ရွာဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ ၎င်း အပြင် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဂိတ်၊ မန်ဝင်းဂိတ်၊ ကျိန်စမ်းကျော့ဂိတ်၊ ပန်ဆန်း ကျူကုတ်ဂိတ်နဲ့ ကုန်စစ်ကွင်းတို့ကို သွားရောက်လေ့လာခဲ့ကြပါသည်။ ဤသို့တွေ့ဆုံဆွေးနွေးခြင်း၊ ကွင်းဆင်း လေ့လာခြင်းများအရ ကမ္ဘာတွင် ဒုတိယအတိုးတက် အချမ်းသာဆုံးဖြစ်သော တစ်ဖက် တရုတ်နိုင်ငံ သည် ရေရှည်စီမံကိန်းဖြင့် ဇုန် (၆) ခုပါဝင်သော နိုင်ငံတကာအဆင့် ရွှေလီစီးပွားရေး ဖွံ့ဖြိုးရေး အထူးဒေသဇုန်အဖြစ် တရုတ်ပြည်၏ အနောက်တောင်ဘက် ပင်လယ်ထွက်ပေါက် ဖြစ်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အလားတူ မိမိတို့ နိုင်ငံဘက် မူဆယ်ကုန်သွယ်ရေး ဇုန်ကိုလည်း တရုတ်နိုင်ငံ ဘက်ကဲ့သို့ရေရှည် စီမံကိန်းဖြင့် မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အမှန်တကယ် လိုအပ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။ ၂၂-၇-၂၀၁၄ ရက်နေ့တွင် လွှတ်တော်ရေးရာ အဆောင် I-18 ၌ ဝန်ကြီးဌာန (၄) ခုမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နံနက် (၁၀) နာရီမှ ညနေ (၃) နာရီ (၃၀) အချိန်အထိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် ပတ်သက်၍ အသေးစိတ်တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။ လုပ်ငန်းရှင်ကုန်သည် များနှင့် မူဆယ်မြို့နေ ပြည်သူလူထုတို့၏ ကုန်သွယ်မှုနှင့် ပတ်သက်၍ တင်ပြမှုများကိုလည်း One-Stop Service ဌာနဆိုင်ရာများက လိုအပ်သလို ကူညီဖြေရှင်းပေးကြရန် ဆွေးနွေးခဲ့ ကြပါသည်။ ၎င်းအပြင် နိုင်ငံတော်တွင် လယ်ယာထွက်ကုန် ကုန်စည်တင်ပို့မှု အများဆုံးနှင့် နယ်စပ်ကုန်သွယ်မှု ပမာဏအားလုံး၏ (၈၀)ရာခိုင်နှုန်းကျော်ကို တင်ပို့လျက်ရှိသော မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ မူဆယ်-ရွှေလီ ကုန်သွယ်ရေး ဒေသနှင့် ပတ်သက်၍

နိုင်ငံတကာအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးအမြင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်သုံးသပ်၍ ကုန်သွယ်မှုလုပ်ငန်းအရှိန် မြှင့်တင်နိုင်ရန်အတွက် Long-Term Plan ရေးဆွဲ၍ နိုင်ငံတော် ၏ ရင်းနှီးမြှုပ်နှံမှုအခန်းကဏ္ဍတွင် ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းပြည်ပ ပညာရှင်များနဲ့ ပေါင်းစပ်၍ အစီအမံများကြိုတင်ဆောင်ရွက်ထားပြီး မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်ကို ဆောလျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား အထူးဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှု အခန်းကဏ္ဍ၌ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်း တွင်းကုန်သွယ်ရေးတွင် အကြီးမားဆုံးဖြစ်သော မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သည် လွန်စွာအရေး ကြီးသော အခန်းကဏ္ဍ ဖြစ်နေသည်ကို တွေ့ရှိရသောကြောင့် နိုင်ငံတော်၏စီးပွားရေး စီမံကိန်း တစ်ရပ် အနေအထားနှင့် နှစ်ရှည်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိလိုအပ်လျက်ရှိသည်ကို တွေ့ရပါသည်။ မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ကို ၂၀၀၆ ခုနှစ်၊ ဧပြီလ (၁၁) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ မူဆယ်နယ်စပ်ကုန်သွယ်မှုပမာဏသည် ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ (၄၈၈.၅၂၇) သန်းရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာ(၃၆၀၉.၃၉၈)သန်းအထိ ကုန်သွယ်မှု ပြုနိုင်ခဲ့ပါသည်။ ကုန်သွယ်ရေးဇုန် စတင်ဖွင့်လှစ်စဉ်က တစ်နှစ်လျှင် ကုန်တင်ကားကြီး (၂၀၀)စီးသာ သွားလာမှုရှိသော်လည်း ယခုအချိန်တွင် တစ်နှစ်လျှင် ကုန်တင်ကားကြီး (၁၅၀၀)ခန့်ဝင် ထွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ (၁၀) နှစ်အတွင်း ကုန်သွယ်မှု ကုန်စည်စစ်ဆေးမှု (၁၀) ဆဝန်းကျော် တိုးတက်လာသည်ကို လေ့လာတွေ့ရှိရပါသည်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သည် မူဆယ်မြို့ နှင့် (၇) မိုင်ဝေးကွာပြီး မူဆယ်မြို့ကိုဖြတ်သန်း၍ မူဆယ်မြို့အစွန်ဘက်ရှိ မန်ဝင်းဂိတ်မှနေ၍ ကုန်စည်များကို တရုတ်ပြည်သို့ တင်ပို့ရလျက်ရှိပါသည်။ ကုန်သွယ်ရေးဇုန်နှင့် မန်ဝင်းဂိတ်သည် (၁၀) မိုင် ဝေးကွာပါသည်။ ၎င်းလမ်းသည် ကျဉ်းမြောင်းသည့် အပြင် အကွေ့အကောက်များခြင်း လမ်းချဲ့ရန် လူနေအိမ်နဲ့ လယ်ကွင်းများရှိနေခြင်း မူဆယ်မြို့တွင် အရောင်းအဝယ်ပြုလုပ်သူများ၊ အနွေးယာဉ်များ၊ လူစီးယာဉ်၊ ဈေး၊ ကျောင်းနဲ့ နယ်စပ် လူဝင် လူထွက်ဂိတ်ဖြစ်သည့် နန်းတော်ဂိတ်တို့ကြောင့် ကုန်တင်ယာဉ်ကြီးများ လမ်းပိတ်ဆို့လျှက် မြို့နေလူထုများ သွားလာရေးခက်ခဲလျှက်ရှိပြီး ယာဉ်မတော်မဆ တိုက်ခိုက်မှုများလည်း မကြာခဏဖြစ်ပွားလျက် ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၎င်းအပြင် လမ်းကျဉ်းမြောင်းပြီး အကွေ့အကောက်များသဖြင့် ကုန်တင်ကားကြီးများသွား လာ၍ မလွယ်ကူသည်ကို အကြောင်းပြု၍ တရုတ်နိုင်ငံကုန်တင်ကားကြီးများ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့လာရောက်ပြီး ကုန် တင်ဆောင်မှုများ ဆောင်ရွက်ခြင်းမရှိသည်ကိုလည်း လေ့လာ တွေ့ရှိရပါသည်။ တရုတ်နိုင်ငံမှ ကုန်တင်ကားကြီးများ မလာရောက်နိုင်သဖြင့် မိမိတို့၏ ပို့ကုန် ပစ္စည်းများကို မိမိတို့၏ကုန်တင်ယာဉ်များဖြင့် တရုတ်နိုင်ငံသို့ အရောက်တင်ပို့နေရလျက်ရှိပါသည်။ ကုန်တင်ယာဉ် ကြီးများပေါ်ရှိ ကုန်စည်များ ကားအပြောင်းအလဲ ဆောင်ရွက်မှုကို တရုတ်နိုင်ငံ ကြယ်ခေါင်ဒေသတွင်သာဆောင်ရွက်ရသဖြင့် တရုတ်ဘက်တွင် ဈေးကွက်ဖြစ်ပေါ်လျက်ရှိပြီး လုပ်သား များ အလုပ်အကိုင်အခွင့်အလမ်းများလည်း ဖြစ်ပေါ်လျက်ရှိရာ စားသောက်ဆိုင်လုပ်ငန်းများ၊ အခြားဝန်ဆောင်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပါသည်။ မိမိတို့၏ ကုန်ပစ္စည်းများ တရုတ်နိုင်ငံတွင် သွားရောက် ကုန်ချသည့်အခါ ကုန်ပစ္စည်းများ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်း

နိမ့်ကျသည်ကို တရုတ်ကုန်သည်တို့က အကြောင်းပြုပြီး ဈေးနှုန်းလျှော့ချ သတ်မှတ်ပေးချေနေမှုများကြောင့် မိမိတို့ကုန်သည်များ နစ်နာလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

မိမိတို့၏ ကုန်သည်များက ဖော်ပြပါကုန်သွယ်မှု အခက်အခဲများကို ရင်ဆိုင်နေရသဖြင့် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းက ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့မှ (၄) ရက်နေ့အထိ ရှမ်းပြည်နယ် မြောက်ပိုင်းခရီးစဥ် မူဆယ်သို့ရောက်ရှိစဥ်တွင် မြန်မာ-တရုတ် နယ်စပ် ကျိန်စန်းကျော့တွင် S-Port Zone ပြုလုပ်ရန် လမ်းညွှန်မှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းသိရှိရပါသည်။ ကျိန်စန်းကျော့ဂိတ်နေရာသည် ယူနန်ပြည်နယ်၊ ကူမင်မြို့မှ မန်စီမြို့၊ ၎င်းမှ ကျိန်စန်းကျော့ နယ်စပ်ဂိတ်မှ တဆင့် လားရှိုးမြို့သို့ မီးရထားဖောက်ရန် စီမံလျက်ရှိပြီး ယခုအချိန်တွင် ကျိန်စန်းကျော့ဂိတ် တစ်ဖက်ကမ်းတွင် တရုတ်တို့က ကုန်တင်ကုန်ချကွင်းများနှင့် လူနေဆိုင်ခန်းများ၊ လူနေပွဲရုံများ တည်ဆောက်ပြီးစီးလျက်ရှိနေသည်ကိုတွေ့ရှိရပါတယ်။ ကျိန်စန်းကျော့ဂိတ်နှင့် မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးစခန်းသည် (၈) မိုင်ခန့်သာဝေးကွာပြီး မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မူဆယ်မြို့သို့ သွားလာသည့်လမ်း၌ ကျိန်စမ်းကျော့ လမ်းခွဲနေရာမှ ကျိန်စန်းကျော့နယ်စပ်ဂိတ်အထိ (၇)မိုင် အကွာအဝေးရှိ မြေသားလမ်းကို တရုတ်နိုင်ငံ၏အစီအစဥ်ဖြင့် ကွန်ကရစ်လမ်းကို ၂၀၁၁ ခုနှစ်တွင် ပြုပြင်တည်ဆောက်ညထားပြီး ဖြစ်ပါသည်။ တရုတ်နိုင်ငံဘက်မှ တာဝန်ရှိသူများကလည်း ကျိန်စန်းကျော့နယ်စပ်ဂိတ်ကို (၂) နိုင်ငံသဘောတူ တရားဝင်နယ်စပ်ကုန်သွယ်ရေး ဂိတ်ဖွင့်လှစ်နိုင်ရေး မြန်မာနိုင်ငံဘက်သို့ ကမ်းလှမ်းလျက် ရှိကြောင်းလည်းသိရှိရပါသည်။ ကျိန်စန်းကျော့ဂိတ်သည် (၁၀၅)မိုင်ကုန်သွယ်ရေးစခန်းမှ ကုန်တင်ကားကြီးများ အလွယ်တကူသွားလာနိုင်သည့် လမ်းဖြစ်ပြီး ယခုဖော်ပြပါဂိတ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ပြည်တွင်းအခွန်များဦးစီးဌာနမှ အမှုထမ်းများ ပူးပေါင်းတာဝန်ယူ အစွမ်းပြလျက်ရှိပါသည်။ ဒေသတွင်းအသုံးပြုသည့်ယာဥ်ငယ်များ နှင့် အရပ်သားများ သွားလာ ဝင်ထွက်လျက်ရှိပါသည်။

၎င်းကျိန်စန်းကျော့ဂိတ်ကို တရားဝင်နယ်စပ်ဂိတ်ဖွင့်လှစ်မည် ဆိုပါကလည်း မိမိတို့ဘက်တွင် ကုန်သွယ်မှုလုပ်ငန်းနှင့် ရုံးလုပ်ငန်းများဆောင်ရွက်ရန် သီးခြားအဆောက်အဦများ ထပ်မံဆောက်လုပ်ရန် လောလောဆယ် လိုအပ်မည်မဟုတ်ဘဲ လက်ရှိအဆောက်အဦများကိုသာ ပြင်ဆင်မွမ်းမံရန်သာလိုအပ်မည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပို့ကုန်၊ သွင်းကုန် ရုံးလုပ်ငန်းဆိုင်ရာများနှင့်ကုန်စစ်ဆေးခြင်းများကို မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင်သာ ပြုလုပ်ခြင်းကြောင့် ဖြစ်ပါသည်။ ကုန်သွယ်ရေးဇုန်စစ်ဆေးရေးဂိတ်မှ စစ်ဆေးပြီးသောကားများကို မန်ဝင်းဂိတ်မှဖြစ်စေ ကျိန်စန်းကျော့ဂိတ်မှဖြစ်စေ တင်ပို့နိုင်မည် ဖြစ်ပါသည်။ ကျိန်စန်းကျော့ဂိတ်မှ အစောင့် ဝန်ထမ်းများအနေဖြင့် ကားနံပါတ်နှင့် ကုန်ပစ္စည်းအမျိုးအစားများကိုသာ နေ့အလိုက် ဝင်/ထွက်မှုမှတ်တမ်းထားရှိ ရုံသာဖြစ်ပါသည်။ ကျိန်စန်းကျော့နယ်စပ်ဂိတ်အား တရားဝင်ဖွင့်လှစ်ပေးနိုင်ပါက ကုန်သွယ်မှုလုပ်ငန်းများသည် ပိုမိုလွယ်ကူသွားမည်ဖြစ်၍ ကုန်သွယ်မှုပမာဏသည်လည်း ယခုထက်ပိုမိုတိုးတက်လာမည် ဖြစ်ပါသည်။ ကားလမ်းများကောင်းမွန်သဖြင့် တရုတ်နိုင်ငံဘက်မှ ကုန်သည်ကြီးများလည်း မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကို လာရောက်၍ ကုန်တင်ဆောင်မှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ မိမိတို့ဘက်တွင် ဈေးကွက်ဖြစ်ပေါ်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိကာ ကုန်သွယ်မှုချိန်ခွင်လျှာ တစ်ဘက်စောင်းနင်းဖြစ်မှုကို ထိန်းညှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နှင့် အနီးဆုံးဖြစ်သည့် ကျိန်စမ်းကျော့ မြန်မာ-တရုတ် နယ်စပ်ဂိတ်အား

တရားဝင် နယ်စပ်ကုန်သွယ်ရေးစခန်းအဖြစ် ဆောလျင်စွာ ဖွင့်လှစ်ပေးနိုင်ရေး ဆောင်ရွက်သွားသင့်ပါသည်။

ဒေါ်နန်းနီနီအေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် စီးပွားရေးနှင့်ကုန်သွယ်မှုဆိုင်ရာ ကော်မတီက မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အား အဆင့်မီဖွံ့ဖြိုးတိုးတက်သည့် ဇုန်အင်္ဂါရပ်နှင့် ညီညွတ်စေရန် အကောင်အထည်ဖော်နိုင်ရေးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တံခါးမုဒ်ဦးဖြစ်သည့် မူဆယ်မြို့အား နိုင်ငံ့ကျက်သရေဆောင် မြို့ပြစီမံကိန်း ရေးဆွဲအကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အမျိုးသားလွှတ်တော်သို့ ၂၀၁၂ ခုနှစ်တွင် တင်သွင်းခဲ့ရာ အဆိုကို လွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအနေဖြင့် မူဆယ်မြို့ပြ စီးပွားရေး စီမံကိန်းဇုန် အကောင်အထည်ဖော်ရေး အဆိုအပေါ် အကောင်အထည်ဖော်သည့် အနေဖြင့် အောက်ပါ လုပ်ငန်းကဏ္ဍများကို ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(က) မြန်မာ-တရုတ် မုဒ်ဦးအသစ် ဒီဇိုင်း ရေးဆွဲဆောက်လုပ်ရန် ပြည်နယ်ရန်ပုံငွေမှ ကျပ်သိန်းပေါင်း (၃၂၇၅)သိန်းကို ဘတ်ဂျက်လျာထားပြီး တည်ဆောက်ရန်တင်ဒါခေါ်ယူထားဆဲ ဖြစ်ပါသည်။ (ခ) မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ပို့ကုန်သွင်းကုန်ဖြစ်သည့် မန်းဝင်းဂိတ်သို့ ကုန်တင်ကားကြီးများသွားလာရန် မြို့ရှောင်လမ်းဖောက်လုပ်ရန် အေးရှားဝေါလ်ကုမ္ပဏီကို တာဝန်ပေးထားပြီး လမ်းအူကြောင်းကိုလည်း ရွေးချယ်ထားပြီဖြစ်၍ လာမည့်ပွင့်လင်းရာသီတွင် စတင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ (ဂ) မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ပို့ကုန်/သွင်းကုန် ကုန်စစ်ကွင်းတွင် ကြမ်းပြင်ပေါက်ပြဲပျက်စီးနေမှုများကို (၂၄) ဘီးတပ် ကုန်တင်ယာဉ်ကြီးများ၏ အလေးချိန်ကို ရေရှည်ခံနိုင်ရန်ရှိသည့် အဆင့်မြင့်ကွန်ကရစ်ကြမ်းပြင် တည်ဆောက်ပေးနိုင်ရေး BOT စနစ်ဖြင့် ဆောင်ရွက်ရန် စီမံလျှက်ရှိပါသည်။ (ဃ) ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်နေ့တွင် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း မူဆယ်သို့ရောက်ရှိစဉ် ကျိန်စန်းကျော့ တွင် Export ကုန်သွယ်ရေးဇုန်တည်ဆောက်ရန် လမ်းညွှန်မှာကြားထားခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။ (င) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှလည်း မူဆယ်မြို့ရွာ စီမံကိန်း ရေးဆွဲရန် ကွင်းဆင်းလေ့လာ သုတေသနပြုလျက် ရှိပါသည်။ (စ) သိန်းသန်းချီကုမ္ပဏီသည် မှန်လုံယာဉ်ရပ်နားစခန်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်လျှက် ရှိပါသည်။ (ဆ) နယူးစတားလိုက် ကုမ္ပဏီက မြို့ပြဝန်ဆောင်မှုလုပ်ငန်း ပုံစံရေးဆွဲတင်ပြပြီး ခွင့်ပြုချက်ရ၍ အကောင်အထည်ဖော် တည်ဆောက်လျှက် ရှိပါသည်။ (ဇ) ၎င်းအပြင် အခြားကုမ္ပဏီ(၂)ခု၊ (၃)ခုကလည်း နယ်စပ်တွင် ကုန်ချကွင်းများ တည်ဆောက်ရန် စီမံလျက်ရှိကြောင်း လေ့လာသိရှိရပါသည်။

အထက်ဖော်ပြပါ မူဆယ်မြို့ပြစီးပွားရေးဇုန်အကောင်အထည်ဖော် လုပ်ငန်းများကိုဆောင်ရွက်ကြရာတွင် မြို့ပြစီးပွားရေးဇုန် စီမံကိန်းရေးဆွဲ၍ နှစ်တို၊ နှစ်ရှည် Sector အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမျိုး မတွေ့ရှိရဘဲ ကုမ္ပဏီတစ်ခုချင်းက မိမိတို့တည်ဆောက်လိုသည့် လုပ်ငန်းတစ်ခုကို လုပ်ငန်းစီမံကိန်းရေးဆွဲ၍ သက်ဆိုင်ရာဌာနသို့တင်ပြခွင့်ပြုချက်ရယူကာ အကောင်အထည်ဖော်နေခြင်းသာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုသို့ တစ်ဖက်နှင့်တစ်ဖက် ပေါင်းစပ်ညှိနှိုင်းမှုမရှိဘဲ ဆက်လက်ဆောင်ရွက်နေကြပါက GMS အာဆီယံနယ်စပ်ဖြတ်ကျော် ကုန်သွယ်မှု လုပ်နည်းစနစ်များနဲ့ အံဝင်ခွင်ကျ ရှိနေရမည့် Infrastructure များ အလွဲလွဲအချော်ချော် တည်ဆောက်ပြီးသားဖြစ်နေမည့်အပြင် ခေတ်မီ အကွက်ကျသည့် နိုင်ငံတကာအဆင့်မီ မြို့ပြစီးပွားရေးစံပြဇုန်ကိုလည်း

တည်ဆောက်နိုင်မည်မဟုတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ တရုတ်အစိုးရက ရွှေလီကြယ်ခေါင်ဒေသမှ ဝမ်တိန်အထိ အနောက်တောင် ရွှေရောင် မုဒ်ဦးတံခါးစီးပွားရေးစမ်းသပ်ဇုန်ကြီးကို နှစ်တိုနှစ်ရှည် စီမံကိန်းရေးဆွဲ၍ တည်ဆောက်နေသကဲ့သို့ မိမိတို့နိုင်ငံ ဘက်အခြမ်းတွင်လည်း နမ့်ခမ်းမူဆယ်ဒေသမှ ပန်ဆိုင်းကျူကုတ်အထိ မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ် ဇုန်ကြီးကို မလွဲမသွေ တည်ဆောက်ရန် လိုအပ်လျက်ရှိနေပါသည်။

ထိုဖော်ပြပါ ဇုန်ကြီးထဲတွင် လူသုံးကုန်ပစ္စည်းထုတ်လုပ်ရန် ထုတ်လုပ်သည့်ဇုန်၊ စားသုံးကုန်များ ထုတ်လုပ်သည့်ဇုန်၊ ရေထွက်ပစ္စည်းထုတ်လုပ်ဇုန်၊ မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ဇုန်၊ Export Processing ဇုန်၊ သဘာဝသစ်သီးဝလံနှင့် ပန်းမန်များ စိုက်ပျိုးထုတ်လုပ်ဇုန်၊ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းဇုန်၊ ဝန်ဆောင်မှုလုပ်ငန်းဇုန်၊ အဖျော်ယမကာများထုတ်လုပ်ဇုန်၊ ကုန်တင်ယာဉ်၊ လူစီးယာဉ် ရပ်နားစခန်းများ၊ ဂိုဒေါင်များ၊ Export၊ Inport ကုန်စစ်ဆေးသည့်နေရာများ၊ ဘူတာရုံနေရာ၊ လေယာဉ် ကွင်းနေရာ၊ ဘဏ်များနှင့် နိုင်ငံခြားငွေလဲလှယ်ရေးနေရာများ၊ ဟိုတယ်ဇုန်များ၊ ဂေါက်ကွင်းများ၊ ပန်းခြံများ၊ သစ်အချောထည် ပြုလုပ်ဇုန်များ၊ ကျောက်စိမ်းကျောက်မျက်နှင့် မြန်မာ့လက်မှုအချောထည်ပြုလုပ်နေရာနှင့် အရောင်းပြခန်းများ၊ ကုန်စည်ပြပွဲပြုလုပ်ရန် နေရာများ၊ နိုင်ငံတကာအဆင့်မီ အစည်းအဝေး ပြုလုပ်ရန် ခန်းမကြီးများ၊ အုပ်ချုပ်ရေးရုံးများ စသည်ဖြင့် ပါဝင်မည်ဖြစ်ပါသည်။ လူတန်းစားအလွှာဇုန်က စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်အနေအထားမျိုးဖြစ်အောင် ဖန်တီးရမည်ဖြစ်ပါသည်။ ၎င်းဇုန်မှ နိုင်ငံတကာနှင့် စီးပွားရေးဆောင်ရွက်မှု လုပ်ငန်းများ အားလုံး အချိန်တိုအတွင်း အဆင်ပြေစွာဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားရမည်ဖြစ်ပါသည်။

ထိုကဲ့သို့ပြုလုပ်နိုင်မှသာ ဈေးကွက်ကမိမိဘက်တွင်ရှိပြီး ကုန်သွယ်မှုမှာလည်း အသာစီးရနိုင်မည်ဖြစ်သည်။ မိမိနိုင်ငံမှလုပ်သားများလည်း တရုတ်နိုင်ငံဘက်သို့ သွားရောက်လုပ်ကိုင်ရန်မလိုဘဲ မိမိနိုင်ငံဘက်တွင် လုပ်ငန်းခွင်များဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ မိမိနိုင်ငံ၏ ထွက်ကုန်များကိုလည်း ကုန်ကြမ်းအတိုင်း Export မပြုလုပ်ဘဲ ကုန်ချောပြုလုပ်ကာ တင်ပို့နိုင်မည်ဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် ပိုမိုအကျိုးရှိနိုင်မည်ဖြစ်ပါသည်။ တရုတ်အစိုးရသည် ၎င်းတို့၏ ထွက်ကုန်များကို ကျောက်ဖြူရေနက်ဆိပ် ကမ်းမှတစ်ဆင့် ပင်လယ်ရပ်ခြားသို့တင်ပို့ရန်နှင့် ၂၀၁၅ ခုနှစ်တွင် AEC ကို စတင်အကောင်အထည်ဖော်သည့်အချိန်တွင် ၎င်းတို့၏ ကုန်စည်များ မြန်မာနိုင်ငံ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် တရုတ်ပြည် ပြည်မမှ အဆင့်မီစက်ပစ္စည်းများကို မြန်မာတရုတ်နယ်စပ်စက်မှုဇုန်ကြီးများသို့ ပြောင်းရွှေ့ထုတ်လုပ် ရန်စီမံဆောင်ရွက်နေပြီဖြစ်ပါသည်။ မိမိတို့ကလည်း တရုတ်တို့၏ အရည်အသွေးစံချိန်စံညွှန်းနှင့်အပြိုင် ယှဉ်ပြိုင်ရောင်းချနိုင်ရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတကာမှ လုပ်ငန်းရှင်များက စိတ်ဝင်စားလာအောင် မိမိတို့၏ မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်ကို နိုင်ငံတကာအဆင့်မီတည်ဆောက်နိုင်ရန် ဇုန်ဖြစ်မြောက်ရေး ကော်မရှင်ကို ဖွဲ့စည်း၍ ပြည်တွင်းပြည်ပမှ ပညာရှင်များဖြင့် ဒီဇိုင်းရေးဆွဲကာ နှစ်တို၊ နှစ်ရှည် အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ပါသည်။ မူဆယ်မြို့ပြ စီးပွားရေးစမ်းသပ်ဇုန်အောင်မြင်လာပါက ၎င်းအတွေ့အကြုံကို ယူပြီး နယ်စပ်မြို့များဖြစ်သည့် မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ တမူး ကန်ပိုက်တီး စသည်တို့တွင်လည်း တစ်ဆင့်ပြီးတစ်ဆင့် စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။ နယ်စွန်နယ်ဖျားများတွင် စီးပွားရေး

ကောင်းမွန်လာပါက လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်လာပြီး ရန်ကုန်နှင့်မန္တလေးတွင်သာ လူဦးရေစုပြုံတိုးပွားလာမှုကိုလည်း ဖြေရှင်းပြီးသားဖြစ်သကဲ့သို့ ပြည်မနှင့်ပြည်နယ် ဆင်းရဲချမ်းသာ ကွာဟမှုကိုလည်း နည်းပါးသွားစေ မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တရုတ်အစိုးရက ရွှေလီ-ကြယ်ခေါင်ဒေသမှ ဝမ်တိန်ဒေသအထိ စတုရန်း ကီလိုမီတာ (၃၀၀) ကျယ်ဝန်းသော ရွှေလီ-ကြယ်ခေါင် စီးပွားရေးစမ်းသပ်ဇုန်ကြီးကို တည်ဆောက်နေ သကဲ့သို့ မိမိတို့ မူဆယ်နမ့်ခမ်းဒေသမှ ပန်ဆိုင်း-ကျူကုတ်ဒေသအထိ နိုင်ငံတကာအဆင့်မီ မူဆယ်မြို့ပြစီးပွားရေးစမ်းသပ်ဇုန်ကြီးကို ရေရှည်စီမံကိန်းဖြင့် တည်ဆောက်နိုင်ရန် ဇုန် ဖြစ်မြောက်ရေး ကော်မရှင် ဖွဲ့စည်း၍ ပြည်တွင်း၊ ပြည်ပ ပညာရှင်များဖြင့် ဒီဇိုင်းရေးဆွဲကာ ဆောလျင်စွာ ဆောင်ရွက်ပေး နိုင်ရေးအတွက် အထက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော် သို့ အဆိုများ တင်သွင်းနိုင်ရန် ကော်မတီမှ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်ပင်ဆွေးနွေး၍ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံ တင်ပြအပ် ပါသည်ခင်ဗျား။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု ကော်မတီ။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၏အစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၅း၅၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေးကို ၂၈-၅-၂၀၁၄ ရက်နေ့မှ ယနေ့ ၃၁ -၇-၂၀၁၄ ရက်နေ့အထိ (၃၇) ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒသမပုံမှန် အစည်းအဝေးမှာ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုများ၊ အစီရင်ခံစာများနှင့် ဥပဒေကြမ်းများတင်သွင်းခြင်း ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မေးခွန်းများ မေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြ မေးခွန်း (၂၀၇) ခုနှင့် ကြယ်ပွင့်မပြ မေးခွန်း (၂၇၂)ခု တို့ကို မေးမြန်းခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ကြယ်ပွင့်ပြမေးခွန်း(၈)ခုသည် အမျိုးသား လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၂၂ အရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်တယ်လို့ ဥက္ကဋ္ဌကသတ်မှတ်ခဲ့တဲ့အတွက် မေးခွန်းများနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်း ခဲ့ပါတယ်။

အဆိုများတင်သွင်းခြင်းကဏ္ဍတွင်လွှတ်တော်ကိုယ်စားလှယ် ( ၆ )ဦးက အဆို ( ၉ )ခု တင်သွင်းခဲ့ရာ အဆို (၈)ခုကို အတည်ပြုနိုင်ခဲ့ပါတယ်။ လာမည့် အစည်းအဝေးမှာ အဆုံးအဖြတ် ပြုမယ့် အဆို(၁)ခု ကျန်ရှိပါတယ်။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စု လွှတ်တော်က ပေးပို့သည့် ဥပဒေကြမ်းများအနက် မြန်မာ့လေကြောင်း ဥပဒေကြမ်း ကို အမျိုးသား လွှတ်တော်တွင် ၄-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်း ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၃-၆-၂၀၁၄ ရက် နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ၁၈-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆို တင်သွင်း ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၁၆-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။ ယင်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၇-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၂၉-၇-၂၀၁၄ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

(၃)စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၉-၅-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၄-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၄)ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၆-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကအဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသား လွှတ်တော်က ၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၅) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ၆-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်း ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၃-၆-၂၀၁၄ ရက် နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ ခဲ့ပါတယ်။

(၆) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးဆောင်အဖွဲ့နှင့် အလုပ်အမှု ဆောင်ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင် အယောင်များဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၆-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၃-၆-

၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည် ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၇) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ၆-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ကအဆို တင်သွင်း ခဲ့ပါတယ်။ အမျိုးသားလွှတ်တော် က ၃-၆-၂၀၁၄ ရက် နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့ လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၈) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်တွင် ၆-၃-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၃၀-၅-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၉) နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ၅-၆-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၄-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေး နိုင်ရန် ပေးပို့ခဲ့ပါတယ်။

(၁၀) ပြည်ထောင်စု တရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၅-၆-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၁၁-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေး နိုင်ရန်ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ၁၀-၇-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၌ပြည်သူ့လွှတ်တော် ၏ ပြင်ဆင်ချက်အတိုင်း ၂၅-၇-၂၀၁၄ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

(၁၁) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၃-၂-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၉-၇-၂၀၁၄ ရက်နေ့ တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၀ အရ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင် ရန် ပေးပို့ခဲ့ပါတယ်။

(၁၂) စစ်ဘက်ရာထူးအဆင့် အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၂၈-၇-၂၀၁၄ ရက်နေ့၌ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ယနေ့ ၃၁-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသည့် ဥပဒေကြမ်းများအနက် (၁)နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင် က ၂၃-၈-၂၀၁၃ ရက်နေ့တွင် အဆိုတင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ၂၀-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၆-၃-၂၀၁၄ ရက်နေ့မှာ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြန်လည်ပေးပို့ လာပါတယ်။

အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၁၁- ၆-၂၀၁၄ ရက်နေ့တွင် အတည်ပြုပြီး၊ ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ရာ ပြည်ထောင်စုလွှတ်တော်က ထပ်မံပြင်ဆင်သင့်သည့် အချက်(၅) ချက်ကို ပြင်ဆင်အတည်ပြုပေးရန် တင်ပြလာတဲ့အတွက် ၂၉-၇-၂၀၁၄ ရက်နေ့မှာ လုပ်ထုံးလုပ်နည်းနှင့်အညီလွှတ်တော်၏ အဆုံးအဖြတ်ကို ရယူဆောင်ရွက်ခဲ့ပါတယ်။

(၂) မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း က ၁၄-၁၁-၂၀၁၃ ရက်နေ့တွင် အဆို တင်သွင်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ယနေ့ ၃၁-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပါတယ်။(၃) ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် များနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ က လွှတ်တော်သို့ ယနေ့ ၃၁-၇-၂၀၁၄ ရက် နေ့တွင် အဆိုတင်သွင်းပြီး လွှတ်တော်၏ အဆုံးအဖြတ် ရယူကာ အတည်ပြုနိုင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှ အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးရန်ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၇-၃-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည် ပြု၍ ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၄-၆-၂၀၁၄ ရက် နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၂၃-၆-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြန်လည် ပေးပို့လာ ပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၇-၇-၂၀၁၄ ရက်နေ့တွင် အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

(၃)ရွှေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့် လေယာဉ် ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာအကျိုးစီးပွားများ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၈-၆-၂၀၁၄ ရက်နေ့မှာပြင်ချက်များဖြင့် အတည်ပြု၍ပြန်လည်ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၈-၇-၂၀၁၄ ရက်နေ့တွင် အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

(၄) ကာလစည်းကမ်းသတ် အကြဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ၁၀-၇-၂၀၁၄ ရက်နေ့တွင်ပြင်ဆင်ချက်များဖြင့်အတည်ပြု၍ ပြန်လည် ပေးပို့လာပါတယ်။ ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း ၂၈-၇-၂၀၁၄ ရက်နေ့မှာ အတည်ပြုဆုံးဖြတ်ခဲ့ပါတယ်။

ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် (၁) ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်း လှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၄-၆-၂၀၁၄ ရက်နေ့တွင် ပြည်သူ့ လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု ဆုံးဖြတ်ခဲ့ပါတယ်။

(၂) လွှတ်တော်ကိုယ်စားလှယ် တာဝန်မှပြန်လည် ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၄-၆-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၄-၆-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၃)အမျိုးသားပညာရေးဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၁-၆-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၁၅-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များ ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၄) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁၁-၆-၂၀၁၄ ရက်နေ့ တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၁၇-၆-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များ ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၅) ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၀-၆-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၄-၆-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မပြုဘဲ အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၈ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ ပါတယ်။

(၆) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း ကော်မတီက ၂၆-၆-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၄-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၇) အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၇-၆-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၄-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၈) မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၁-၇-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ ပါတယ်။ ၇-၇-၂၀၁၄

ရက်နေ့တွင် အမျိုးသား လွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၉) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသား လွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၁-၇-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၉-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

(၁၀) လျှပ်စစ်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်းကော်မတီက ၂၂-၇-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာ တင်သွင်းခဲ့ပါတယ်။ ၂၉-၇-၂၀၁၄ ရက် နေ့တွင် အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးအမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၉ အရ ပြည်သူ့ လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အစီရင်ခံစာ တင်သွင်းခြင်းကဏ္ဍမှာ(၁) အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ဒုက္ခသည် များ ကူညီစောင့်ရှောက်ရေးကော်မတီ၏ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ခရီးစဉ်အတွင်း လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကူညီစောင့်ရှောက်မှုများနှင့် အထွေထွေ လှူဒါန်းမှုများအစီရင်ခံစာ(၄/၂၀၁၄)ကို ၃၀-၆-၂၀၁၄ ရက်နေ့မှာ လွှတ်တော်သို့ ဖတ်ကြား တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

(၂) ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့တွင် ကျင်းပပြုလုပ်သော 6th AIPA Caucus အစည်းအဝေးသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် အပြည်ပြည်ဆိုင်ရာ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ ခေါင်းဆောင် သော မြန်မာလွှတ်တော်ကိုယ်စားလှယ် အဖွဲ့၏ ခရီးစဉ်ဆောင်ရွက်ချက် အစီရင်ခံစာကို ၁၄-၇-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ဖတ်ကြား တင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော် က မှတ်တမ်းတင်ခဲ့ပါတယ်။

(၃) အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ အဋ္ဌမပုံမှန် အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၁-၇-၂၀၁၄ ရက်နေ့တွင် အဆို တင်သွင်း ခဲ့ပါတယ်။ ယနေ့ ၃၁-၇-၂၀၁၄ ရက်နေ့တွင် အစီရင်ခံစာကို အတည်ပြုခဲ့ပါတယ်။

(၄) လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယန်ကျင်း မြို့တွင် ကျင်းပပြုလုပ်သော (၁၁)ကြိမ်မြောက် AIPA မူးယစ်ဆေးဝါး အန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာ အချက်အလက်ရှာဖွေရေး ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သော အမျိုးသားလွှတ်တော် နိုင်ငံတကာ ဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဦးညွန့်တင် ခေါင်းဆောင်တဲ့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ် ဆောင်ရွက်ချက် အစီရင်ခံစာကို ၂၂-၇-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အမျိုးသား လွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

(၅) အမျိုးသားလွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ၏ အစီရင်ခံစာကို ယနေ့ ၃၁-၇-၂၀၁၄ ရက်နေ့တွင် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ရာ အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ပထမအကြိမ်အမျိုးသားလွှတ်တော်ဒသမ ပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်ရေးရာကော်မတီများနှင့် လွှတ်တော် အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့နှင့် ကော်မတီများဖျက်သိမ်းခြင်း၊ ပြန်လည်ဖွဲ့စည်းခြင်း တို့ကို ၂၂-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းကို ဆောင်ရွက်ခဲ့ ပါတယ်။

အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်၏သက်တမ်း တိုးမြှင့်ဖွဲ့စည်းခြင်းကို ၂၄-၇-၂၀၁၄ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကော်မတီများနှင့် ကော်မရှင်က ပြုလုပ်သည့် အစည်းအဝေးများမှာ -

- ဥပဒေကြမ်းကော်မတီ (၄၈)ကြိမ်၊
- ပြည်သူ့ငွေစာရင်းကော်မတီ (၁)ကြိမ်၊
- လွှတ်တော်အခွင့်အရေးကော်မတီ(၁၁)ကြိမ်၊
- အစိုးရ၏အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၁)ကြိမ်၊
- အလုပ်သမား ရပိုင်ခွင့် ကာကွယ်စောင့်ရှောက်ရေး ကော်မတီ (၃)ကြိမ်၊
- အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ (၁)ကြိမ်၊
- သတ္တုနှင့် သယံဇာတရေးရာကော်မတီ (၆)ကြိမ်၊
- ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (၄)ကြိမ်၊
- နိုင်ငံသားများ၏မူလအခွင့်အရေး ဒီမိုကရေစီအရေးနှင့်လူ့အခွင့်အရေးဆိုင်ရာကော်မတီ (၄)ကြိမ်၊
- ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီ (၂)ကြိမ်၊
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုကော်မတီ (၄)ကြိမ်၊
- ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ကော်မတီ (၂)ကြိမ်၊
- တိုင်းရင်းသားရေးရာကော်မတီ (၁)ကြိမ်၊
- နိုင်ငံတကာဆက်ဆံရေးကော်မတီ (၃)ကြိမ်၊
- ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ပဋိပက္ခဖြေလျှော့ရေး ကော်မတီ (၂)ကြိမ်၊
- ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ (၆)ကြိမ်၊
- အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (၁)ကြိမ်
- တောင်သူလယ်သမား အကျိုးစီးပွား မြှင့်တင်ရေးကော်မတီ (၂)ကြိမ်၊
- မဟာဗျူဟာလေ့လာရေးနှင့် သုတေသနကော်မတီ (၅)ကြိမ်၊
- နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် (၂)ကြိမ်

စုစုပေါင်း ကော်မတီအစည်းအဝေး (၁၀၇)ကြိမ်နဲ့ ကော်မရှင်အစည်းအဝေး (၂)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သတင်းအချက်နှင့် လုပ်ငန်းအကူအဖွဲ့မှ ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုတဲ့ သတင်းအချက်အလက် (၂၁)စောင်ကို ပြုစုပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ စွမ်းရည်မြှင့်မားစေရေးကို ရည်ရွယ်၍ ၅-၆-၂၀၁၄ မှ ၂၂-၇-၂၀၁၄ အတွင်း အပြန်အလှန် ဆွေးနွေးပွဲ Debate များကို (၅)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ဆွေးနွေးခဲ့တဲ့ ခေါင်းစဥ်တွေကတော့ မြန်မာနိုင်ငံ ဗျူရိုကရေစီစနစ်၊ မြန်မာ့ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ဆန်းစစ်ချက်၊ အပြောင်းအလဲပညာ၊ ပညာရေးနှင့် ပညာတတ်ပြဿနာ၊ အံ့မခန်း ဖွံ့ဖြိုးတိုးတက်လာသော တရုတ်ပြည်ဆိုင်ရာ လေ့လာချက်စာတမ်း၊ အမျိုးသားယဥ်ကျေးမှု အမွေအနှစ် နှင့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်းရေး၊ အဆိုပါစာတမ်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ ကြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး မတိုင်ခင်အထိ စုဆောင်းရရှိထားတဲ့ စာအုပ်စုစုပေါင်းဟာ (၈၉၇၉)အုပ်ဖြစ်ပြီး၊ ယခု ဒသမပုံမှန်အစည်းအဝေး စတင်သည့်ကာလအတွင်း ထပ်မံစုဆောင်းရရှိသည့် စာအုပ်များမှာ (၃၆၁)အုပ်ဖြစ်၍ စုစုပေါင်းစာအုပ် (၉၃၄၀)အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ စုဆောင်းရရှိထားပြီး ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မိမိတို့နေရပ်ကို အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိမိတို့သက်ဆိုင်ရာနယ်မြေရှိ ပြည်သူတို့၏ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း ကြေညာခြင်း

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီ ဖြစ်ပါတယ်။ အစည်းအဝေးနားမယ့်ကာလနှင့် ပြန်လည်ခေါ်ယူမယ့်ကာလကိုတော့ ပြည်သူ့လွှတ်တော်က ညှိနှိုင်းခြင်းမရှိသေးတဲ့အတွက် ကြိုတင် ကြေညာခြင်း မပြုနိုင်သေးပါဘူး။ ဒါကြောင့် အချိန်မီကြေညာသွားမည် ဖြစ်ကြောင်း ပြောကြားရင်း ယနေ့အစည်းအဝေး အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးပြန်လည် ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၆း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]